ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်ထုတ်ဝေသည်။

Established in 1957

☆ ပြည်ထောင်စု မပြိုကွဲရေး

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

(၂၆-၁၀-၂၀၁၃)

ဒုတ်ဖိုဗိ	၃ အသေ ၄၀	လက်မ
ပန်းမော်	၃ အသေ ၀၃	လက်မ
ရန်ကုန်(မြို့လယ်)	၂ အသေ ၉၉	လက်မ
ရန်ကုန်(ကမ္ဘာအေး)	၂ အသေ ၆၀	လက်မ
ပဲခူး	၂ အသေ ၃၂	လက်မ
တောင်တွင်းကြီး	၂ အသေ ၂၈	လက်မ
သာယာဝတီ	၂ အသေ ၂၈	လက်မ
ကျောက်ဆည်	၁ အသေ ၉၃	လက်မ

တရားစီရင်ရေးစနစ်ဖြစ်ထွန်းအောင်မြင်စေရေး ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာတရားစီရင်

နေပြည်တော် အောက်တိုဘာ ၂၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာများကို မှာကြားသည်။

ပြည်ထောင်စုတရားသူကြီးချုပ်က တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်သော တရားစီရင်ရေးစနစ်ဖြစ်ထွန်းအောင်မြင်စေရေးအတွက် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်မြန်မြန်ဆန်ဆန်တရားစီရင်ကြရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ ရက်က ပြဋ္ဌာန်းခဲ့ပြီး အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေရာ လာဘ်ပေးလာဘ်ယူမှုများကို လုံးဝရှောင်ကြဉ်ကြရန်နှင့် တရားဥပဒေစိုးမိုးရေး၊ တရားရေးမဏ္ဍိုင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆

နှိုင်းဟောင်(ပခုက္ကူ)

ဧရာဝတီအနောက်တစ်ခွင် ဖွံ့ဖြိုးတိုးတက်စေသည့် ဧရာဝတီတံတား (ပခုက္ကူ)

ပခုက္ကူ အောက်တိုဘာ ၂၆

အမိမြန်မာနိုင်ငံတော်ကြီးကို ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်ကြီးလေးစင်းတို့သည် မြောက်မှတောင်သို့စီးဆင်းလျက်ရှိသည်။ မြန်မာလူမျိုးတို့၏ အသက်သွေးကြောပမာ မြစ်ကြီးလေးစင်းအနက် ဧရာဝတီမြစ်ကြီးသည် အမိမြန်မာနိုင်ငံ ကချင်ပြည်နယ် မေခ၊ မလိခပေါင်းဆုံလျက် ကပ္ပလီပင်လယ်အော်အတွင်းသို့ စီးဝင်လေသည်။ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်မြို့သည် ဧရာဝတီမြစ် အနောက်ဘက်ကမ်း၌တည်ရှိ၍ ယခင်က သွားလမ်းလာလမ်းခက်ခဲခဲ့သည်။ ရန်ကုန်-မန္တလေးလမ်းမြို့များသို့သွားလိုလျှင် ဇက်နှင့်တစ်ဖုံ၊ သင်္ဘောနှင့်တစ်သွယ်၊ မော်တော်စက်လှေနှင့် တစ်မျိုးသွားလာခဲ့ကြရသည်။ အချိန်ကုန်ငွေကုန်လူပန်း ဖြစ်ခဲ့ကြသည်။ ပခုက္ကူခရိုင်မြို့သည် ဆိပ်ဖြူ-ရေစကြို-ပေါက်-မြိုင်-ပခုက္ကူနယ်တို့နှင့် ပေါင်းစပ်ထားသော်လည်း မြို့၏တည်နေရာသည် ချင်းပြည်နယ်တောင်ပိုင်း မတူပီ-မင်းတပ်-ဘုံတလာ-ယောနယ်-ထီးလင်း-ဆောနယ်တို့အပြင် ဂန့်ဂေါ-ကျောနှင့်ကဘော်ချိုင့်ဝှမ်း၊ ကလေး-တမူး-အိန္ဒိယနယ်စပ်နယ်မြေများအထိ ကျောထောက်နောက်ခံပြုထားသည်။ ကျောထောက်နောက်ခံကျယ်ဝန်းသည်နှင့်အညီ

စာမျက်နှာ ၃ ကော်လံ ၅ သို့ ○

ဆီးဂိမ်းအကြိုရေကူးပြိုင်ပွဲ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် ပဏာမလက်ရွေးစင် ရေကူးကစားသမားများ ပြိုင်ပွဲအတွေ့အကြုံကောင်းများရရှိစေရန် ရည်ရွယ်ကျင်းပသည့် ဆီးဂိမ်းအကြိုရေကူးပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပသည်။ (ယှဉ်)အမျိုးသမီး မီတာ(၈၀၀) အလွတ်ကူး ပြိုင်ပွဲတွင် ပထမ ခန့်ခန့်စု၊ ဒုတိယ စံပယ်သင်း၊ တတိယ မေပြည့်စုံထက်၊ အမျိုးသား မီတာ(၁၅၀၀)ပြိုင်ပွဲတွင် ပထမ အောင်မျိုးဦး၊ ဒုတိယ ထိန်လင်းစိုး၊ တတိယ အံ့ကောင်းထွဋ်တို့က ရရှိကြသည်။

ပထမနေ့ပွဲစဉ်များအဖြစ် မီတာ (၅၀၊ ၂၀၀၊ ၁၅၀၀) အမျိုးသား အလွတ်ကူးပြိုင်ပွဲ၊ မီတာ (၅၀၊ ၂၀၀) အမျိုးသား ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ အမျိုးသမီး မီတာ(၅၀၊ ၈၀၀) အလွတ်ကူးပြိုင်ပွဲ၊ မီတာ(၂၀၀) ရင်ပေါင်တန်းကူးပြိုင်ပွဲများ ထည့်သွင်းကျင်းပသည်။

ပြိုင်ပွဲကို ပဏာမလက်ရွေးစင်ကစားသမားများ အပါအဝင် မြင်ပမှ အားကစားသမား စုစုပေါင်း ၇၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။



ကြေးမုံစာတည်းရှုထောင့်   ၂၇-၁၀-၂၀၁၃၊ တနင်္ဂနွေနေ့

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်

ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၇၀၀၀ကျော်ရှိနေပြီဖြစ်သည်။ ထိုသန်းပေါင်း ၇၀၀၀ ကျော်တွင် ကုလသမဂ္ဂ၏ခန့်မှန်းချက်အရ မျက်မှောက်ကာလရှိ လူဦးရေသန်းပေါင်း ၂၀၀၀ခန့်မှာ လုံလောက်သည့် လျှပ်စစ်ဓာတ်အားမသုံးစွဲနိုင်ဟု ဆိုထားပါသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက မိမိတို့နိုင်ငံများတွင် လျှပ်စစ်နှင့်စွမ်းအင်ရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စွမ်းအင်ရရှိရန်အတွက် အဏုမြူစွမ်းအင်နှင့် ရေနံစွမ်းအင်ကို ထိထိရောက်ရောက်အသုံးချကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ ရေနံစွမ်းအင်နှင့် ရေစွမ်းအင်ကို ဦးစားပေးအသုံးပြုကြသည်။

စွမ်းအင်များကို ထုတ်ယူသုံးစွဲကြရာ၌ သဘာဝတွင်းထွက်စွမ်းအင်များ ထုတ်ယူမှုများကို ပိုမိုထုတ်ယူပြီးသုံးစွဲလာကြသဖြင့် တစ်နေ့သော အချိန်ကာလတွင် အဆိုပါသဘာဝတွင်းထွက်စွမ်းအင်များ ကုန်ခန်းသွားမည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြသည်။

စွမ်းအင်ရရှိရေးအတွက် လူသားများသည် ၂၀ ရာစုတစ်ခုလုံးတွင် ရေနံတန်ချိန် သိန်းထောင်ပေါင်း ၁၄၂ သန်းနှင့် ကျောက်မီးသွေးတန်ချိန်သိန်းထောင်ပေါင်း ၂၆၅ သန်းကုန်ခန်းစေခဲ့သည်ဟု ဆိုထားရာ နှစ်ပေါင်း ၁၀၀ ကာလအတွင်း တွင်းထွက်စွမ်းအင်တန်ချိန် သိန်းထောင်ပေါင်း ၄၀၀ ကျော် ထုတ်ယူသုံးစွဲခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ဤကမ္ဘာမြေအတွင်း တည်ရှိသည့် သဘာဝတွင်းထွက်စွမ်းအင်များမှာ အလိုအလျောက်တိုးပွားနေခြင်းမရှိဘဲ မူလရှိပြီးတွင်းထွက်များကို ကျွန်ုပ်တို့ ထုတ်ယူသုံးစွဲနေခြင်းဖြစ်သည်။ တစ်ချိန်သော ကာလတွင် အဆိုပါ တွင်းထွက်သယံဇာတများကို အဆက်မပြတ်ထုတ်ယူနေမှုများကြောင့် တစ်နေ့တွင် ကုန်ခန်းသွားမည်သာဖြစ်သည်။

မျက်မှောက်ကာလတွင် တစ်ကမ္ဘာလုံးထုတ်ယူနိုင်သေးသည့် ကမ္ဘာမြေအတွင်းရှိ ရေနံတည်ရှိနေမှု အနေအထားမှာ နှစ် ၄၀ စာနှင့် သဘာဝဓာတ်ငွေ့တည်ရှိနေမှုအနေအထားမှာ နှစ် ၆၀ စာ ကျန်ရှိသေးသည်ဟု ခန့်မှန်းထားကြသဖြင့် နောင်နှစ်ပေါင်း ၅၀ ကျော်ကာလတွင် ကမ္ဘာမြေမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များရရှိနိုင်မှု အာမခံချက်မရှိတော့ဟု ခန့်မှန်းထားကြသည်။

ထို့ကြောင့် လူ့ဘောင်လောက ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ပြဿနာကို ဝိုင်းဝန်းအဖြေရှာနေကြပြီဖြစ်သည်။ ဝိုင်းဝန်းအဖြေရှာ အကောင်အထည်ဖော်ကြမည်ဆိုလျှင် ကမ္ဘာကြီး၏ စွမ်းအင်ဖြစ်တည်နေမှုကို အမြန်ဆုံးထိန်းချုပ်ကြရတော့မည်ဖြစ်သည်။

ထိုသို့ထိန်းချုပ်နိုင်ရန်အတွက် မိမိတို့တတ်နိုင်သော စွမ်းအားဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ လျင်မြန်စွာဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးပမ်းပြောင်းလဲကြရမည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အလျင်အမြန်ရရှိနိုင်အောင်ဆောင်ရွက်ကြရမည်။ လက်ရှိကာလတွင်ပင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လျှပ်စစ်ထောက်ပံ့မှု အားနည်းနေသေးသဖြင့် ပြည်သူတို့၏ လူနေမှုဘဝများ မြင့်မားလာရန် လိုအပ်နေဆဲဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံတွင် ရေအားလျှပ်စစ်ကို အဓိကအားပြုနေသဖြင့် စိုးရိမ်ဖွယ်မရှိသော်လည်း ကျေးလက်ဒေသများတွင် စွမ်းအင်လိုအပ်ချက်များရှိနေသေးသဖြင့် ရေနံစွမ်းအင်ကိုလည်း အားထားနေရဆဲဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံ၏ ရေမြေသဘာဝအရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေစွမ်းအင်၊ နေစွမ်းအင်၊ လေစွမ်းအင်များ အလုံအလောက်ရှိပြီးဖြစ်သည်။

ယခုအခါ နိုင်ငံတကာ၏ ကူညီထောက်ပံ့ပေးမှုများဖြင့် လေစွမ်းအင်ရရှိရေးကို ကြိုးပမ်းအကောင်အထည်ဖော်နေပြီဖြစ်သည်။ ထို့အပြင် တစ်နိုင်တစ်ပိုင် နေစွမ်းအင်ထုတ်ယူသုံးစွဲနိုင်ရေးကိုလည်း လုပ်ကိုင်နေကြပြီဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့ကမ္ဘာကြီး၏ သဘာဝတွင်းထွက်စွမ်းအင်များ ကုန်ခန်းမသွားအောင် မြန်မာနိုင်ငံအနေဖြင့်လည်း ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိရာ စွမ်းအင်လည်းရ ကမ္ဘာကြီးလည်း လှပစေမည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်ထွန်းရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ကော့သောင်းမြို့နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကွင်းဆင်းဆောင်ရွက်

နေပြည်တော်   အောက်တိုဘာ   ၂၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဒေါက်တာဝင်းအောင်နှင့်အတူ အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ကော့သောင်းမြို့နယ် ပုလုံးတုံတုံးကျေးရွာ၌ အကျယ် ၁၄ ပေ၊ အရှည် ပေ ၂၆၉၀ ရှိပုလုံးတုံတုံးတံတားနှင့် ကျေးရွာကမ်းခြေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပုလုံးတုံတုံးကမ်းခြေသည် ပင်လယ်ရေကြောင်းအရ တစ်ဖက်နိုင်ငံနှင့် ဆက်စပ်နေသည့် ရေလမ်းကြောင်းတစ်ခုဖြစ်၍ လုံခြုံရေးနှင့် ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားကာ ပုလုံးတုံတုံးကျေးရွာလူထုနှင့်လည်း တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ရွှေပြည်စိုးကျေးရွာအုပ်စု (၇) မိုင်ကျေးရွာသို့ ရောက်ရှိပြီး မိမိဒေသအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကတိုးချဲ့ဆောင်ရွက်သွားရန် မှာကြားကာ ကျေးရွာ ၂၉ ရွာ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မလိဝမ်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာလူထုနှင့်တွေ့ဆုံသည်။ ညနေ ၄ နာရီတွင် ခမောက်ကြီးမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးအတွက် လိုအပ်လျက်ရှိသည့် စပါးရိတ်သိမ်းခြွေလှေ့စက်၊ လယ်ထွန်စက်များ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး မွေးမြူရေးအတွက် မွေးမြူရေးဘဏ် (Livestock Bank)တည်ထောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ ကျေးရွာဖွံ့ဖြိုးရေးနှင့် ဌာနဆိုင်ရာရုံးများအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

BRT စနစ် ဖော်ဆောင်ရာတွင် အားနည်းချက်များကို သုံးသပ်လုပ်ဆောင်သွားမည်

ရန်ကုန်   အောက်တိုဘာ   ၂၆

ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှုကို ဖြေရှင်းနိုင်ပြီး ခရီးသွားလာရေးတွင် မြန်ဆန်သည့်စနစ်ဖြစ်သည့် BRT (Bus Rapid Transit) စနစ်အား ဖော်ဆောင်ရန်အတွက် တဖြည်းဖြည်းချင်းအကောင်အထည်ဖော်သွားရန် လုပ်ဆောင်လျက်ရှိကြောင်း နည်းပညာအထောက်အကူပြုအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

“BRT စနစ်ကိုသွားမယ်ဆိုရင် လမ်း၊ ITS စနစ်တွေကောင်းမွန်တဲ့ ယာဉ်တွေ၊ Station တွေ လိုအပ်တယ်။ အဲဒီအချက်အလက်တွေ အားလုံးပြည့်စုံမှ BRT စနစ်ကိုဖော်ဆောင်လို့ရမှာပါ” ဟုဇင်းကဆက်လက်ပြောသည်။

BRT စနစ်ကူးပြောင်းရာတွင် ချက်ချင်းပြောင်းလဲရန်အတွက် အချိန်ယူနေရဆဲဖြစ်ပြီး ၎င်းစနစ်လုပ်ဆောင်ပြီးပါက နောင်တွင်ဖြစ်လာမည့်အားနည်းချက်များကို အဘက်ဘက်မှ ထည့်သွင်းစဉ်းစားသုံးသပ်နေရခြင်းဖြစ်ကြောင်း သိရသည်။

(ကေသိန်းဆွေ)

စာပေမြင့်မှ လူမျိုးတင့်မည်

Registration No.574/2005-2006
Licence No.62/2013

ဂျပန်နိုင်ငံရှိ CHIBA KEN, MIYAGI KEN, IBARAGI KEN မြို့များရှိ ရေထွက် ကုန်ထုတ်လုပ်ငန်း စက်ရုံကြီးများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ၂၀၁၄ ခုနှစ် ၃ လပိုင်း အတွက် အမျိုးသား (၂၂) ဦး အမျိုးသမီး(၂၂)ဦး အသက်(၂၀)နှစ်မှ (၃၀) နှစ်ကြား ကျန်းမာ သန်စွမ်းသူ အထွေထွေလုပ်သားများ အမြန်အလိုရှိသည်။

* ဂျပန်စကားပြောတတ်သူ ဦးစားပေးမည်။
* လုပ်ငန်းလိုအပ်ချက်အရ မျက်မှန်တပ်ဆင်သူ၊ ဘယ်သန်မဖြစ်ရ။
* အလုပ်ချိန် ။ ။ တစ်နေ့ ၈ နာရီ
* လစာ ။ ။ တစ်နာရီ ယန်း(၇၀၀)+အချိန်ပို

ဖောင်ပိတ်ရက်။ ။ ၂-၁၁-၂၀၁၃ ရက်

(အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကုမ္ပဏီရုံးခန်းသို့ လာရောက် စုံစမ်းနိုင်ပါသည်။)

ဆက်သွယ်ရန်။ ။ No.C/101, Delta Plaza, Shwegonedaing Road, Bahan Township, Yangon.
Tel:01-557570, 09-8604948,09-8303939

ဒေသခံပြည်သူများအား အကျိုးပြုသည့် ကားရထား

ရွာထောင်   အောက်တိုဘာ   ၂၆

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအနေဖြင့် ဒေသခံခရီးသွားများ၏ သွားလာမှုအဆင်ပြေစေရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြန်မာ့မီးရထားတိုင်း အမှတ်(၂) ရွာထောင်နယ်မှ ပြေးဆွဲပေးလျက်ရှိသော ကားရထားများကို(ဓာတ်ပုံ) ဒေသခံပြည်သူများ နှစ်သက်မှုရှိနေကြောင်း သိရသည်။

မုံရွာမြို့မှ ရေဦးမြို့နယ် တင်းတိမ်ရုံသို့ ပြေးဆွဲလျက်ရှိသော ကားရထားနှင့် တင်းတိမ်ရုံမှ ရွှေဘိုမြို့သို့ ပြေးဆွဲလျက်ရှိသော ကားရထားများကိုဒေသခံခရီးသည်များ နှစ်သက်ကြသည်။ ကားရထားများသည် မော်တော်ကားထက်စာလျှင် ခရီးစရိတ်သုံးဆခန့်သက်သာပြီး ပြေးဆွဲသောအချိန်မှာလည်း ခရီးသည်အများ အသုံးပြုသောအချိန်နှင့် ကိုက်ညီသောကြောင့် ဒေသခံပြည်သူများကို အကျိုးပြုနေကြောင်း သိရသည်။

(မောင်မင်း)

ရွှေဖုံးမှ

တည့်မတ်ခိုင်မာရေး၊ ပြည်သူများယုံကြည်ကိုးစားသော တရားစီရင်ရေးစနစ်ဖြစ်ထွန်းအောင်မြင်စေရေးတို့အတွက် နိုင်ငံတော်ကပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် မှာကြားခဲ့သည်။**(အပေါ်ပုံ)**

ယင်းတွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဖမ်းဆီးခံကြရသည့် မြန်မာအလုပ်သမား ၃၇ ဦးကို မြန်မာသံရုံးနှင့် အလုပ်သမားကူညီစောင့်ရှောက်ရေးအဖွဲ့ ကယ်တင်

ဗန်ကောက် အောက်တိုဘာ ၂၆

အောက်တိုဘာ ၂၄ ရက်က ထိုင်းနိုင်ငံတွင် လုပ်ငန်းရှင်သူဌေးနှင့် ပွဲစားတို့ ပူးပေါင်း၍ ဒေသခံရဲများဝင်ရောက် ဖမ်းဆီးခြင်းခံခဲ့ရသည့် ဗန်ကောက်မြို့တောင်ဘက် ကီလိုမီတာ ၃၀၀ ကျော် အကွာတွင်ရှိသော နာနတ်သီးစက်ရုံမှ မြန်မာအလုပ်သမား ၃၇ ဦးအား ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) နှင့် ပူးပေါင်းအဖွဲ့တို့က ကူညီဆောင်ရွက်မှုကြောင့် တစ်နေ့တာအတွင်း ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပတ်စ်ပို့နှင့် အလုပ်လုပ်ခွင့် လက်မှတ်အပြည့်အစုံရှိသော မြန်မာအလုပ်သမား ၃၇ ဦးတို့က လုပ်အားခလစာ အလွန်နည်းပါးသဖြင့် အလုပ်ထွက်လိုကြောင်း ပြောဆိုပြီး မိမိတို့၏ စာရွက်စာတမ်းများကို ပြန်လည်တောင်းခံခဲ့ရာမှ ပြဿနာစတင်ခဲ့ကြခြင်းဖြစ်သည်။ ထိုင်းနိုင်ငံရှိ နကပထုန်မြို့မှ မြန်မာပွဲစားမြင့်ထွန်းဆိုသူက အလုပ်သွင်းပေးခအဖြစ် အလုပ်သမားတစ်ဦးလျှင် ဘတ်ငွေ ၁၅၀၀ စီရယူ၍ အလုပ်သွင်းခဲ့ပြီးနောက် အလုပ်လုပ်ခွင့်ပါမစ် WP ပြောင်းရမည်ဆိုသည့်အကြောင်းပြချက်ဖြင့် အလုပ်ရုံမှအလုပ်သမားများ၏ ပတ်စ်ပို့နှင့် WP တို့ကို သိမ်းဆည်းထားခဲ့ခြင်းဖြစ်သည်။

အဆိုပါ နာနတ်သီးစက်ရုံမှ အလုပ်သမားအဖွဲ့ခေါင်းဆောင် ကိုဂျောက်ဂျက်က "ပတ်စ်ပို့တောင်းလို့မရလို့ ကျွန်တော်တို့ သုံးရက်အလုပ်မလုပ်ဘဲနေခဲ့ကြတယ်။ ပွဲစားနဲ့ အလုပ်ရှင်သူဌေးတို့က ထိုင်းရဲကိုခေါ်ပြီး ဖမ်းခိုင်းတာ။ ထိုင်းရဲတွေကတစ်ဆင့် တောချတော(နယ်ခြားစောင့်စစ်တပ်)ကိုအပ်လိုက်တာလေ။ MAT အဖွဲ့က ကူညီပေးလိုက်လို့ ကျွန်တော်တို့ လွတ်မြောက်လာတာ ဖြစ်တယ်။ ကျွန်တော်တို့ အလုပ် ၁၅ ရက် လုပ်ပေးပြီးရင် အလုပ်ရုံပြောင်းဖို့ သဘောတူထားကြပါတယ်။ ကျွန်တော်တို့ အလုပ်ရုံအသစ်ရှာကြရပါဦးမယ်" ဟု ပြောသည်။

မြန်မာအလုပ်သမားများအား အောက်တိုဘာ ၂၄ ရက် ထိုင်းနိုင်ငံစံတော်ချိန် နံနက် ၁၀ နာရီခန့်တွင် လာရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ည ၈ နာရီခန့်တွင် အလုပ်ရုံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။ MAT အဖွဲ့ရုံးတာဝန်ခံ ကိုစိုင်းအေးက "စာရွက်စာတမ်းအပြည့်အစုံရှိတဲ့ အလုပ်သမားတွေကို ဘာကြောင့်ဖမ်းရသလဲလို့ ကျွန်တော်တို့က ရဲကိုမေးတယ်၊ ရဲက တောချတော့(စစ်သား)တွေကို ဖုန်းပေးတယ်။ ကျွန်တော်က မြန်မာနိုင်ငံ သံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးအဖွဲ့ကဖြစ်တယ်။ ဒီအလုပ်သမားတွေကို နယ်စပ်ကို မပို့ပါနဲ့၊ သူဌေးကညစ်ပတ်ပြီး သိမ်းထားတာ။ ကျွန်တော်တို့ အဲဒီပတ်စ်ပို့တွေ ယူလာခဲ့မယ်။ အပြစ်မရှိတဲ့အလုပ်သမားတွေဖြစ်တယ်လို့ မေတ္တာရပ်ခံလိုက်ပါတယ်။ ဖြစ်စဉ်ကိုသဘောပေါက်အောင် ပြောလိုက်ပါတယ်" ဟု ပြောသည်။

ထိုင်းနိုင်ငံတွင်လက်ရှိကျင့်သုံးနေသည့် အလုပ်သမားဥပဒေအရ ရွှေ့ပြောင်း အလုပ်သမားများတွင် အလုပ်လုပ်ခွင့်လက်မှတ် WP လုပ်ဆောင်ထားသော်လည်း အခြားအလုပ်တစ်နေရာသို့ အလုပ်ပြောင်းရွှေ့လိုလျှင် ထပ်မံ၍ WP လုပ်နေရသည်မှာ အလုပ်သမားများအား အခက်အခဲဖြစ်စေခြင်းနှင့် အလုပ်ပွဲစားများအား စားကွက်ထွင်ပေးထားသည်နှင့်တူကြောင်းသိရသည်။

အထူးသဖြင့် မြန်မာအလုပ်သမားများ လုပ်အားခများအလေအလွင့်များနေခြင်းကို သက်ဆိုင်ရာအနေဖြင့် ထိုင်းအလုပ်သမားဝန်ကြီးဌာနသို့ ပြောဆိုသင့်ကြောင်း မြန်မာနိုင်ငံသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးအဖွဲ့ ဖြစ်သော MAT အဖွဲ့က သုံးသပ်ပြောကြားခဲ့သည်။

(စိုးဝင်း-MLA)

တောင်ဒဂုံစက်မှုဇုန်(၂) လမ်းမီးများလင်းပြီ

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၂)ရှိ (၆၃)ရပ်ကွက်နှင့် (၆၄)ရပ်ကွက်ကိုပေါင်း၍ ၁၉၉၆ ခုနှစ်မှစတင်ကာ နိုင်ငံတော်က အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ထူထောင်ပေးခဲ့သည်။ စက်မှုဇုန်တွင် လုပ်ငန်းပေါင်း ၁၂၀၀ ထူထောင်ကာ နိုင်ငံတော်အတွက် အကျိုးပြုလျက်ရှိသည်။ စတင်တည်ထောင်စက စက်ရုံမီးများ၊ လမ်းမီးများ ပြည့်စုံစွာတည်ဆောက်ခဲ့သော်လည်း ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ကြောင့် လမ်းမီးထရန်စဖော်မာအချို့၊ မီးစလောင်းများနှင့် မီးကြိုးများ ပျက်စီးခဲ့ရသည်။

ယခုအခါ စက်မှုဇုန်ကော်မတီအသစ်၏ လျှပ်စစ်မီးဆပ်ကော်မတီနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဇုန်ရန်ပုံငွေအသုံးပြု၍လမ်းမီးများပြန်လင်းရန် ကြိုးပမ်းခဲ့သည်။ အောက်တိုဘာ ၁၉ ရက် (သီတင်းကျွတ်လပြည့်နေ့)မှစ၍ စက်မှုဇုန်(၂) (၆၄)ရပ်ကွက်ရှိ လမ်းမီးတိုင် ၁၃၀ တွင် မီးရောင်များလင်းထိန်လျက် အမှောင်ရိပ်အသွယ်သွယ်မှ ကင်းဝေးပြီဖြစ်၍ ဇုန်တွင်းမှ စက်မှုလုပ်ငန်းရှင်များနှင့် လုပ်သားများ ဝမ်းမြောက်ကြည်နူးလျက်ရှိကြကြောင်း သိရသည်။ ကျန်ရှိနေသေးသော စက်မှုဇုန်(၂) (၆၃)ရပ်ကွက်တွင်လည်း ဆက်လက်ဆောင်ရွက်နိုင်ရေး လျှပ်စစ်မီးဆပ်ကော်မတီက ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

ရောဝတီမှ

သယံဇာတသစ်တောထွက်ကုန်များသည်လည်း နိုင်ငံတော် စီးပွားရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ကုန်စည်ကူးသန်းမှု၊ သွားလာဆက်သွယ်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ နိုင်ငံတော်မှမြန်မာပြည်၏ အရှည်ဆုံးတံတား ရောဝတီတံတား (ပခုက္ကူ)အား ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ပခုက္ကူမြို့မြင်သာဘုံမနှင့် လက်ပန်ခြေပေါ်အနီး တည်ဆောက်ခဲ့သည်။

ပခုက္ကူတံတားကြီးတည်ဆောက်မှုကို ပခုက္ကူဒေသခံပြည်သူများသာမက ချင်းပြည်နယ်၊ ယောနယ်၊ ကဘော်နယ်၊ ပုလဲနယ်၊ ပခန်းနယ်သူနယ်သားများကလည်း ဝမ်းပန်းတသာကြိုဆိုခဲ့ကြသည်။ ဝမ်းမြောက်ခဲ့ကြသည်။ ရောဝတီတံတား(ပခုက္ကူ)သည် ပင်မတံတားအရှည် ၁၀၄၃၀ ပေ (၂ ဒသမ ၁၆ မိုင်)၊ ကားလမ်းတံတား ၁၃၅၃၇ ပေ (၂ ဒသမ ၅၆ မိုင်)၊ မီးရထားလမ်းတံတား ၂၀၅၉၇ ပေ (၃ ဒသမ ၉၀ မိုင်)၊ ချဉ်းကပ်တံတား ပခုက္ကူဘက်ကားလမ်း ၁၃၇၈ပေ၊ လက်ပန်ခြေပေါ်ဘက်ကမ်း ၇၂၈ ပေ၊ ချဉ်းကပ်တံတားမီးရထားလမ်း ပေ ၅၄၂၀၊ ပခုက္ကူဘက်ကမ်း ၃၇၄၆ပေ၊ လက်ပန်ခြေပေါ်ဘက်ကမ်း နှစ်လမ်းသွား ကားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေသုံးလက်မ၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ်အမြင့် ၅၂ ပေဖြစ်ပြီး သံကူကွန်ကရစ်ဘိုးပိုင်နှင့် သံကူကွန်ကရစ်တိုင်ကိုယ်ထည်များတည်ဆောက်၍ သံမဏိသံပေါင်များနှင့် ဆောက်လုပ်ထားပြီး ၇၅ တန် အလေးချိန်ရှိကားများ ဖြတ်သန်းနိုင်အောင် ဆောင်ရွက်ထားသည်။ ညောင်ဦးဘက်မှ ပခုက္ကူဘက်ကမ်းသို့ မီတာ ၁၀၀ တစ်ခန်း၊ မီတာ ၁၂၀ ၁၉ ခန်း၊ မီတာ ၁၀၀ ငါးခန်း၊ မီတာ ၁၂၀ လေးခန်း၊ မီတာ ၁၀၀ တစ်ခန်း စုစုပေါင်း အခန်း ၃၀ တို့ဖြင့် ထည်ဝါဝင့်ကြွားစွာ ဆောက်လုပ်ထားသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

တံတားအောင်ပွဲဖွင့်ပွဲကိုလည်း မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြည်သူသိန်းဂဏန်းအထိတက်ရောက်၍ ဆင်နွှဲပျော်ရွှင်ခဲ့ကြသည်။ ရောဝတီတံတားကြီးခံ့ညားထည်ဝါ ပြီးစီးအောင်မြင်မှုနှင့်အတူ ပခုက္ကူဒေသ ရောအနောက်ဒေသတစ်ခွင် ဖွံ့ဖြိုးတိုးတက်မှု၊ ကုန်စည်စီးဆင်းမှုတို့သည် နတ်ရေကန်ထဲပစ်ချလိုက်သည့်အလား အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးစည်ပင်မြင့်မားလာခဲ့သည်။ လူနေမှုဘဝများ၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပိုင်ဆိုင်လာကြသည်။ ယခင်က ရောဝတီမြစ်ဖြတ်ကူးရေးအတွက် တစ်ညတာအိပ်စောင့်ရလျက် ငွေတစ်သိန်းဝန်းကျင်ကုန်ကျရကာ အချိန်နှင့်တစ်ပြေးညီ သွားလာမှုမရသည့် အခက်အခဲများ ရောဝတီ(ပခုက္ကူ)တံတားကြောင့် ပပျောက်၍ သွားလမ်းသာ၍ လာလမ်းဖြောင့်ခဲ့ပြီဖြစ်သည်။

ရန်ကုန်-မန္တလေးနှင့် မြန်မာပြည်အနှံ့သွားလာရေးသည်လည်း အိပ်မပျော်သန်းခေါင်ထသွားဆိုသလို သွားလာဆက်သွယ်မှုလွယ်ကူနေပြီဖြစ်သည်။ နိုင်ငံတော်၏ စေတနာကြောင့် ယနေ့ ၂၀၁၃ ခုနှစ်အတွင်း ပခုက္ကူမြို့ကြီးသည် ဘဏ် ၁၃ ခု၊ အထည်စက်ရုံ၊ ချည်မျှင်စက်ရုံ၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ရိပ်သာများနှင့် အိန္ဒိယနိုင်ငံ နယ်စပ်အထိ ကူးလူးဆက်ဆံမည့် မြို့ရှောင်လမ်းမကြီးအပါအဝင် ခေတ်မီလမ်းတံတားများကြောင့် ဖွံ့ဖြိုးမှုအားကောင်းလာလျက် ရောဝတီတံတားကြီး၏ အသီးအပွင့်ကို ခူးဆွတ်စားသုံးနေကြရပြီဖြစ်သည်။

မကြာမီကာလ ပုသိမ်-မုံရွာမီးရထားလမ်း အာဆီယံလမ်းမကြီးများ ဖောက်လုပ်ပြီးစီးပါက ပခုက္ကူ-ရောအနောက်ဒေသသည် နေချင်စဖွယ်၊ ရှုချင်စဖွယ်အတိပြီးလျက် သာယာလှပစိုပြည်သောနယ်မြေကြီးဖြစ်ကာ ပခုက္ကူမြို့သည်လည်း ရောအနောက်မြို့တော်ဟု မြန်မာသာမက ကမ္ဘာ့အလယ်အထိ ထင်ရှားကျော်ကြားမှုနှင့် ပျိုတိုင်းကြိုက်သည့်နှင်းဆီခိုင်ပမာဖြစ်လာတော့မည်ဟု ဂုဏ်ယူရေးသားလိုက်ရပါသည်။ ။

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် မြင်းမူအချုပ်ခန်း စစ်ဆေး

မြင်းမူ အောက်တိုဘာ ၂၆။ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစန်းကိုသည် အောက်တိုဘာ ၂၅ ရက် ညနေပိုင်းတွင် မြင်းမူမြို့နယ် ရဲစခန်း အချုပ်ခန်း၌ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေနှင့်ညီ မညီ၊ ရသင့်ရထိုက်သောအခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ထို့အပြင် တရားခံများနေရာထိုင်ခင်းသက်သာချောင်ချိမှု၊ အစာစားရာတွင် အာဟာရပြည့်စုံမှု၊ မကျန်းမာပါက ဆေးကုသခွင့်၊ အမျိုးသမီးတရားခံများအား အကာအရံဖြင့် လုံခြုံစွာထားရှိမှု၊ အမျိုးသမီးအဖော်အစောင့်အရှောက်ဖြင့် ထားရှိခြင်း၊ တရားခံများအား နှိပ်စက်ညှဉ်းပန်းခြင်းရှိ မရှိ စသည်တို့နှင့်စပ်လျဉ်း၍ တရားခံများအား မေးမြန်း၍ အချုပ်ခန်းအားလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **(၆၂၄)**

တာမွေမြို့နယ်အတွင်း ရေကြီးရေလျှံ

ရန်ကုန် အောက်တိုဘာ ၂၆

အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီခန့်က ရုတ်တရက်မိုးသည်းထန်စွာရွာသွန်းသဖြင့် တာမွေမြို့နယ် ယုဇနပလာဇာရှေ့**(ဝဲပုံ)** ဗညားဒလလမ်းတစ်လျှောက် အောင်မင်္ဂလာမှတ်တိုင်၊ သီတာမှတ်တိုင်နှင့် တာမွေဗလီထိပ် မီးပွိုင့်လမ်းဆုံတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

"ကျွန်တော့်အိမ်ခန်းက ကျိုက္ကဆံလမ်း ဗလီထိပ်အနီးမှာ ရှိပါတယ်။ မနက်က ရုတ်တရက်မိုးတွေရွာတော့ ရေပါတဲ့အတွက် လမ်းပလက်ဖောင်းတွေရေမြုပ်ကုန်ပြီး ကျွန်တော့်အိမ်ထဲကို ရေတွေဝင်ကုန်တယ်၊ လက်တစ်ထွာသာသာလောက် အိမ်ထဲကို ရေတွေရောက်ကုန်တော့ ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားတယ်။ နောက်မှပျက်စီးလွယ်မယ့်ပစ္စည်းတွေကို စားပွဲခုံပေါ်တင်ထားရတယ်။ ရေကြီးတော့ ကားလမ်းတွေပိတ်ပြီး ခရီးသွားပြည်သူတွေ အခက်အခဲနဲ့ ကြုံတွေ့ခဲ့ရပါတယ်"ဟု ရပ်ကွက်သားတစ်ဦးက ဆိုသည်။

ရေကြီးရေလျှံသည့်နေရာများအား မြို့နယ်စည်ပင်မှ တာဝန်ရှိသူများကလည်း အရေးပေါ်ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(၅၉၇)

အောက်တိုဘာ ၂၅ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ လမ်းများတွင် ရေပြည့်ရေလျှံမှုဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။

(၆၈၆)

လေထုလွှာအရည်အသွေး စစ်ဆေးရေးအဖွဲ့များအား တရုတ်ပြည်နယ်များနှင့် မြို့ကြီးများသို့ စေလွှတ်မည်

ပေကျင်း အောက်တိုဘာ ၂၆

တရုတ်နိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မီးခိုးမြူဘေးအန္တရာယ်ကို အပြင်းထန်ဆုံးတွေ့ကြုံခံစားနေကြရသော ပြည်နယ်များနှင့် မြို့ကြီးများသို့ လေထုလွှာအရည်အသွေးစစ်ဆေးရေးအဖွဲ့များကို စေလွှတ်သွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံရှိ မြို့ကြီးများ၌ လေထုလွှာအရည်အသွေးကျဆင်းကာ လေထုညစ်ညမ်းမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အစိုးရအထက်တန်းတာဝန်ရှိသူများက အလေးပေး ဆောင်ရွက်လျက်ရှိကြသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လေထု၊ ရေထုနှင့် မြေဆီလွှာစသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများ ထိခိုက်ခံရမှုကို မြို့ပြများ၌ နေထိုင်ကြသည့် ကြွယ်ဝချမ်းသာလာသော ပြည်သူများက လိုလားနှစ်သက်မှုမရှိပုံကိုလည်း ပြသလာကြသည်။

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဆီးနှင်းခဲများဖုံးလွှမ်းလေ့ရှိသော ဟာဘင်မြို့၌ ယခုရက်သတ္တပတ်အတွင်း မီးခိုးမြူပြဿနာ ပြန်လည်ပေါ်ပေါက်လာခဲ့သဖြင့် လေထုလွှာအရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် အစိုးရက ကြိုးပမ်းလျက်ရှိသည်။

မြို့တော်ပေကျင်းနှင့် အနီးဝန်းကျင်ရှိ အရပ်ဒေသများသို့ လေထုလွှာအရည်အသွေးစစ်ဆေးရေးအဖွဲ့များကို ယခုအချိန်မှ မတ်လအထိ စေလွှတ်သွားမည်ဖြစ်ကြောင်း၊ ပုလဲမြစ်နှင့် ယန်စီမြစ်တို့၏ မြစ်ဝကျွန်းပေါ်ဒေသများရှိ မြို့များ၊ ချန်ဒူး၊ ချုံချင့်နှင့် အူယောင်ကီမြို့တို့ အပါအဝင် မီးခိုးမြူပြဿနာဖြစ်ပေါ်နေသော မြို့များသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ စစ်ဆေးရေးမှူးများကို စေလွှတ်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။



မြို့တော်ပေကျင်း၌ လေထုလွှာအရည်အသွေး တိုင်းတာစစ်ဆေးမှု ပြုလုပ်နေသည်ကို တွေ့ရစဉ်။

ဘရာဇီးဆန္ဒပြသူများ ဘတ်စ်ကားဂိတ်ကို တိုက်ခိုက်

ဆွာပေါ်လို အောက်တိုဘာ ၂၆

ဘရာဇီးနိုင်ငံ ဆွာပေါ်လိုမြို့ရှိ ဘတ်စ်ကားဂိတ်တစ်ခုကို ရာပေါင်းများစွာသော ဆန္ဒပြသူများက တိုက်ခိုက်၍ ဘတ်စ်ကားတစ်စီးကို မီးရှို့ကာ အလိုအလျောက်ကားလက်မှတ်ရောင်းစက်များကို ဖျက်ဆီးခဲ့ကြောင်း အောက်တိုဘာ ၂၆ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဓိကရုဏ်းနှိမ်နင်းရေးတပ်ဖွဲ့က မျက်ရည်ယိုဗုံးများဖြင့်ပစ်ခတ်၍ လူစုဖြိုခွဲခဲ့ပြီး အနည်းဆုံး ခြောက်ဦးကို ထိန်းသိမ်းခဲ့သည်။

ဆန္ဒပြသူများက အခမဲ့ပြည်သူ့သယ်ယူပို့ဆောင်ရေးစနစ်ကို တောင်းဆိုလျက်ရှိသည်။ သယ်ယူပို့ဆောင်ရေးစရိတ်ကြီးမြင့်လာသည့်အတွက် ဇွန်လအတွင်းတွင် ဆွာပေါ်လိုမြို့၌ ကန့်ကွက်ဆန္ဒပြမှုများ ပေါ်ပေါက်လာပြီးနောက် ဘရာဇီးတစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့သည်။

သမ္မတ ဒီလ်မားရူဆက်က မြို့တော်တွင် ပြည်သူ့သယ်ယူပို့ဆောင်ရေးတိုးတက်ရန် အကောင်အထည်ဖော်မည့် အစီအစဉ်တစ်ခုကို ကြေညာပြီးသည့်နောက် ဤဆန္ဒပြမှုဖြစ်ပွားလာခြင်းဖြစ်သည်။

သောကြာနေ့တွင် မြို့တော်အတွင်း လူစုလူဝေးဖြင့် ချီတက်ဆန္ဒပြသည်မှာ သုံးနာရီခန့်မျှကြာမြင့်ခဲ့သည်။

မြို့လယ်အတွင်းရှိ ဘတ်စ်ကားဂိတ်တစ်ခုကို လူတစ်စုက ဝင်ရောက်တိုက်ခိုက်ရာမှ ရှုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

မျက်နှာဖုံးစွပ်ဆန္ဒပြသူများက ဘတ်စ်ကားတစ်စီးကို မီးရှို့၍ အလိုအလျောက် လက်မှတ်ရောင်းစက်များကို ဖျက်ဆီးခဲ့ကြသည်ဟုဆိုသည်။ **ဘီဘီစီ။**

ဘရာဇီးနိုင်ငံ ဆွာပေါ်လိုမြို့တွင် ဖြစ်ပွားခဲ့သည့် ဘတ်စ်ကားဂိတ် အကြမ်းဖက်မှုမြင်ကွင်း။

ကမ္ဘောဒီးယားနှင့် ယူကရိန်း စစ်ရေယာဉ် ပူးတွဲတည်ဆောက်ဖွယ်ရှိ

ဘူဆန် အောက်တိုဘာ ၂၆

စစ်ရေယာဉ်များ ပူးတွဲတည်ဆောက်ရေးနယ်ပယ်တွင် ယူကရိန်းနိုင်ငံအနေဖြင့် ကမ္ဘောဒီးယား၊ ထိုင်းနှင့် တောင်ကိုရီးယားနိုင်ငံတို့နှင့် ပူးပေါင်းလုပ်ဆောင်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ယူကရိန်းသတင်းဌာန အင်တာဖက်စ်တွင် ဖော်ပြသည်။

ယူကရိန်းနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံနှင့် စစ်ရေယာဉ်များ တည်ဆောက်ရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်သွားရန် အလားအလာများရှိကြောင်း တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ကျင်းပသည့် ပင်လယ်ရေကြောင်းဆိုင်ရာ ကာကွယ်ရေးပစ္စည်းများပြပွဲတွင် နှစ်နိုင်ငံတာဝန်ရှိသူများက ပြောကြားသည်။ ယူကရိန်းနှင့်ကမ္ဘောဒီးယားရေတပ်တာဝန်ရှိသူများသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ပြပွဲကာလအတွင်း ဆွေးနွေးခဲ့ကြသည်။

ယူကရိန်းနိုင်ငံ၏ သင်္ဘောတည်ဆောက်ရေး စက်မှုလုပ်ငန်းကဏ္ဍရှိ စက်ရုံများတွင် ကမ္ဘောဒီးယားနိုင်ငံ၏ ရေတပ်နှင့်စစ်ဘက်အတွက် ကာကွယ်ရေးထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ပုံကို ယူကရိန်းတာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြသည်။ **ပီတီအိုင်။**

တရုတ်ကျောင်းသား ၂၀၀ ကျော် အစာအဆိပ်သင့်ခံရ

ဟော့ဟော့ အောက်တိုဘာ ၂၆

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ရှိသော စာသင်ကျောင်းတစ်ကျောင်းမှ ကျောင်းသား ၂၅၃ ဦးနှင့် ဆရာနှစ်ဦး အစာအဆိပ်သင့်ဝေဒနာခံစားကြရကြောင်း ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားသည်။

အစာအဆိပ်သင့် ခံရသူများအား ဒေသဆိုင်ရာဆေးရုံများတွင် ကုသပေးလျက်ရှိကြောင်း ပေါင်တူမြို့မှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ပေါင်တူမြို့ရှိ ဖွေးအလယ်တန်းကျောင်းမှ ကျောင်းသားများနှင့် ဆရာများသည် နေ့လယ်စာစားသုံးပြီးချိန် ညနေ ၃နာရီခွဲခန့်တွင် ဗိုက်အောင့်၊ ဗိုက်နာနှင့် အော့အန်ခြင်းများဖြစ်ပွားကြောင်း၊ ကျောင်းသား ၃၀၀၀ ခန့် နေ့လယ်စာစားသုံးခဲ့ကြကြောင်း၊ အစာတစ်မျိုးမှ အဆိပ်သင့်သည်ဟု ယူဆရကြောင်း၊ အစားအစာ ခြောက်မျိုးခန့် ချက်ပြုတ်ထားကြောင်း သိရသည်။

အစာအဆိပ်သင့်မှုနှင့် ပတ်သက်၍ မီးဖိုဆောင်တာဝန်ရှိသူများကို ရဲက ထိန်းသိမ်းထားသည်။ ယင်းပေါင်တူမြို့သည် ဒေါင်ဟီခရိုင်တွင်ရှိကြောင်း၊ အငယ်တန်းနှင့် အလယ်တန်းကျောင်းသား ၄၀၀၀ ကျော်တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းဖြစ်ကြောင်း၊ ကျောင်းသားများမှာ ဟန်မျိုးနွယ်စုများဖြစ်ကြကြောင်း ပြောကြားသည်။

ဆင်ဟွာ။

Huawei ကုမ္ပဏီ ဗြိတိန်တွင် ရင်းနှီးမြှုပ်နှံမည်

ရှင်ကျန့် အောက်တိုဘာ ၂၆

ကမ္ဘာ့ ဆက်သွယ်ရေးနည်းပညာကဏ္ဍတွင် ရှေ့တန်းရောက်လာသော ကမ္ဘာကျော် Huawei ကုမ္ပဏီတည်ထောင်သူ အမှုဆောင်အရာရှိချုပ် ယန်ကျန်ဖေက မိမိတို့ကုမ္ပဏီအနေဖြင့် ဗြိတိန်နိုင်ငံတွင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရင်းနှီးမြှုပ်နှံပြီး သုတေသနဌာနတစ်ခုဖွင့်လှစ်ရန် စီစဉ်ထားကြောင်း တရုတ်နိုင်ငံသို့လာရောက်လေ့လာသည့် ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ဂျော့ဂျ်အော့စ်ဘုန်းနှင့် တွေ့ဆုံစဉ် အောက်တိုဘာ ၁၆ ရက်တွင် အတည်ပြု ပြောကြားသည်။

ယခုလောလောဆယ် Huawei ကုမ္ပဏီသည် ဗြိတိန်နိုင်ငံ အစ်ဆွစ်မြို့တွင် သုတေသနနှင့် နည်းပညာကျွမ်းကျင်သူပညာရှင် ၈၀ ကျော်ရှိပြီး ၂၀၁၇ ခုနှစ်တွင် ပညာရှင်ဦးရေ ၃၀၀ ကျော် တိုးချဲ့ခန့်အပ်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ရရှိလာသောအောင်မြင်မှုများသည် ကမ္ဘာ့တစ်ဝန်း ဈေးကွက် ၁၄၀တွင်ရှိသည့် Huawei သုံးစွဲသူများကို အကျိုးကျေးဇူးရရှိစေမည်ဖြစ်ကြောင်းနှင့် သုတေသနဌာနသစ်၏ တည်နေရာကို မကြာမီ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ယန်ကျန်ဖေက ဆက်လက်ပြောကြားသည်။

Huawei ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ယန်ကျန်ဖေ(ဝဲ)နှင့် ဗြိတိန် ဘဏ္ဍာရေးဝန်ကြီး ဂျော့ဂျ်အော့စ်ဘုန်းတို့တို တွေ့ရစဉ်။

ဗြိတိန်အဆင့်မြင့်နည်းပညာကုမ္ပဏီ ၂၀ ပါဝင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်လာသော ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ဂျော့ဂျ်အော့စ်ဘုန်းသည် တရုတ်နိုင်ငံသို့ သုံးရက်ကြာလေ့လာရေးခရီး လာရောက်ခဲ့သည်။ အဆိုပါ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများကို ဆွေးနွေးရန်အတွက် Huawei ကုမ္ပဏီ၏ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန၊ ဝယ်ယူရေးဌာနတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ Huawei ကုမ္ပဏီသည် ဗြိတိသျှဆက်သွယ်ရေးကုမ္ပဏီ အပါအဝင် ကိုယ်စားလှယ်အဖွဲ့တွင်ပါဝင်သည့် အဆင့်မြင့်နည်းပညာကုမ္ပဏီများနှင့်လည်း ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုများ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင် ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ လက်ဆေးခြင်းဖြင့် ရရှိနိုင်သော အကျိုးရလဒ်များ ရှင်းလင်းသရုပ်ပြမှု၊ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းစဉ်(၅)ရပ် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းနှင့် ဇမ္ဗူသီရိမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ (အလက-၃)တို့၌ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းစဉ်(၅) ရပ် ဆောင်ရွက်နေမှု၊ လက်တွေ့လက်ဆေးခြင်း သရုပ်ပြသမှုများကို ကြည့်ရှုအားပေးသည်။

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ ပညာရည်မြင့်မားရေးလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၁၃ခုနှစ် အောက်တိုဘာ ၂၆ရက် (စနေနေ့)ကို ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့အဖြစ် သတ်မှတ်ပေးထားပြီးဖြစ်၍ ယင်းနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကင်းထောက် လူငယ်မောင်မယ်များက ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွင်းဖွင့်ဖလား တင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၃ ခုနှစ် ကွင်းဖွင့်ဖလား တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာပြိုင်ပွဲတွင် တင်းနစ်အားကစားသမားများက သတ်မှတ်နေရာတွင် နေရာယူကြပြီး အားကစားသစ္စာ အဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။ ယင်းနောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင် တင်းနစ်အားကစားသမားများအား လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဦးအောင်သိန်းလင်းနှင့်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းတို့က ဖဲကြိုးဖြတ်၍ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ အေရိုးဗစ်အားကစားမယ်များက ဖျော်ဖြေတင်ဆက်ကြသည်။

အောက်တိုဘာ ၂၆ ရက်တွင် ပွဲစဉ်ပေါင်း ၁၇ ပွဲ ကျင်းပပြီးစီးသည်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ပြိုင်ပွဲဝင် တင်းနစ်အားကစားသမားများအား စားသောက်နေထိုင်ရေးတို့ကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တာဝန်ယူ ဆောင်ရွက်ပေးသည်၊ ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီတွင် ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

သင်တန်းသူဆရာမများအဆောင်သို့ အရက်ကြောင်သူ နှမ်းကြိမ်တိုင်တိုင် ကျူးကျော်ဝင်ရောက်

ကသာ အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၌ ကသာခရိုင်ပညာရေးဌာနမှ အလယ်တန်းအဆင့် ဘဝမြှင့်တင်ရေး ကျွမ်းကျင်စရာ သင်တန်းကို အောက်တိုဘာ ၁၉ ရက်မှ ၂၇ ရက် အထိဖွင့်လှစ်ခဲ့ရာ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ထီးချိုင့်၊ ဝန်းသို၊ ကောလင်း၊ ပင်လည်ဘူးမြို့နယ်များမှ အလယ်တန်းပြဆရာ ဆရာမ ၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

တည်းခိုဆောင်များအဖြစ် အထက(၁)၊ အမက(၁)နှင့် အထက(ခွဲ) အလက(၂)တို့၌ ဖွင့်လှစ်ထားရှိပေးခဲ့ရာ အထက(ခွဲ) အလက(၂) တည်းခိုဆောင်တွင် ပင်လည်ဘူးမှ အလယ်တန်းပြဆရာမများ တည်းခိုနေထိုင်ကြသည်။

ထိုအထက(ခွဲ)အလက(၂)တည်းခိုဆောင်သို့ အောက်တိုဘာ ၂၃ ရက် ည ၁၁ နာရီခန့်တွင် လူတစ်ယောက် ကျူးကျော်ဝင်ရောက်ခဲ့သဖြင့် ဝိုင်းဝန်းဖမ်းဆီးကြသော်လည်း မမိခဲ့ပေ၊ အောက်တိုဘာ ၂၆ ရက်နံနက် ၄ နာရီတွင် ဒုတိယအကြိမ် ထပ်မံကျူးကျော်ဝင်ရောက်ခဲ့ပြန်သဖြင့် ဝိုင်းဝန်းဖမ်းဆီးကြရာ ဝင်ရောက်သူမှာ ကသာမြို့ အမှတ်(၆) ရပ်ကွက်မှ အရက်ကြောင်နေသူ ကို---- ဖြစ်ပြီး ကသာရဲစခန်း၌ထိန်းသိမ်းထားကာ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုကိုခန့်ဈော(ကသာမြေ)

ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား အနူးအညွတ်ဝန်ချတောင်းပန်ခြင်း

၂၀၁၃ ခုနှစ် အောက်တိုဘာလ ၅ ရက်တွင် မြေယာစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများအား မသိနားမလည်ဘဲ မြန်မာဂျာနယ်လစ်ကွန်ရက်ရုံးခန်း၌ကျင်းပပြုလုပ်ခဲ့သောသတင်းစာရှင်းလင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းအောင် ပြောဆိုပြုမူမိပါ၍ အနူးအညွတ်ဝန်ချတောင်းပန်အပ်ပါကြောင်းနှင့် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲအားလည်း ပယ်ဖျက်ရုပ်သိမ်းပါကြောင်း ဦးစိုးနိုင်ဦး၊ LSO-207298 နှင့်ဦးအိုက်ကျော် (ဦးအိုက်ကျိုင်း၏ကိုယ်စားလှယ်)၊ [၁၃/လရန(နိုင်)၀၈၄၀၇၈]တို့မှ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အင်းလေးဒေသဟိုတယ်ဇုန်ဖော်ထုတ်ရေးဦးစီးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့် BOT စနစ်ဖြင့် ရင်းနှီးမြှုပ်နှံလိုသူများခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသဟိုတယ်ဇုန်တွင် အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းအားလုံးကိုဖြစ်စေ၊ လုပ်ငန်းတစ်ခုချင်းစီဖြစ်စေ ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁)ပေ(၆၀)နှင့် ပေ(၄၀)ကျောက်လမ်းခင်းခြင်းလုပ်ငန်း	၅ မိုင်
(၂)တာရှည်လမ်းခင်းခြင်းလုပ်ငန်း	၁၁.၃၁၃ မိုင်
(၃)ဈေးပြွန်တံတားတည်ဆောက်ခြင်းလုပ်ငန်း	၁၄ စင်း
(၄)လမ်းလယ်ကျွန်းပြုလုပ်ခြင်းလုပ်ငန်း	၄ ပေ× ၃၀၀၀၀ပေ
(၅)ကျောက်/အုတ်ရိုးစီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်း(၃ပေ×၃ပေ×၆မိုင်)	၁၂ မိုင်
(၆)လူသွားစကြံပြုလုပ်ခြင်းလုပ်ငန်း(၄ ပေအကွက် ၁၀ မိုင်)	၁၀ မိုင်
(၇)ဟိုတယ်ဇုန်(၆၂၂)ဧကအတွင်း၊ 11KV/0.4V လျှပ်စစ်လိုင်းသွယ်တန်းခြင်းလုပ်ငန်း	

(ခ) BOT စနစ်ဖြင့် ရင်းနှီးမြှုပ်နှံလိုသူများခေါ်ယူခြင်း

(၁)စက်လှေဆိပ်တည်ဆောက်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ပုံစံနှင့်စည်းကမ်းချက်များကို ၂၄-၁၀-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၈-၁၁-၂၀၁၃ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့်တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပေးသွင်းရမည်၊ တင်ဒါလုပ်ငန်းတစ်ခုထက်ပို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့်အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်လိပ်စာမှာ အင်းလေးဒေသ ဟိုတယ်ဇုန်ဖော်ထုတ်ရေးဦးစီးကော်မတီ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသည့် အချက်များကို ဖုန်းနံပါတ် ၀၈၁-၂၁၀၈၆၆၊ ၂၁၀၉၀၄၊ ၂၁၀၈၇၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့၊ အင်းလေးဒေသဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။

မြန်မာ့ပထဝီအသင်း(အထက်မြန်မာပြည်) “သတင်းမီဒီယာများနှင့် မိတ်ဆက်တွေ့ဆုံပွဲ” ဖိတ်ကြားလွှာ

မြန်မာ့ပထဝီအသင်းအား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်တွင် ခွင့်ပြုမိန့်အမှတ်(၂၁၃၉)ဖြင့် ဖွဲ့စည်းပြီး ဖြစ်ပါသည်၊ အသင်းဖွဲ့စည်းခြင်းနှင့် ပတ်သက်သော အကြောင်းအရာများ ရှင်းလင်းတင်ပြခြင်းနှင့် ပထဝီဝင်အသင်းဝင်များ စုစည်းပြီး “အထက်မြန်မာပြည် ပထဝီဝင်အသင်း အလုပ်အမှုဆောင်ကော်မတီ” ဖွဲ့စည်းမည်ဖြစ်ပါသဖြင့် ပထဝီဝင် ကျောင်းသူ၊ ကျောင်းသားဟောင်းများ အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်၊

(ဖိတ်စာသီးခြားပို့မပေးနိုင်သည်ကို နားလည်ခွင့်လွှတ်ပေးပါရန်)

ကျင်းပမည့်အစီအစဉ်

နေ့ရက် - ၂၉-၁၀-၂၀၁၃ရက်

အချိန် - ညနေ ၄:၃၀ နာရီမှ ၆:၃၀ ထိ

နေရာ - မြန်မာ့ပထဝီဝင်အသင်း (အထက်မြန်မာပြည်)
ကောင်းမြတ်အေးရိပ်မွန်ခြံ
၅၈လမ်း၊ ၂၆×၂၇ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။
ဖုန်း-၀၉-၂၅၆၀၀၀၈၀၀

မေးခွန်း

သတင်းထောက်များ မွမ်းမံသင်တန်းတွင် "အများပြည်သူဝန်ဆောင်မှု သတင်းစာ" အကြောင်း မေးခွန်းများမေးကြသည်။ စူးစမ်းကြသည်။ အသစ်အဆန်း မဟုတ်သော်လည်း အတွေ့အကြုံနည်းသေးသည်ဟု ဆိုနိုင်သည်။ ရှေ့လုပ်ငန်းစဉ်တွေ အများကြီးရှိသည်။ လေ့လာစရာ၊ လက်တွေ့ကျင့်သုံးစရာတွေ များလှပေသည်။ စုစည်းတင်ပြပါရစေ။

အများပြည်သူဝန်ဆောင်မှု

အများပြည်သူဝန်ဆောင်မှုဆိုတာ ဘာလဲ။ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်စည်း၊ ပုဂ္ဂလိကတစ်ဦးတည်းအတွက် မဟုတ်သည်ကတော့ သေချာသည်။ အများအတွက်ဖြစ်သည်။ ပြည်သူ့အတွက်ဖြစ်သည်။ လူထုအတွက်ဖြစ်သည်။ သီးသီးခြားခြားထပ်မံစိတ်ဖြာရဦးမည်ဆိုလျှင် အခါအခွင့်မသာသော၊ ချန်ထားကျန်ရစ်တတ်သော အများပြည်သူထဲက မျက်နှာငယ်ရရှာသော လူအများကိုပါမကျန် ပြည်သူအားလုံးကို ရည်ညွှန်းပါသည်။

သတင်းစာ

သတင်းစာသည် အများပြည်သူကို ကိုယ်စားပြုသည်။ နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်လည်းဖြစ်သည်။ သတင်းစာသည် မှုတသည်။ တိကျသည်။ မြန်ဆန်သည်။ သစ္စာရှိသည်။ မှန်ကန်သည်။ လွတ်လပ်သည်။ လိုရာသို့ ဆွဲမရေး၊ ထိမ်ချန်မှုမပြု၊ လူ့ဂုဏ်သိက္ခာ ကာကွယ်သည်။ သို့မှသာ ပြည်သူချစ်သော သတင်းစာ ဝီသမည်။

လူ့ဂုဏ်သိက္ခာ

လူတိုင်းတွင် ဂုဏ်သိက္ခာရှိသည်။ ဂုဏ်သိက္ခာ မပျက်အောင် ကာကွယ်ပိုင်ခွင့်ရှိသည်။ ပုဂ္ဂလိက လူ့အခွင့်အရေးကို ထိပါးနှောင့်ယှက်ခြင်းမပြုရ၊ ထိပါးနှောင့်ယှက်သော အရေးအသား မဖော်ပြရ၊ ဤသည်မှာ အများပြည်သူဝန်ဆောင်မှုသတင်းစာ၏ အခြေခံကျင့်ဝတ်ဖြစ်သည်။

မှန်ကန်မှုမရှိသောသတင်း

မှန်ကန်မှုမရှိသော သတင်းကို ဖော်ပြမိပါသလား၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ ပြန်လည်ဖြေရှင်းပေးရမည်။ သတင်းမှားအတွက် ဖြေရှင်းချက် အမြန်ဖော်ပြရမည်၊ တာဝန်ယူမှုရှိရမည်၊ တာဝန်ခံမှုရှိရမည်။

သတင်းနှင့်အာဘော်

"သတင်း"သည် "သတင်း"ဖြစ်ပါ၏၊ သတင်းစစ်စစ်ဖြစ်ပါသည်ဟု ထပ်မံပြောပါရစေ။ သတင်းရေးသားရာတွင် သတင်းရေးသားသူ၏ ထင်မြင်ယူဆချက်အာဘော် လုံးဝမပါရှိသင့်၊ သတင်းထဲတွင် ယူဆချက်အာဘော်ပါလျှင် သတင်းစစ်စစ် မဖြစ်နိုင်၊ စာဖတ်ပရိသတ်က အကဲဖြတ်နိုင်ပါသည်၊

အပြစ်ကင်းစင်သူ

တရားရုံးနှင့်သတင်းစာသည် ဖွန်တွဲနေပါသည်။ တရားရုံးမှုခင်းများ အကြောင်း သတင်းစာတွင် ပါတတ်စမြဲ။ ထဲထဲဝင်ဝင်ရေးရမည့်သတင်းများကို သတင်းထောက်များက ရေးသားကြပါသည်။ သတင်းရေးရင်း မှားယွင်းတတ်ကြပါသည်။ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ၊ သောကအစုံ ကြုံတတ်ကြပါသည်၊ တရားရုံးက မဆုံးဖြတ်သေးခင် သတင်းထောက်က ကြိုတင်မဆုံးဖြတ်ကြပါနှင့်၊ တရားရုံးကို စကားဦးမသန်းစေလို။ တရားရုံးက အပြစ်မပေးသေး၊ စီရင်ချက်မချသေး၊ တရားစွဲဆိုခံရသူ (သို့မဟုတ်) သံသယရှိသူအပေါ် တရားခံအဖြစ် မသုံးနှုန်းသင့်၊ အပြစ်ကင်းစင်သူဟုသာ မှတ်ယူပါလေ၊

ဘာသာရေး၊ လူမျိုးရေးမုန်းတီးမှု

ဘာသာရေး၊ လူမျိုးရေးမုန်းတီးမှုများကို မလှုံ့ဆော်ရ၊ မတရားဝေဖန်ပုတ်ခတ်ရေးသားခြင်းသည် သတင်းထောက်၏အလုပ်မဟုတ်၊ အများပြည်သူဝန်ဆောင်သော သတင်းစာ၊ သတင်းထောက်သည် ဤကျင့်ဝတ်ကို စောင့်ထိန်းရမည်။ အများပြည်သူပွဲဆူအောင်၊ မငြိမ်းချမ်းအောင်၊ လုံခြုံရေးပျက်ယွင်းအောင် မပြုသင့်။ စောင့်ထိန်းအပ်သော ကျင့်ဝတ်တစ်ပါး ဖြစ်ပါ၏၊

ကိုယ်ရေးကိုယ်တာနှင့် အများအကျိုး

မိမိကိုယ်ရေးကိုယ်တာနှင့် ပြည်သူအများအကျိုးစီးပွား ယှဉ်လာခြားအံ့၊ ပြည်သူ့အတွက် ဦးထိပ်ရွက်ရမည်။ အများပြည်သူအတွက် ဝန်ဆောင်မှုပေးရမည်။ ဤမှုသဘော၊ ဤကျင့်ဝတ်များသည် အများပြည်သူ ဝန်ဆောင်မှုသတင်းစာများအတွက် အဓိကအင်အားများဖြစ်သည်၊ ထင်သာမြင်သာ ရှိလှပါသည်။

ဥပဒေကြမ်း

"အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်း"ကို ပြည်သူတို့ လေ့လာအကြံပြုရန် ဖိတ်ခေါ်ထားပြီး ဖြစ်ပါသည်၊ လိုတို၊ ပိုလျှော့၊ ဆွေးနွေး၊ အကြံပေးရန်ဖြစ်ပါသည်၊ အကျိုး၊ အပြစ်၊ ဝေဖန်၊ ထောက်ပြနိုင်ပါသည်၊ အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုတာဘာလဲ၊ ကောင်စီ၏အဓိပ္ပာယ်၊ ကြော်ငြာ၏ အဓိပ္ပာယ်၊ ထုတ်လွှင့်မှုအစီအစဉ်၏ အဓိပ္ပာယ်၊ ကူညီပံ့ပိုးမှု၊ ကျင့်ဝတ်နှင့် စည်းမျဉ်း၏အဓိပ္ပာယ် စသည်ဖြင့် ဥပဒေအမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်အခန်းမှစ၍၊ အခန်း (၁၄)ခန်းပါသော ဥပဒေကြမ်းဖြစ်ပါသည်၊ ဥပဒေကြမ်းသာဖြစ်၍ လိုအပ်ချက်တွေရှိမည် ဖြစ်ပါသည်၊

လွတ်လပ်ပြီးအနှောင်အဖွဲ့ကင်းလွတ်သော

အများပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး အကျိုးစီးပွားများကို ဖော်ဆောင်မြှင့်တင်ပေးနိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံပိုင်မီဒီယာများကို လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းလွတ်သော အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများအဖြစ် ပြောင်းလဲနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်ချက်ဖြင့် အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို ရေးဆွဲတင်ပြခြင်းဖြစ်ပါသည်။

အခြေခံမူများ

အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်ပါ၏-

(က) လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်နှင့် လွတ်လပ်စွာသတင်းပေးခွင့်တို့ကို ကျင့်သုံးပိုင်ခွင့်ရှိသည်၊

(ခ) တိုင်းရင်းသား လူမျိုးစု၊ ယဉ်ကျေးမှုနှင့်ဘာသာစကား ကွဲပြားမှု၊ နေရာဒေသ ဝေးလံခေါင်ဖျားမှုနှင့် လူတစ်ဦးချင်းစီ၏ မသန်စွမ်းမှုတို့ကို ထည့်သွင်းစဉ်းစားကာ အများပြည်သူအား ဝန်ဆောင်မှု၊ ဖျော်ဖြေမှု၊ အသိဉာဏ်ပညာနှင့် သတင်းအချက်အလက်ပေးမည့် အစီအစဉ်များကို ပြည့်စုံစွာဖော်ပြခွင့်ရှိသည်၊

(ဂ) ပုဂ္ဂလိကမီဒီယာများမှ အများပြည်သူအကျိုးငှာ ဖော်ပြနိုင်ခြင်းမရှိသည့် အစီအစဉ်များအား ဖြည့်စွက်ပေးခြင်း၊ ပြည်သူလူထု၏ လိုအပ်ချက်နှင့် အကျိုးစီးပွားများအား ဖြည့်ဆည်းပေးခြင်း၊ ပြည်သူလူထု၏အမြင်နှင့် ရှုထောင့်အမျိုးမျိုးတို့ကို ဖော်ပြပေးခြင်း စသည့် အရည်အသွေးပြည့်မီသော ဆန်းသစ်သည့်အစီအစဉ်များကို ဖော်ပြခွင့်ရှိသည်၊

(ဃ) ဝန်ဆောင်မှုကိုအဓိကထားပြီး အကျိုးအမြတ်မကြည့်သည့် မီဒီယာဖြစ်သော်လည်း ရေရှည်ရပ်တည်လုပ်ကိုင်နိုင်ရန်အတွက် သတ်မှတ်သည့် ဝင်ငွေရရှိရန်လိုအပ်သည်။

မှန်ကန်မှုမရှိသော သတင်းကို ဖော်ပြမိပါသလား။ ဆောလျင်နိုင်သမျှ ဆောလျင်စွာ ပြန်လည်ဖြေရှင်းပေးရမည်။ သတင်းမှားအတွက် ဖြေရှင်းချက် အမြန်ဖော်ပြရမည်။ တာဝန်ယူမှုရှိရမည်။ တာဝန်ခံမှု ရှိရမည်။

မိမိကိုယ်ရေးကိုယ်တာနှင့် ပြည်သူအများ အကျိုးစီးပွားယှဉ်လာခြားအံ့၊ ပြည်သူ့အတွက် ဦးထိပ်ရွက်ရမည်။ အများပြည်သူအတွက် ဝန်ဆောင်မှုပေးရမည်။ ဤမှုသဘော၊ ဤကျင့်ဝတ်များသည် အများပြည်သူဝန်ဆောင်မှု သတင်းစာများအတွက် အဓိကအင်အားများဖြစ်သည်။ ထင်သာမြင်သာ ရှိလှပါသည်။

လိုက်နာရမည့်အချက်များ

အခြေခံမူကို အကောင်အထည်ဖော်ရာတွင် အများပြည်သူဝန်ဆောင်မှု မီဒီယာသည် အောက်ပါအချက်များကို လိုက်နာရမည်ဖြစ်သည်-

(က) အယ်ဒီတာလုပ်ငန်းဆိုင်ရာ ဂုဏ်သိက္ခာကို အလေးအနက်စဉ်းစားပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာ ချုပ်ကိုင်မှုများမှ ကင်းလွတ်ခြင်း၊

(ခ) ပြည့်စုံကျယ်ပြန့်၍ ဘက်လိုက်မှုမရှိသော တရားမျှတသည့် သတင်းများ၊ အများပြည်သူအတွက် အကျိုးရှိစေမည့် ပြည်တွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သည့်သတင်းအချက်အလက်များကို ထည့်သွင်းခြင်း၊

(ဂ) မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး၏ မတူကွဲပြားသော ယဉ်ကျေးမှုများကို ထင်ဟပ်စေလျက် အမျိုးသားရေးစရိုက်လက္ခဏာကို ပေါ်လွင်အောင်ဖော်ပြခြင်း၊

(ဃ) တိုင်းရင်းသားလူမျိုးစုများနှင့် လူနည်းစုများအတွက် ၎င်းတို့ဘာသာစကားဖြင့် ဖော်ပြထုတ်လွှင့်သည့်အစီအစဉ်များ ပါဝင်ခြင်း၊

(င) မတူညီသည့် ပရိသတ်များ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မည့် အထူးအစီအစဉ်များကို အခြားနှစ်သက်ဖွယ်ရာ အစီအစဉ်များအကြား မျှတစွာဖော်ပြခြင်း၊

(စ) ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆီလျော်ညီညွတ်စွာ သတင်းပေးခြင်း။

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၏ အကျိုးစီးပွားနှင့် သက်ဆိုင်သည့် အကြောင်းအရာများထည့်သွင်းခြင်း၊

(ဇ) အရေးကြီးသည့် အသိပေးကြေညာချက်များကို ပြည်သူများထံသို့ မပျက်မကွက်ဖော်ပြပေးခြင်း၊

(ဈ) အမျိုးသမီး၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များအတွက် ရည်ရွယ်သည့် အကြောင်းအရာများကို သင့်လျော်သော အချိန်ကာလ၊ အပိုင်းအခြားအလိုက် ဖော်ပြပေးခြင်း။

(ည) ပြည်တွင်း၌ ထုတ်လုပ်သည့်အစီအစဉ်များကို အားပေးခြင်း။

(ဋ) နိုင်ငံတကာရေးရာနှင့် ပြည်တွင်းရေးရာ အသိအမြင်တိုးပွားစေမည့် အများပြည်သူဆိုင်ရာ ဆွေးနွေးမှုများဖော်ပြခြင်း။

ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း

အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းကဲ့သို့ ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းသည်လည်း အများပြည်သူဆိုင်ရာ အကျိုးစီးပွားကိုသာ ရှေးရှုရမည်။ ဓမ္မဓိဋ္ဌာန်ကျစွာနှင့် ဘက်လိုက်မှုကင်းရှင်းစွာ သတင်းအချက်အလက်များကို ဖော်ပြထုတ်လွှင့်ရမည်ဖြစ်သည်၊ တိုင်းရင်းသားလူမျိုးစုများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုစသည့် ကွဲပြားမှုများကို အသိအမှတ်ပြုရမည်။ အမျိုးသားစည်းလုံးညီညွတ်မှု အမှတ်လက္ခဏာကို ဖော်ဆောင်ရမည်။ အများပြည်သူဆိုင်ရာ ကျင့်ဝတ်၊ စည်းမျဉ်းများကို လိုက်နာရမည်၊

ရန်ပုံငွေ

အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့သည် နိုင်ငံတော်ဘဏ္ဍာငွေမှ တိုက်ရိုက်ထောက်ပံ့ငွေ ၇၀ ရာခိုင်နှုန်းနှင့် လည်ပတ်ရန်လိုအပ်သည့် ရန်ပုံငွေ ၃၀ ရာခိုင်နှုန်းဖြစ်ကြောင်း ဥပဒေကြမ်း အခန်း(၁၀)တွင် ဖော်ပြထားပါသည်။ ရန်ပုံငွေအတည်ပြုရေးအတွက် ဝိုင်းဝန်းအကြံပြုကြရန်ဖြစ်သည်၊ နိုင်ငံတကာအတွေ့အကြုံများ၊ လေ့လာသူများ၊ သုတေသီများ၏ အကြံပြုချက်များကို ကြိုဆိုပါသည်။ ပြည်သူ့အကျိုးပြုမီဒီယာများ ရပ်တည်ရှင်သန်နိုင်ရေး စံတန်ဖိုးများ၊ အခြေခံမူများ၊ စီးပွားရေးကြော်ငြာထည့်သွင်းမှု၊ အဆင့်မြင့်အိုင်တီနည်းပညာ၊ တိုးတက်ပြောင်းလဲမှု၊ ရန်ပုံငွေထားရှိမှုများ အကြောင်း ဆက်လက်တင်ပြပါမည်။ အများပြည်သူဝန်ဆောင်မှုသတင်းစာ၏ အခန်းကဏ္ဍကို လေ့လာသင့်ကြသည်၊

ဆွေးနွေးလေ့လာအခြေရှာ

အများပြည်သူဝန်ဆောင်မှု (Public Service) ဟူသောစကားလုံးသည် လူထုအတွင်း ကျယ်လောင်လျက်ရှိသည်။ ပျံ့နှံ့လျက်ရှိသည်။ အဆိုးအကောင်းကိုဖော်ထုတ်၊ ပြည်သူ့အကျိုးကို ရှေးရှု အားနည်းချက်ကို ပြုပြင်၊ အားသာချက်များ ရှေ့သို့သွားသင့်ပါသည်၊ ဘာပဲလုပ်လုပ် အဆိုးမြင်၊ အပြစ်မြင်နေခြင်းထက် ပြည်သူ့အတွက်စေတနာထား၍ ကောင်းသောလမ်းကို လျှောက်ကြပါစို့။ အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းအား ဆွေးနွေးလေ့လာ အခြေရှာကြလျက် ပြည်သူများ၏ ယုံကြည်စိတ်ချရမှုကို ခံယူသင့်ပါကြောင်း။ ၊

မွန်ပြည်နယ်အတွင်း သိမ်းဆည်းရမိသော မော်တော်ယာဉ်များအား တင်ဒါစနစ်ဖြင့် ရောင်းချမည်

မော်လမြိုင် အောက်တိုဘာ ၂၆

မွန်ပြည်နယ်အတွင်း သိမ်းဆည်းရမိသော တရားရုံးပြီးပြတ်သည့်မော်တော်ယာဉ်များအား မျက်မြင်အနေအထားအတိုင်း တင်ဒါစနစ်ဖြင့်ရောင်းချမည်ဖြစ်ကြောင်း သိရသည်၊ (ယာဉ်)

အဆိုပါ မော်တော်ယာဉ်များအား နိုဝင်ဘာလဆန်းပိုင်းတွင် ရောင်းချမည်ဖြစ်ပြီး သထုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် အစီး ၆၀၊ ကျိုက်မရောမြို့နယ် တရားရုံးတွင် ငါးစီး၊ သံဖြူဇရပ်မြို့နယ် တရားရုံးတွင် နှစ်စီးနှင့် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် ၂၁ စီး စုစုပေါင်း ၈၈ စီးတို့ဖြစ်ရာ ယာဉ်အမျိုးအစားများမှာ တိုယိုတာ၊ ဟိုင်းလတ်၊ ဆပ်၊ ဟွန်ဒါ-CRV၊ နစ်ဆန်းပရီးမီးယား၊ ဟွန်ဒါဖစ်နှင့်ဟွန်ဒါ Stream တို့ဖြစ်သည်။ စိတ်ဝင်စားပြီး တင်ဒါတင်သွင်းလိုသူများသည် မော်တော်ယာဉ်များအား သက်ဆိုင်ရာမြို့နယ်များတွင် သွားရောက်ကြည့်ရှုပြီး တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာများကို မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူတင်သွင်းနိုင်ကြောင်း သိရသည်၊ (မဇ္ဈ)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ စည်းဝေး

နေပြည်တော် အောက်တိုဘာ ၂၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ၏ နဝမအကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၂၂ ရက်တွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာငွေ ရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရန် ရက်ပေါင်း ၅၀ ခန့်သာ ကျန်ရှိသည့်အတွက် ကော်မတီအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ လုပ်ငန်းများအား အကွက်စေ့စေ့နှင့် လစ်ဟာမှုမရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ လိုအပ်ချက်များ၊ ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ ဆောင်ရွက်ဆဲကိစ္စများ ပြီးပြတ်အောင်အမြန်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် လုပ်ငန်းများကို တာဝန်တစ်ရပ်အနေဖြင့် အဓိကထားလုပ်ဆောင်ကြရန်နှင့် ပြိုင်ပွဲကာလ လုပ်ဆောင်မည့်အခြေအနေများတွင် ဟာကွက်၊ လစ်ဟာမှုများမရှိအောင် ကြိုတင်ပြင်ဆင်ရန်၊ ဆုတံဆိပ်နှင့် များ အချိန်မီရရှိရေး၊ ဆုဗန်းကိုင်နှင့် အလံတင်အဖွဲ့များ လေ့ကျင့်ရေးကိစ္စများ အဆင်ပြေချောမွေ့စေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ရန်ကိစ္စရပ်များအား ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးရထားလမ်းများ အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ရန် ဒေါ်လာ သန်း ၅၀၀ ချေးငွေယူရန်စီစဉ်

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့မီးရထားလုပ်ငန်းမှ ရထားလမ်းများအဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ JICA ထံမှ အတိုးနှုန်းအနည်းဆုံးဖြင့် ချေးငွေအမေရိကန်ဒေါ်လာ သန်း ၅၀၀ ရယူရန်စီစဉ်ထားရှိကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

အတိုးနှုန်းအနည်းဆုံးဖြင့် ရရှိချေးငွေများအား လက်ရှိမြန်မာ့မီးရထားလုပ်ငန်းမှ အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ရန်အတွက် ရန်ကုန်-မန္တလေးရထားလမ်း ခရီးစဉ်တစ်လျှောက်၌ရှိနေသော ရန်ကုန်-တောင်ငူ၊ တောင်ငူ-ရမည်းသင်း၊ ရမည်းသင်း-မန္တလေးအစရှိသည့် ရထားလမ်းခရီးစဉ်လမ်းကြောင်းများပေါ်ရှိ ရထားလမ်းများအား အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်သွားမည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ မြန်မာ့မီးရထားလုပ်ငန်းမှ အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်) ဦးထွန်းအောင်သင်းက "မီးရထားလုပ်ငန်းတွေ အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက် ဖို့အတွက် ဂျပန်နိုင်ငံအစိုးရအနေနဲ့လည်း ကူညီဖို့လာကြတာပါ၊ ဒါကြောင့်လည်း ကျွန်တော်တို့က ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေအတွက် အတိုးနှုန်း အနည်းဆုံးနဲ့ ချေးငွေဒေါ်လာသန်း ၅၀၀ ရယူဖို့အတွက် စီစဉ်ထားရှိပါတယ်၊ ပထမဦးစားပေးအနေနှင့် ရန်ကုန်-တောင်ငူရထားလမ်းကို အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ဖို့အတွက် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ စတင်စီစဉ်ဆောင်ရွက်သွားဖို့ရှိပါတယ်၊ ၂၀၁၄ ခုနှစ် ဧပြီလလောက်ကနေစပြီးတော့ တစ်နှစ်စီမံကိန်းအနေနဲ့ ဆက်လက်လုပ်ဆောင်သွားမှာပါ၊ ရထားလမ်းတွေ အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်သွားမယ့်အပိုင်းမှာတော့ ရထားလမ်းတစ်လျှောက်မှာရှိနေတဲ့ ဇလီဖားတုံးတွေကိုအသစ်လဲမယ်၊ ကျောက်ခင်း၊ မြေသားပြုပြင်၊ Level Crossing၊ တွဲခေါင်းစက်ရုံ၊ Control Center အစရှိတာတွေအားလုံးကို ပြုပြင်ဆောင်ရွက်သွားမှာပါ"ဟု ရှင်းပြသည်။

၎င်း ဒါရိုက်တာ ဦးအေးသီဟကလည်း "ကျွန်တော်တို့က ဂျပန်အဖွဲ့နဲ့အတူ အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်သွားမယ့် ရန်ကုန်-မန္တလေးရထားလမ်း ခရီးစဉ်တစ်လျှောက်မှာရှိနေတဲ့ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုရှိတာတွေကို လေ့လာဆန်းစစ်ပေးရတဲ့အဖွဲ့အစည်းဖြစ်ပါတယ်၊ ယခုလက်ရှိလည်း ကျေးရွာတွေအထိသွားပြီးတော့ ရေထု၊ လေထုတွေကို တိုင်းတာပါတယ်၊ ဒီတိုင်းတာမှုအပေါ်မှာ မီးရထားကိုအမြန်နှုန်းမြှင့်တင်မောင်းနှင်မယ်ဆိုရင် အသံတွေဆူညံလာနိုင်မလား၊ တကယ်လို့ ဆူညံသံတွေထွက်ပေါ်လာရင် ဒါကိုဘယ်လိုနည်းနဲ့ လျှော့ချလို့ရနိုင်မလဲ၊ အဲဒါတွေကို စဉ်းစားပါတယ်၊ အခုဆိုရင်လည်း ပဲခူးတိုင်းဒေသကြီးမှာ အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ဖို့အတွက်ကို ဖြစ်နိုင်ခြေရှိတဲ့ထိခိုက်မှုတွေအပေါ်မှာ လေ့လာပါတယ်၊ ရထားလမ်းတောင်နှင့်မြောက် ဖြတ်သန်းစီမံကိန်းကြောင့် မြေမျက်နှာသွင်ပြင်ကိုတော့ ထိခိုက်မှုမရှိပါဘူး။ ပဲခူးမြစ်နဲ့ အခြားမြစ်လက်တက်ကတံတားတွေကိုလည်း ပြုပြင်ဖို့ရှိနေတယ်ဆိုတော့ အဲဒီပြုပြင်ရေးအပိုင်းမှာ အများပြည်သူတွေအနေနဲ့ သွားလာရေးတော့ အနည်းငယ်ထိခိုက်မှုလေးတွေရှိနေနိုင်ပါတယ်၊ဒီအတွက်ကိုလည်း လမ်းကြောင်းတွေကို တစ်နေရာချင်းစီ ချ ဆောင်ရွက်နေပါတယ်"ဟု ဆိုသည်။

လက်ရှိမြန်မာ့မီးရထားလုပ်ငန်းမှ ပြည်သူများယုံကြည်စိတ်ချ၊ လုံခြုံချောမွေ့အဆင်ပြေစွာ သွားလာနိုင်ကြစေရန်အတွက် ဂျပန်နိုင်ငံအစိုးရနှင့် ပူးပေါင်းကာ မီးရထားလမ်းများအား တစ်ဖက်၌ အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်မှုများရှိသကဲ့သို့ အခြားတစ်ဖက်၌လည်း မီးရထားတွဲခေါင်းများအဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ခြင်း၊ ရထားများအား ဖားခုန်စနစ်ဖြင့် ဆိုက်ရပ်ကာ လမ်းကြောင်းများအား အဆင့်မြှင့်တင်ရန်အစီအစဉ်များရှိနေခြင်း၊ ရထားများအား သတ်မှတ်စည်းကမ်းအတိုင်းမောင်း၊ မမောင်းစောင့်ကြည့်အစီအစဉ်များပြုလုပ်ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ စုံစမ်းသိရှိရသည်။ **(၀၄၀)**

အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက်-၂ ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ် (နိုင်ငံခြား)*(Myanmar News Agency)* တို့တွင် တာဝန်ထမ်းဆောင်ရန် အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူး ၁၀ နေရာနှင့်စာပေလက်ထောက်-၂ (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး ခြောက်နေရာတို့အတွက် အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

(၂) အသက် (၂၀) မှ (၃၀)နှစ်အတွင်း အမျိုးသား၊ အမျိုးသမီးများ လျှောက်ထားနိုင်သည်။

(၃) အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးအတွက် *B.A(Journalism)* များ(သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ မဟာဘွဲ့ရရှိသူများ၊ စာပေလက်ထောက်-၂ (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးအတွက် နိုင်ငံခြားဘာသာတက္ကသိုလ်မှ *English* ဘွဲ့ရများ။

(၄) ဝန်ထမ်းဖြစ်ပါက ၃၁-၁၀-၂၀၁၃ ရက်နေ့တွင် အသက်(၃၅)နှစ်အတွင်း သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်နှင့် လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို ၃၀-၁၁-၂၀၁၃ ရက်နေ့နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ မန်နေဂျာ(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

နေပြည်တော်၌ ရေးဖြေနှင့် လူတွေ့မေးမြန်းခြင်း ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ဗုဒ္ဓဘာသာ သိသင့်ရာ

ဗုဒ္ဓဘာသာအကြောင်းကို သေချာမသိကြသေးသူများနှင့် ဗုဒ္ဓဘာသာကို လေ့လာသူလူငယ်များအတွက် ဗဟုသုတဖြစ်ဖွယ်စာအုပ်ဖြစ်သည်။

စာအုပ်တွင် မြတ်စွာဘုရားဆိုသည်ကား အဘယ်နည်း။ ဓမ္မ (သို့မဟုတ်) တရားဟူသည်ကား အဘယ်နည်း စသည့် မေးခွန်းလေးများကို အမေးအဖြေပုံစံဖြင့် ရှင်းလင်းစွာရေးသားထားသည့်အတွက် လူတိုင်းနားလည်နိုင်မည့်အပြင် အမေးအဖြေများကိုလည်း လိုရင်းတိုရှင်းပုံစံ ရောင်စုံသရုပ်ဖော်ပုံများဖြင့် ရေးသားထားရာ ပျင်းရိငြီးငွေ့မှုမရှိဘဲ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ဗုဒ္ဓဘာသာအကြောင်း သိသင့်သိထိုက်သည့် အချက်(၇၁)ချက်ကို ဖော်ပြထားသည့်အတွက် ပြည့်စုံသောလက်ကိုင်စာအုပ်လေးဖြစ်သည်။

ပြုစုသူလင်းသက်ခိုင်ဖြစ်ပြီး တန်ဖိုးကျပ် ၁၀၀၀ ဖြင့် စာပေလောက (၅) ဖုန်း ၀၉-၇၃၁၂၅၀၆၇၊ ၀၉-၇၃၁၄၀၉၃၆ မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

လွယ်ကူသုံးဝင် ဗီဒီယိုတည်းဖြတ်လုပ်ငန်းခွင်

သန်းထိုက် (ရွှေရိပ်)ပြုစုသော လွယ်ကူသုံးဝင် ဗီဒီယိုတည်းဖြတ်လုပ်ငန်းခွင်စာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် ကျွမ်းကျင်သော အယ်ဒီတာဖြစ်ဖို့ အာမခံနိုင်သည့် ကိုယ်တိုင်သရီးဒီဗီဒီယိုတစ်ခုကို ဖန်တီးနိုင်ရုံသာမက နှစ်ကိုယ်ခွဲ၊ လေယာဉ်ပုံးကြဲ၊ ဒိုင်နိုဆောမြို့ထဲလမ်းလျှောက်ခြင်းတို့မှအစ စာဖတ်သူအတွက် အဆင့်မြင့်လေ့လာမှုများကို လေ့လာသင်ယူတတ်မြောက်စေနိုင်သည်။ ထို့အပြင် ကင်မရာအတွင်းထည့်သွင်းခြင်း၊ ပုံမှန်တည်းဖြတ်ခြင်း၊ အထူးပြု လုပ်ဆောင်ချက်၊ စာတန်းထိုးခြင်း စသည်တို့ပါဝင်သည်။ စာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်း ကျောက်တံတားမြို့နယ် ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅ မှ တန်ဖိုးကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားသည်။

ရောဝတီမှ ကျောက်ဖယားသို့

မောင်ဆွေသက်ရေးသားပြုစုသော ရောဝတီမှ ကျောက်ဖယားသို့ စာအုပ်သည် စာရေးသူထိုင်းနိုင်ငံတွင် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ခြောက်နှစ်တာ ဘဝအတွေ့အကြုံမှတ်တမ်းများကို ရေးဖွဲ့ထားသောစာအုပ်ဖြစ်သည်။ သံတမန်လောကအကြောင်း၊ ထိုင်းဘုရင့်သမီးတော် ခရီးစဉ်အကြောင်းနှင့် သံအမတ်ခန့်အပ်ရေး အဆင့်ဆင့်၊ သံအမတ်တို့၏ တာဝန်အကြောင်းအရာများ၊ ပြည်တော်ပြန် တောခိုကျောင်းသားများ၊ လေယာဉ်ပြန်ပေးဆွဲသည်များ၊ လက်နက်ချပြည်ပြေးဝန်ကြီးများ၊ လေဆိပ်တွင် သောင်တင်နေသည့်မြန်မာများ စသည့် ထိုင်းနိုင်ငံသံအမတ်ကြီးဘဝအတွေ့အကြုံအဖုံဖုံတို့ကို အခန်းပေါင်း (၁၅)ခန်းဖြင့် မှတ်တမ်းတင်ရေးဖွဲ့ထားသည်။

စာအုပ်ကို ဦးညွန့်ဆွေ စိမ်းညက်ချမ်းသာစာပေ ဖုန်း ၀၁-၅၇၇၁၂၆၊ ၅၇၈၇၁၆ က ထုတ်ဝေထားပြီး ဒေါ်သက်သက်ဆွေ အမှတ် ၄၄(က) အင်ကြင်းမြိုင်လမ်း သုဝဏ္ဏသယ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့တွင် တစ်အုပ်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဖြန့်ချိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စက်သုံးဆီ(ဒီဇယ်) အိတ်ဖွင့်တင်ဒါ(*Open Tender*)ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနများရှိ ယာဉ်/ယန္တရားများအသုံးပြုရန် အတွက် ဒီဇယ်ဆီ (၁၀၀၀၀၀) (တစ်သိန်းဂါလန်)အား အိတ်ဖွင့်တင်ဒါ *(Open Tender)*ဖြင့် တင်သွင်းနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရက် - ၂၇-၁၀-၂၀၁၃ ရက်မှ ၃၁-၁၀-၂၀၁၃ ရက်ထိ

(ခ) အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန် - ၃၁-၁၀-၂၀၁၃ ရက် မွန်းတည့် ၁၂း၀၀ နာရီ

(ဂ) အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ - ၃၁-၁၀-၂၀၁၃ ရက် ၁၃း၀၀ နာရီ အစည်းအဝေးခန်းမ (၂)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင် ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရုံနှင့် မော်တော်ယာဉ်ဌာန
အမှတ်(၆၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၁၆၀၈၃၃

[illegible]

○ဗိသနိုးမှ

ခင်းကျင်းပြသထားသည့် ပျူမြို့ဟောင်းမှ တူးဖော်ရရှိသည့် ပျူခေတ်လက်ရာပစ္စည်းများကိုလည်းကောင်း၊ သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ နန်းတော်ရာတူးဖော်နေမှု၊ ရဟန္တာကန်၊ ဘောဘောကြီးဘုရား၊ ဘဲဘဲဘုရား၊ ဗိသနိုးမိဖုရားသချိုင်း၊ မကျီးကျကုန်း၊ အမှတ်(၅၃) ကုန်းနှင့် ပျူအရိုးအိုး ၃၀၈ လုံးတူးဖော်တွေ့ရှိ၍ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် ဗိသနိုး၊ သရေခေတ္တရာနှင့်ဟန်လင်းပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့အမွေအနှစ်အဖွဲ့၏ တာဝန်ပေးချက်အရ ICOMOS မှ ကျွမ်းကျင်ပညာရှင်က လာရောက်စစ်ဆေးလျက်ရှိပြီး ၂၀၁၄ခုနှစ် ဇန်နဝါရီလတွင် ဟန်လင်းမြို့ဟောင်းအား စစ်ဆေးမှုများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

□ရေကြောင်းမှ

ဆိပ်ကမ်းအထိ၊ အလုံသဘော်ာကျင်းဆိပ်ကမ်းမှ ဝါးတန်းဆိပ်ကမ်းအထိ၊ ဝါးတန်းဆိပ်ကမ်းမှ ကျန်းမာရေးဆိပ်ကမ်းတံတားအထိ၊ ကျန်းမာရေးဆိပ်ကမ်းတံတားမှ ဗိုလ်တထောင်တံတား အမှတ်(၃) အထိ၊ ဗိုလ်တထောင်တံတား အမှတ်(၃)မှ ပုဇွန်တောင်ငါးဈေးဆိပ်ကမ်း(ယခင်-သီတာသဘော်ာဆိပ်) အထိနှင့် ပုဇွန်တောင်ငါးဈေးဆိပ်ကမ်း(ယခင်-သီတာသဘော်ာဆိပ်)မှ ယုဇနသဘော်ာကျင်းဆိပ်ကမ်းအထိ တို့ကို တစ်ဖြတ်လျှင် ခရီးသည်တစ်ဦး ကျပ် ၁၀၀၊ ကလေးတစ်ဦး ကျပ် ၅၀ စီဖြင့် ပို့ဆောင်ပေးမည်ဖြစ်ပြီး လှိုင်သာယာအရှေ့ဝါ ငါးအအေးခန်းစက်ရုံဆိပ်ကမ်းမှ ယုဇနသဘော်ာကျင်းဆိပ်ကမ်းအထိ ခရီးစဉ်အစ၊အဆုံးကို ခရီးသည်တစ်ဦး ကျပ် ၁၀၀၀ နှင့် ကလေးတစ်ဦး ကျပ် ၅၀၀ ဖြစ်ကြောင်းသိရသည်။

လေသူရဲကောင်း(မိတ္ထီလာ)

● ကျောဖုံးမှ

ဦးအောင်ဝင်းနိုင်။

[illegible]

ဖြေ။ ။အကျိုး အမြတ်က ရော်ဘာစိုက်သူတွေအတွက် ဝန်ထမ်းစရိတ်၊ အချိန်စသဖြင့် အလုပ်ရှုပ်သက်သာစေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရော်ဘာအရည်ရရင် ရော်ဘာအခဲဖြစ်အောင် သုံးရက်လောက် အခြောက်ခံရတယ်၊ အလုပ်ရှုပ်တာပေါ့။ ယခုလိုအရည်သီးသန့် ဝယ်ယူပေးမယ်ဆိုတော့ ညဘက်ရော်ဘာခြစ်ထားလို့ထွက်တဲ့ ရော်ဘာအရည်က မနက်မိုးလင်းရင် ရောင်းလို့ရပြီ။ နောက်ပြီး ကျွန်တော်တို့ကုမ္ပဏီက ရော်ဘာစိုက်ပျိုးသူများအတွက်စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ ခေတ်မီနည်းပညာတွေကို အခမဲ့ဖြန့်ဝေပေးသွားမှာပါ။ ပညာကို ကျွန်တော်တို့ဆီကိုရော်ဘာအရည်မရောင်းရင်ပေးမှာပါ။ ရော[illegible]လဲပေးမှာပ[illegible]။

[illegible]

[illegible]ဖြေ။ ။ရှိပါတယ်။ ရော်ဘာအရည်ကို စက်နဲ့တိုင်းတာစစ်ဆေးမှာပါ။ Great one အဆင့်ကို အမိကထား ဝယ်ယူမှာပါ။ ဒါကိုလည်းဈေးကောင်းပေးဝယ်မှာ၊ အရည်အသွေးမမီတာကိုတော့ [illegible]ဝယ်မှာပါ။

[illegible]

ဖြေ။ ။အ[illegible]အသွေးမမီ[illegible]ဆိုတာ တ[illegible] ရော်ဘာအရည်ထဲမှာ ထမင်းရည်ရောတယ်။ ရေရောတယ် စသဖြင့်ပေါ့ ရောနှောကြတယ်။အဲ့ဒီလိုရောနှောလိုက်ရင် ရော်ဘာကုန်ကြမ်းရဲ့ အရည်အသွေးက ကျဆင်းသွားတယ်။ အရည်အသွေးကျဆင်းရင်၊ ပြည်ပဈေးကွက်ကို တင်ပို့ရင် ဈေးကောင်းမရရှိဘူး။ ပြည်ပဈေးကွက် ဈေးကောင်းရရှိရင် ပြည်တွင်းကုန်ကြမ်း ဈေးကွက်လည်း ဈေးကောင်းရတ[illegible]။

[illegible]

ဖြေ။ ။မန[illegible]ပါ၊ ဒီနှစ်[illegible]ရင် ပြီးပါပြီ၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလလောက်မှာ စပြီးရော်ဘာအရည်ဝယ်ယူတော့မှာပါ။စက်ရုံက နေ့စဉ်ရော်ဘာအစေးရည်တန်[illegible] ၇၀ ခ[illegible]ကို က[illegible]ကြမ်း[illegible]န်လည်ထုတ်လုပ်နိုင်ပါတယ်။

[illegible]

[illegible]။ ။မဟုတ်ပါဘူး၊ စက်ရုံတည်ရှိရာ မိုင် ၆၀ ပတ်လည်မှာရှိတဲ့ ရော်ဘာခြံတွေက ဝယ်ယူမှာပါ၊ ရော်ဘာအစေးက အပင်မှထုတ်ယူပြီး နာရီပိုင်းမှာ ဓေးခဲတတ်တယ်။ ကျွန်တော်တို့ သတ်မှတ်ထားတဲ့မိုင်အကွာအဝေးမှာရှိတဲ့ရော်ဘာအ[illegible]ည်ကို [illegible]

[illegible]

ဖြေ။ ။ယခုစက်ရုံအောင်မြင်မှုရရှိပြီးရင်တော့ ကုန်ချောထုတ်လုပ်မယ့် စက်ရုံတွေတည်ဆောက်ဖို့ အစီအစဉ်ရှိပါတယ်ဟု ပြောကြားခဲ့သည်။

ဗိသနိုးနှင့် သရေခေတ္တရာ ပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီအားကစားပြိုင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

(၁၀)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီအားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့်ဆုပေးပွဲများကို ယနေ့နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာ အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဉာဏ်ရည်မမီအားကစားအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)နှင့်အမှုဆောင်များ၊ Oredoo Company မှ C.E.O Mr.Roosscormack နှင့် Company မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဉာဏ်ရည်မမီအားကစားအဖွဲ့ ဥက္ကဋ္ဌနှင့် Oredoo Company မှ C.E.O တို့ကအဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အားကစားပြိုင်ပွဲသို့ မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ ပဲခူးနှင့် ရန်ကုန်မြို့ကြီးများမှ ဉာဏ်ရည်မမီသူ အားကစားမောင်/မယ် ၃၅၀ တို့က အမျိုးသား/အမျိုးသမီးမီတာ(၅၀၊၁၀၀)လမ်းလျှောက်ပြိုင်ပွဲ၊ မီတာ(၅၀၊၁၀၀၊ ၂၀၀)အပြေးပြိုင်ပွဲ၊ Race Long Jump အခုန်ပြိုင်ပွဲ၊ Soft Ball Throw ပြိုင်ပွဲနှင့် Bocce (ဘိုချီ)ပြိုင်ပွဲများကျင်းပပေးခဲ့ပြီး ဆုရရှိသူများအား မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဉာဏ်ရည်မမီအားကစားအဖွဲ့ဥက္ကဋ္ဌနှင့် Oredoo Company မှ C.E.O နှင့်တာဝန်ရှိသူတို့က ဆုများအသီးသီးချီးမြှင့်ခဲ့သည်။ ၂၀၁၃ ခုနှစ် (၁၀)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီအားကစားပြိုင်ပွဲချန်ပီယံဆုဖလားကို ရန်ကုန်တိုင်းဒေသကြီး ဉာဏ်ရည်မမီသူများအသင်းက ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်မောင်းသင်တန်းများ ပို့ချ

ရန်ကုန် အောက်တိုဘာ ၂၆

ဆီးဂိမ်းကာလတွင်အားကစားသမားများ၊ နိုင်ငံကြီးများနှင့် ဧည့်သည်တော်များ စီးနင်းသွားလာသည့်ကားများအား မောင်းနှင်သည့် ယာဉ်မောင်းများကို နေပြည်တော်တွင် သင်တန်းများပို့ချပေးလျက်ရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဆီးဂိမ်းပြိုင်ပွဲအတွင်း အသုံးပြုမည့် ကားအမျိုးအစားမှာ Hyundai အမျိုးအစားများဖြစ်ပြီး ယင်းကားများမောင်းနှင်မည့်ယာဉ်မောင်းများကို အာဆီယံနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ အားကစားနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ပြည်သူလူထုနှင့်ဆက်ဆံခြင်း သင်ခန်းစာများ၊ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းဆိုင်ရာ သင်ခန်းစာများ၊ ကားကုမ္ပဏီအသီးသီးမှယာဉ်နှင့် ပတ်သက်သည့် ကိုင်တွယ်အသုံးပြုပုံများ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"သင်တန်းမှာ ယာဉ်တန်းစနစ်နဲ့သွားလာပုံ သွားလာနည်းတွေ၊ ယာဉ်စစ်ဆေးပုံတွေ ယာဉ်တစ်စီးနဲ့ တစ်စီးအကွာအဝေးသွားလာပုံတွေကို ထည့်သွင်းသင်ကြားပေးနေပါတယ်။ သင်တန်းကိုတော့ နှစ်သုတ်ခွဲထားတယ်၊ ပထမသုတ်မှာ ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာနက ယာဉ်မောင်းတွေနဲ့ ပြည်ထဲရေးဌာနက ရဲဝန်ထမ်းတွေပါတယ်၊ ဒုတိယအသုတ်မှာ က.ပ.ရ က ယာဉ်မောင်းများနဲ့ ကျန်းမာရေးဝန်ကြီးဌာနက လူတွေပါတယ်" ဟု ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာန အင်ဂျင်နီယာချုပ်ဦးသန်းထွန်းက ရှင်းလင်းပြောကြားသည်။

အားကစား ပြိုင်ပွဲကြီးအား နေပြည်တော်၊ မန္တလေး၊ ရန်ကုန်နှင့် ငွေဆောင်မြို့များတွင် ကျင်းပသွားမည်ဖြစ်ပြီး ယင်းသင်တန်းပြီးစီးပါက သင်တန်းသားများအား နေရာအသီးသီးသို့ခွဲ၍ ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

(တေသိန်းဆွေ)

မြိတ်မြို့၌ ဆီးဂိမ်းတံဆိပ်တီရှပ်များ လူကြိုက်များ၍ ရောင်းအားကောင်း

မြိတ် အောက်တိုဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဆီးဂိမ်းတံဆိပ်တီရှပ်အင်္ကျီမျိုးစုံ လူကြိုက်များ၍ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကျင်းပရန် နီးကပ်လာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းရှင်များက တီရှပ်အင်္ကျီအမျိုးမျိုးကို ဆီးဂိမ်းတံဆိပ်များ ရိုက်နှိပ်၍ ထုတ်လုပ်ရောင်းချကြရာ မြိတ်မြို့ ဆိပ်ငယ်ဈေးကြီးအတွင်းရှိ အထည်ဆိုင်များနှင့်စတိုးဆိုင်များတွင် အဆိုပါ ဆီးဂိမ်းတံဆိပ်တီရှပ် အရောင်အသွေးမျိုးစုံချိတ်ဆွဲကာ ရောင်းချလျက်ရှိရာ ကလေးငယ်များသာမက လူငယ်လူရွယ်များကပါ ကြိုက်နှစ်သက်ကြသဖြင့် ရောင်းအားကောင်းလျက်ရှိကြောင်း အထည်ဆိုင်တစ်ဆိုင်မှ သိရသည်။ ဈေးနှုန်းမှာ အရွယ် အစားနှင့်တီရှပ်အရည်အသွေးပေါ်မူတည်၍ ငွေကျပ် ၂၅၀၀ မှ ကျပ် ၈၀၀၀ ကျော်အထိရှိကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

[illegible]

၂၇-၁၀-၂၀၁၃ (တနင်္ဂနွေနေ့)

၅း၄၀	"သစ္စာသုက်ဖုံးတဲ့မေတ္တာမျက်လုံး" (အပိုင်း-၁)	၉း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၉၆)
	တရားတော် (ဆရာတော်အရှင်ဆန္ဒာဓိက)	၁၂း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၁၀၅)	၅း၃၅	သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၃၀	Elche - Granada	(Star Sports)
၂း၃၀	Levante - Espanyol	(Star Sports)
၅း၃၀	Sevilla - Osasuna	(Star Sports)
၁၀း၃၀	Villarreal - Valencia	(Star Sports)(MRTV-4)
နံနက်ပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၁၂း၃၀	Real Sociedad - Almeria	(Star Sports)
၂း၃၀	Athletic Club - Real Betis	(Star Sports)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ယာဉ်တိမ်းမှောက်သည့်ဖြစ်စဉ်များကြောင့် အောက်တိုဘာလအတွင်း ဒဏ်ရာရသူဦးရေတိုးလာ

ရန်ကုန် အောက်တိုဘာ ၂၆

ယခုလအတွင်းတွင် ခရီးသည်တင်ယာဉ်လိုင်းများ၌ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်များကြောင့် ဒဏ်ရာရသူဦးရေတိုးလာပြီး အောက်တိုဘာ ၁၅ ရက်အထိ ဒဏ်ရာရသူစုစုပေါင်း ၄၃ ဦးရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီမှ သတင်းရရှိသည်။

ထိုသို့ ဖြစ်ပွားမှုလျော့နည်းကျဆင်းစေရန် မထသ(ဗဟို)က ယာဉ်လိုင်းများတွင် လုပ်သက်နှစ်နှစ်မပြည့်သေးသော ယာဉ်လုပ်သားများကို အခြေခံသင်တန်း၊ လုပ်သက်နှစ်နှစ်ကျော်သော ယာဉ်လုပ်သားများကို မွမ်းမံသင်တန်းများ ပေးခဲ့ခြင်းများရှိသည်။

အဆိုပါ ၁၅ ရက်အတွင်း ခရီးသည်တင်ယာဉ်လိုင်းများတွင် ဖြစ်ပွားသော ယာဉ်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ယာဉ်နှင့်လူတိုက်မိသော ဖြစ်စဉ်မှာ တစ်ကြိမ်သာဖြစ်ပွားကာ ယာဉ်အချင်းချင်းတိုက်မိသော ဖြစ်စဉ် ခြောက်ကြိမ်ပါဝင်ပြီး လိုင်းပြေးဆွဲသောယာဉ်အချင်းချင်းနှင့်လည်းကောင်း၊ တက္ကစီယာဉ်နှင့်လည်းကောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ယာဉ်များနှင့်လည်းကောင်း တိုက်မိသော ဖြစ်စဉ်များလည်း ဖြစ်ပွားခဲ့သည်။

ထိုယာဉ်တိုက်တိမ်းမှောက်သော ဖြစ်စဉ်ပေါင်း ၁၄ ခုကြောင့် သေဆုံးသူငါးဦး၊ ဒဏ်ရာရသူ ၄၃ ဦး ရှိနေကြောင်း သိရှိရသည်။ ထက်နိုင်(စမ်းချောင်း)

[illegible]

နေပြည်တော် အောက်တိုဘာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်[illegible]
[illegible]တင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေ[illegible]
[illegible]လင်း၊ ကြေးမုံနှင့် The New Light of Myan[illegible]
[illegible]တင်းစာများကို အွန်လိုင်းအင်တာနက်မှတစ်ဆင့် [illegible]
Tablet နှင့် Mobile Phone များမှတစ်ဆင့် ကြ[illegible]
[illegible]နပျူတာမှတစ်ဆင့် ဖတ်ရှုလိုသူများနှင့် Downlo[illegible]
[illegible]းလိုသူများအတွက် www.moi.gov.mm/npe/[illegible]
[illegible]v.mm/npe/km၊ www.moi.gov.mm/npe/nlm[illegible]
[illegible]းမှတစ်ဆင့်ဖတ်ရှု သိမ်းဆည်းထားနိုင်ပါသည်။

Android Mobile Phone များနှင့် Table[illegible]
[illegible]တ်ရှုလိုသူများအတွက် m.moi.gov.mm/npe/ [illegible]
[illegible]m/npe/km၊ m.moi.gov.mm/npe/nlm Web[illegible]
[illegible]စ်ဆင့် ဖတ်ရှုနိုင်ပါသည်။ Android Mobile Pho[illegible]
[illegible]းမှ အလွယ်တကူတိုက်ရိုက်ဖတ်ရှုနိုင်ရန် apk [illegible]
[illegible]aystore ၏ Categories တွင် News and Magaz[illegible]
[illegible]နမ်ာအလင်း၊ ကြေးမုံနှင့် The New Light of M[illegible]
[illegible]ဆိပ်ပါ Application Icon များကိုနှိပ်ပြီး Insta[illegible]
[illegible]obile Phone များနှင့် Tablet များပေါ်တွင် တိုက်[illegible]
Download ချ၍ဖတ်ရှုခြင်းများ ပြုလုပ်နိုင်ပါသည်။
[illegible]၍ ဖတ်ရှုနိုင်ရန်အတွက် မိမိ Mobile Phone များန[illegible]
[illegible]င် Acrobat Reader Version ကို ဦးစွာ Install [illegible]
[illegible]သည်။

ipad၊ i Phone များအတွက် The Apple St[illegible]
[illegible]p ကို Free Download ချ၍ ဖတ်ရှုနိုင်ရန် ဆ[illegible]
[illegible]းမည်ဖြစ်ပါသည်။ သတင်းနှင့်[illegible]

မတ်ပဲနှင့်ကြက်သွန်ဈေးနှုန်းများ

ရန်ကုန် အောက်တိုဘာ ၂၆

မတ်ပဲဈေးနှုန်းများ ယခုနှစ်အတွင်း ဈေးအမြင့်ဆုံးသို့ အောက်တိုဘာလ ၂၅ ရက်တွင် ရောက်ရှိသကဲ့သို့ ကြက်သွန်နီဈေးနှုန်းများသည်လည်း အမြင့်ဆုံးဖြစ်လာသဖြင့် မတ်ပဲ၊ ကြက်သွန် လှောင်လက်များ အကျိုးအမြတ်များရရှိလာကြောင်း ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှ သိရသည်။

အောက်တိုဘာ ၂၅ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ်ခြောက်သိန်းနှုန်း၊ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာကျပ် ၈၀၀-၁၀၀၀-၁၁၀၀-၁၂၀၀ နှုန်းဖြစ်လာကြောင်း၊ ဈေးနှုန်းများမြင့်တက်လာသဖြင့် ကြက်သွန်နီ အဝယ်ခက်ပြီး အပုပ်များသဖြင့် ရွေးချယ်ဝယ်ယူရကြောင်း အဝယ်တော်များက ဆိုသည်။

ယခုနှစ် နှစ်ဆန်းပိုင်းတွင် မတ်ပဲ RC တစ်တန်မှာ ကျပ် ၄၇၀၀၀၀ နှုန်း၊ မေလနောက်ဆုံးပတ် တွင် ကျပ် ၅၇၇၀၀၀ နှုန်း၊ ဇူလိုင်လ ၃၀ ရက်တွင် ကျပ် ၄၅၆၀၀၀ နှုန်းရှိရာမှ အောက်တိုဘာ ၂၅ ရက် တွင် RC တစ်တန် ကျပ်ခြောက်သိန်း နှုန်းသို့ ဈေးမြင့်တက်လာသည့်အတွက် ပဲလက်ဝယ်ရှိသူများ အကျိုးအမြတ်များရရှိလာကြောင်း ပဲကုန်သည်များက ဆိုသည်။

၂၀၁၃ ဇန်နဝါရီလဆန်းတွင် မိုးကြက်သွန်နီ မြင်းခြံတစ်ပိဿာ ကျပ် ၅၀၀-၇၅၀-၈၅၀-၉၅၀ ရှိပြီး နွေကြက်သွန်နီပေါ်ချိန် ဧပြီလတွင် ဆိပ်ဖြူတစ်ပိဿာ ၂၄၀-၃၁၀-၃၂၅-၃၃၅ ကျပ်နှုန်းရှိသဖြင့် နွေကြက်သွန် လှောင်သမားများ အလုံးသေးလတ်ချောတစ်ပိဿာ

ကျပ် ၅၀၀၊
အစား တစ်ပိ[illegible]
အမြတ်ရရှိလာ[illegible]
၂၀၁၂ မိုးက[illegible]
တစ်ပိဿာ ကျ[illegible]
မြင့်သဖြင့် ၂၀[illegible]
စိုက်ပျိုး [illegible]
ကြက်သွန်နီ[illegible]
ဘင်္ဂလားဒေ့[illegible]
သဖြင့် ယခုကဲ[illegible]
ဖြစ်ကြောင်း [illegible]
များက ဆိုသ[illegible]
စားအုန်းဆီ[illegible]
လျှင် အောက်[illegible]
ဒေါ်လာ ၈၅၀၊
ဖြင့် ဆိပ်ကမ်း[illegible]
အရင်းဈေး [illegible]
ရန်ကုန်ဈေးက[illegible]
ရောင်းဈေးမှာ
၁၅၂၀ နှုန်းဖြ[illegible]
တိုဘာ ၃ ရက်[illegible]
၇၈၅ ဒေါ်လာ[illegible]
ပိဿာ ၁၄၅[illegible]
လက်ငင်းတစ်[illegible]
ကျပ် ၁၄၇၀ သ[illegible]
ပြည်တွင်း-ပြည်[illegible]
လာကြောင်း [illegible]
က ဆိုသည်။



ထူးချွန်ထက်မြက်သည့် သင်တန်းသားများဖြစ်အောင် ကြိုးစား

နေပြည်တော် အောက်တိုဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုထံမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၂)နှင့် မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်း အမှတ်စဉ်(၄၅)သို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများ ဩဝါဒခံယူပွဲကို ယနေ့ နံနက် ၉ နာရီတွင် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးဂုဏ်ဆောင် ထူးချွန်ထက်မြက်သည့် သင်တန်းသားများဖြစ်အောင် ကြိုးစားသွားကြရန်မှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာ[illegible] သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ[illegible] အလင်း၊ ကြေးမုံနှင့် The New Light of Myanmar နေ့စဉ်ထုတ်[illegible] သတင်းစာများကို အွန်လိုင်းအင်တာနက်မှတစ်ဆင့် မိမိတို့၏ကွန်ပျူတာ[illegible] Tablet နှင့် Mobile Phone များမှတစ်ဆင့် ကြည့်ရှုနိုင်ပြီဖြစ်သည်[illegible] ကွန်ပျူတာမှတစ်ဆင့် ဖတ်ရှုလိုသူများနှင့် Download ချပြီးသိမ်းဆည်[illegible] ထားလိုသူများအတွက် www.moi.gov.mm/npe/mal၊ www.moi.gov.mm/npe/km၊ www.moi.gov.mm/npe/nlm Website လိပ်စ[illegible] များမှတစ်ဆင့်ဖတ်ရှု သိမ်းဆည်းထားနိုင်ပါသည်။

Android Mobile Phone များနှင့် Tablet များမှတစ်ဆင့် ဖတ်ရှုလိုသူများအတွက် m.moi.gov.mm/npe/ mal၊ m.moi.gov.mm/npe/km၊ m.moi.gov.mm/npe/nlm Website လိပ်စာများ[illegible] တစ်ဆင့် ဖတ်ရှုနိုင်ပါသည်။ Android Mobile Phone များနှင့် Table[illegible] များမှ အလွယ်တကူတိုက်ရိုက်ဖတ်ရှုနိုင်ရန် apk အတွက် googl[illegible] playstore ၏ Categories တွင် News and Magazines ကိုရွေးချယ်[illegible] မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar စာသာ[illegible] တံဆိပ်ပါ Application Icon များကိုနှိပ်ပြီး Install လုပ်ယူကာ မိ[illegible] Mobile Phone များနှင့် Tablet များပေါ်တွင် တိုက်ရိုက်ဖတ်ရှုခြင်းနှ[illegible] Download ချ၍ဖတ်ရှုခြင်းများ ပြုလုပ်နိုင်ပါသည်။ ထိုသို့ Downloa[illegible] ချ၍ဖတ်ရှုနိုင်ရန်အတွက် မိမိ Mobile Phone များနှင့် Tablet များပေါ်[illegible] တွင် Acrobat Reader Version ကို ဦးစွာ Install လုပ်ထားရန် လိုအ[illegible] ပါသည်။

ipad၊ i Phone များအတွက် The Apple Store တွင် Mobil[illegible] app ကို Free Download ချ၍ ဖတ်ရှုနိုင်ရန် ဆက်လက်ဆောင်ရွက်[illegible] သွားမည်ဖြစ်ပါသည်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်[illegible]

ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့်ကိစ္စ ဒေသခံများစိုးရိမ်စရာမလို

ကလေး အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် မစိန်ကျေးရွာအုပ်စု နန်းမော်ကယ်ကျေးရွာ အနောက်တောင်ဘက် ကလေးဝ-မော်လိုက် ကားလမ်းမကြီး၏ အနောက်ဘက်တွင် ၅၄၀ မဂ္ဂါဝပ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံကို စင်ကာပူနိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုနှင့် ထွန်းသွင်သတ္တုတူးဖော်ရေးကုမ္ပဏီတို့ ပူးပေါင်းကာ ဆောင်ရွက်သွားနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။(အောက်ပုံ)

"လျှပ်စစ်ဓာတ်အားက မြန်မာနိုင်ငံမှာ အဓိကလိုအပ်နေတယ်ဆိုတာကို လက်ခံပါတယ်၊ လျှပ်စစ်ဓာတ်အားစက်ရုံတည်မယ့်ကိစ္စကို ဒေသခံပြည်သူတွေနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးသင့်တယ်၊ ဆွေးနွေးဖို့တော့လာတယ်၊ အစည်းအဝေးခေါ်တယ်ဆိုတာကိုတော့ ကြားရတယ်" ဟု မထုကျေးရွာမှ ပြည်သူတစ်ဦးက ပြောသည်။

"[illegible]တိုးတက်လာလေလေ လျှပ်စစ်ဓာတ်အားလိုအပ်ချက်က မြင့်မားလာလေလေပါပဲ၊ ဂျပန်တို့၊ အမေရိကန်တို့မှာဆိုရင် လျှပ်စစ်ဓာတ်အားကို နည်းအမျိုးမျိုးနဲ့ ထုတ်လုပ်နေတာကို တွေ့ရပါတယ်၊ မဂ္ဂါဝပ်လေးသောင်း၊ ငါးသောင်းကျော်ကို ထုတ်တာပါ၊ အရှေ့တောင်အာရှမှာဆိုရင်လည်း မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုက အနိမ့်ဆုံးအဆင့်မှာပဲ ရှိပါသေးတယ်၊ လျှပ်စစ်ဓာတ်အားသာ ရရှိမယ်ဆိုရင် လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမှာပါ"ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

"ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ လျှပ်စစ်ဓာတ်အားကို နည်းအမျိုးမျိုးနဲ့ ထုတ်လုပ်နေတာကို လေ့လာရင် တွေ့နိုင်ပါတယ်၊ ပထမစရိတ်အသက်သာဆုံးနဲ့ ကုန်ကျမှုအနည်းဆုံးက ရေအားလျှပ်စစ်ပါပဲ၊ နောက်ပြီးတော့ အဆင့်ဆင့် ဒိုင်အိုက်(စ်)နဲ့ ထုတ်တယ်၊ ကျောက်မီးသွေးနဲ့ ထုတ်တယ်၊ နျူကလီးယားနဲ့ ထုတ်တယ်၊ ဂျပန်နိုင်ငံမှာဆိုရင်လည်း ဆူနာမီဖြစ်ပြီးနောက်ပိုင်း နျူကလီးယားဓာတ်ပေါင်းဖိုတွေ အသုံးပြုဖို့ မသင့်တော့တာကြောင့် အင်ဂျင်နီးယားများက ကျောက်မီးသွေးကိုယူပြီး လျှပ်စစ်ဓာတ်အားထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်နေတယ်၊ ပတ်ဝန်းကျင်နဲ့ လူမှုရေးထိခိုက်မှုတွေကို သူ့အချိန်၊ သူ့ကဏ္ဍအလိုက် စစ်ဆေးဆောင်ရွက်သွားရမှာ ဖြစ်တယ်၊ ဒါကြောင့် ကျောက်မီးသွေးနဲ့ လျှပ်စစ်ဓာတ်အားထုတ်မယ့်ကိစ္စကို မစိုးရိမ်ကြရန်" အောက်တိုဘာ ၂၃ ရက်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကလေးမြို့တော်ခန်းမ တွေ့ဆုံပွဲတွင် ပြောကြားသွားကြောင်း သိရသည်။

(လင်းလက်ကြယ်စ[illegible])

ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်သည် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံတွင်ကျင်းပသည့် အဆင့်မြင့်ဝန်ကြီးများ၏ အဆင့်မြင့်နည်းပညာကောလိပ်များနှင့် ကမ္ဘာ့ပညာရေးစီမံခန့်ခွဲမှုပညာကျောင်း လေ့လာရေးခရီးစဉ်သို့ သွားရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မတ်ပဲနှင့်ကြက်သွန်ဈေးနှုန်းများ မြင့်တက်လာ

ရန်ကုန် အောက်တိုဘာ ၂၆

မတ်ပဲဈေးနှုန်းများ ယခုနှစ်အတွင်း ဈေးအမြင့်ဆုံးသို့ အောက်တိုဘာလ ၂၅ ရက်တွင် ရောက်ရှိသကဲ့သို့ ကြက်သွန်နီဈေးနှုန်းများသည်လည်း အမြင့်ဆုံးဖြစ်လာသဖြင့် မတ်ပဲ၊ ကြက်သွန် လှောင်လက်များ အကျိုးအမြတ်များရရှိလာကြောင်း ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှ သိရသည်။

အောက်တိုဘာ ၂၅ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ်ခြောက်သိန်းနှုန်း၊ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာကျပ် ၈၀၀-၁၀၀၀-၁၁၀၀-၁၂၀၀ နှုန်းဖြစ်လာကြောင်း၊ ဈေးနှုန်းများမြင့်တက်လာသဖြင့် ကြက်သွန်နီအဝယ်ခက်ပြီး အပုပ်များသဖြင့် ရွေးချယ်ဝယ်ယူရကြောင်း အဝယ်တော်များက ဆိုသည်။

ယခုနှစ် နှစ်ဆန်းပိုင်းတွင် မတ်ပဲ RC တစ်တန်မှာ ကျပ် ၄၇၀၀၀၀ နှုန်း၊ မေလနောက်ဆုံးပတ် တွင် ကျပ် ၅၇၇၀၀၀ နှုန်း၊ ဇူလိုင်လ ၃၁ ရက်တွင် ကျပ် ၄၅၆၀၀၀ နှုန်းရှိရာမှ အောက်တိုဘာ ၂၅ ရက် တွင် RC တစ်တန် ကျပ်ခြောက်သိန်း နှုန်းသို့ ဈေးမြင့်တက်လာသည့်အတွက် ပဲလက်ဝယ်ရှိသူများ အကျိုးအမြတ်များရရှိလာကြောင်း ပဲကုန်သည်များက ဆိုသည်။

၂၀၁၃ ဇန်နဝါရီလဆန်းတွင် မိုးကြက်သွန်နီ မြင်းခြံတစ်ပိဿာ ကျပ် ၅၀၀-၇၅၀-၈၅၀-၉၅၀ ရှိပြီး နွေကြက်သွန်နီပေါ်ချိန် ဧပြီလတွင် ဆိပ်ဖြူတစ်ပိဿာ ၂၄၀-၃၀၀-၃၂၅-၃၃၅ ကျပ်နှုန်းရှိသဖြင့် နွေကြက်သွန် လှောင်သမားများ အလုံးသေးလက်ချောတစ်ပိဿာ ကျပ် ၅၀၀၊ အလုံးကြီးရှယ်အမျိုးအစား တစ်ပိဿာ ကျပ် ၉၀၀ သို့ အမြတ်ရရှိလာကြောင်း၊ ယခုနှစ်တွင် ၂၀၁၂ မိုးကြက်သွန်ဈေးနှုန်းများ တစ်ပိဿာ ကျပ် ၁၈၅၀ နှုန်းထိ ဈေးမြင့်သဖြင့် ၂၀၁၃ နွေကြက်သွန်နီပိုမိုစိုက်ပျိုး အထွက်ပိုသော်လည်း ကြက်သွန်နီထွက်ရှိရာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့မှ အဝယ်ရှိလာသဖြင့် ယခုကဲ့သို့ ဈေးမြင့်လာခြင်းဖြစ်ကြောင်း ကြက်သွန်အဝယ်တော်များက ဆိုသည်။

စားအုန်းဆီပြည်ပ FOB တစ်တန်လျှင် အောက်တိုဘာ ၂၄ ရက်တွင် ဒေါ်လာ ၈၅၀၊ ငွေလဲနှုန်း ၉၇၃ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေး ကျပ် ၁၅၅၀ ဖြစ်ပြီး ရန်ကုန်ဈေးကွက်တွင် လက်ငင်းရောင်းဈေးမှာ တစ်ပိဿာ ကျပ် ၁၅၂၀ နှုန်းဖြစ်ကြောင်း၊ အောက်တိုဘာ ၃ ရက်တွင် FOB တစ်တန် ၇၉၅ ဒေါ်လာ အရင်းဈေး တစ်ပိဿာ ၁၄၅၄ ကျပ်၊ ရန်ကုန်လက်ငင်းတစ်ပိဿာ ရောင်းဈေး ကျပ် ၁၄၇၀ သာရှိခဲ့၍ စားအုန်းဆီ ပြည်တွင်း-ပြည်ပဈေးနှုန်းများ တက်လာကြောင်း ဆီရောင်းဝယ်သူများက ဆိုသည်။ (မောင်စေအောင်)

ညောင်ရွှေမြို့နယ်တွင် ပုလဲသွယ်စပါး မျိုးစေ့ထုတ် ဝတ်မှုန်ကူးပွဲကျင်းပ

ညောင်ရွှေ အောက်တိုဘာ ၂၆

၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါးစိုက်ပျိုးမှုတွင် အထူးအထွက်တိုးပုလဲသွယ်(၂) စပ်မျိုးစပါး ရှစ်ဧက ဝတ်မှုန်ကူးပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၁၁ နာရီက ညောင်ရွှေမြို့နယ် တီလောကျေးရွာအုပ်စု ကွင်းအမှတ်(၅) ဦးပိုင် ၁၁ ရှိ တောင်သူဦးမဲ၏ လယ်မြေတွင် ကျင်းပခဲ့ကြောင်း သိရသည်။

"ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့များကို မိမိတို့ဒေသအတွင်း ထုတ်လုပ်၍ တောင်သူများ အလွယ်တကူ ဝယ်ယူရရှိနိုင်ရန် ဈေးနှုန်းချိုသာစွာဖြင့် တောင်သူလက်ဝယ်အရောက်ဝယ်ယူစိုက်ပျိုးနိုင်စေရန်အတွက် ယခုကဲ့သို့ မျိုးစေ့ထုတ်လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါးရာသီတွင် မျိုးစေ့ထုတ်လုပ်ငန်း ရှစ်ဧကကို ဆောင်ရွက်ခဲ့ရာ လာမည့် နွေစပါးရာသီတွင် ဧက ၁၀၀၀ အတွက် မျိုးစေ့များ ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း" မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်ဝင်းထွန်းက ရှင်းပြသည်။

ဝတ်မှုန်ကူးပွဲတွင် မျိုးစေ့ထုတ်လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှု၊ ဒေသအတွင်းရှိ စပါးမျိုးကွဲများနှင့် ပုလဲသွယ်စပါး ယှဉ်ပြိုင်စံပြကွက်များ၊ မိုးစပါးစံပြကွက် ဧက ၅၀ အောင်မြင်ဖြစ်ထွန်းမှုနှင့် ကြိုးဖြင့် ဖြည့်စွက်ဝတ်မှုန်ကူးခြင်း ဆောင်ရွက်မှုတို့ကို ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလု၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်/ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။(ဓါတ်ပုံ)

(နေမျိုးသူရိန်-ညောင်ရွှေ)

ယနေ့နံနက် ၉ နာရီခွဲထိ
မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်တွင် နေရာကွက်ကျား၊ [illegible]ကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ [illegible]ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်[illegible]င်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး [illegible]လေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် [illegible]ချင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ[illegible]ရေချိန်များမှာ အုတ်ဖိုမြို့တွင် ၃ ဒသမ ၄၀ လက်မ၊ ဇန်းမော်မြို့တွင် [illegible]၃ ဒသမ ဝ၃ လက်မ၊ ရန်ကုန် (မြို့လယ်)တွင် ၂ ဒသမ ၉၉ လက်မ၊ [illegible]ကုန် (ကမ္ဘာအေး)တွင် ၂ ဒသမ ၆၀ လက်မ၊ ပဲခူးမြို့တွင် ၂ ဒသမ [illegible] လက်မ၊ တောင်တွင်းကြီးမြို့နှင့် သာယာဝတီမြို့တို့တွင် ၂ ဒသမ ၂၈ [illegible]က်မစီနှင့် ကျောက်ဆည်မြို့တွင် ၁ ဒသမ ၉၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် [illegible]မ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် [illegible]စ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ [illegible]ပ္ပင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် [illegible]စ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့[illegible]လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

[illegible]မာနိုင်ငံအလယ်ပိုင်းဒေသ[illegible]ား[illegible]င် မိုးဆက်လက်ပိုနေမည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇--၁၀--၂၀၁၃ (တနင်္ဂနွေနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၀၅	မင်းကွန်းဆရာတော်ကြီး၏အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
၆း၄၅	"ထူးမြတ်တင့်ဆန်း ကြာသတ်နီး"
[illegible]း၁၅	လောကနီတိ "အိုးထိန်းသည်" (၁)
[illegible]း၀၀	ဝိတတ်ခါးလေးဖွင့်ပါဦး (စိန်မြင့်၊ အောင်လွင်၊ ဇိုးပါကြီး၊ ခင်သန်းနု) (ဒါရိုက်တာ-စံရွှေမောင်)
၄း၂၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅း၀၅	ဆိုကြမယ်၊ ပျော်ကြမယ်
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း
[illegible]	[illegible]



တိုင်းနိုင်ငံတစ်ခုတွင် အုပ်ချုပ်သူမင်းတို့ရှိ၏။ အမှုထမ်းအရာထမ်းအပါအဝင် ပြည်သူပြည်သားတို့သည်လည်းရှိ၏။ ထိုတိုင်းနိုင်ငံကိုအုပ်ချုပ်သောမင်းတို့သည် ကတိတည်ရသည်။ တိုင်းသူပြည်သားတို့က သစ္စာရှိရသည်၊ ကတိတည်သူများနှင့် သစ္စာစောင့်သိသူများ စုရုံးပေါင်းစည်းညီညွတ်ကြသောအခါ နိုင်ငံတော်သစ်ကို ထူထောင်နိုင်ခဲ့ကြခြင်းဖြစ်သည်။

အုပ်ချုပ်သူမင်းတို့သည် ကတိတည်နိုင်စေရန် ငါးပါးသီလမြဲရုံမက အဂတိတရားလေးပါးကိုကင်းရှင်းစွာ ကျင့်ကြံနိုင်ကြဖို့ပင်ဖြစ်သည်။ ယင်းအဂတိတရားလေးမှာ-

၁။ ဆန္ဒာဂတိ (ချစ်၍တစ်ဖက်သတ်ဆုံးဖြတ်ခြင်း)
၂။ ဒေါသာဂတိ (အမျက်ဒေါသကြောင့် တစ်ဖက်သတ်ဆုံးဖြတ်ခြင်း)
၃။ ဘယာဂတိ (ကြောက်ရွံ့၍ တစ်ဖက်သတ်ဆုံးဖြတ်ခြင်း)
၄။ မောဟာဂတိ (တွေဝေနေ၍ တစ်ဖက်သတ်ဆုံးဖြတ်ခြင်း) တို့ပင်ဖြစ်သည်။

'သစ္စာ'ဆိုသည်မှာ အမှန်တရားပင်ဖြစ်သည်၊ လူတိုင်းသည် အမှန်သစ္စာတရားကိုရှာဖွေ၍ မိမိဘဝကြီးပွားတိုးတက်စေရန် ကျင့်သုံးအပ်သည်၊ 'တရားသစ္စာ၊ တည်သောခါဝယ်၊ ဩဇာလက်နက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏' ဟူသော စာအလင်္ကာသည် သစ္စာတရား၏ တန်ဖိုးကြီးမားပုံကို ဖော်ပြနေခြင်းဖြစ်သည်။

ရှေးအခါက တောကြီးမျက်မည်းထဲတွင်လူတစ်ယောက် ရောဂါဝေဒနာဖြစ်ကာ သေလုမျောပါးဖြစ်နေ၏။ ကုသပေးမည့် ဆရာမရှိ ဆေးမရှိ၊ ၎င်းနှင့်အတူပါလာသူက သစ္စာဆိုပြီး ဤသစ္စာမှန်ကန်ပါက နွယ်မြက်သစ်ပင်ဆေးဖက်ဝင်ပါစေဟု တိုင်တည်ကာ လူနာအားနွယ်မြက်သစ်ရွက်များကို တိုက်ကျွေး၏၊ သစ္စာတရား၏မှန်ကန်မှုကြောင့် ဆေးဖက်ဝင်ကာ လူနာမှာရောဂါပျောက်လေ၏၊

လောကတွင် အမှန်နှင့်အမှားသည် ဒွန်တွဲနေလေ့ရှိသည်။ သို့သော်လူတို့သည် 'ငါ'ဟူသော အတ္တအကျိုးကိုရှေ့တန်းတင်မိသောအခါ သိလျက်နှင့်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ အမှားကိုကျူးလွန်မိတတ်ကြသည်၊ အမှားကိုကျူးလွန်မိကြောင်းသိသောအခါ အမှန်သို့ ဦးတည်လာသူများရှိသကဲ့သို့ အမှားသံသရာတွင် ဝဲလည်နေကာ အမှားမှ ရုန်းမထွက်နိုင်သူများလည်းရှိ၏၊

စင်စစ်လောကတွင် လူ့ယောဂကြောင့် အကျင့်စာရိတ္တများ ပျက်ယွင်းလာသောအခါ အမှန်တရားကိုဥပေက္ခာပြု၍ အမှားပြုခြင်းဘက်သို့ ယိုင်နဲ့လာကြခြင်းဖြစ်သည်၊ ဥပမာ ရောင်းဝယ်ဖောက်ကားကြရာတွင် အလေးချိန်၊ တင်း၊ တောင်း၊ ပိဿာ၊ ကျပ်သား စသဖြင့် အတိအကျမှန်မှန်ကန်ကန် သတ်မှတ်ထားပြီးဖြစ်၏။ လူတို့သည် ယင်းအမှန်တရားအပေါ်တွင် သစ္စာမတည်ကြည် ပျက်ယွင်းလာကြသည်၊ တစ်ပိဿာကလည်း ပိဿာမပြည့်၊ တစ်ပြည်ကလည်း နို့ဆီဗူးစ်လုံးမရှိ ဂါလန်ကလည်း ဂါလန်အပြည့်မရတော့၊ ယင်းမှာ အမှန်တရားအပေါ် သစ္စာဖောက်ခြင်းပင်ဖြစ်သည်။ ဤသို့ဖြင့် နေရာဌာနမျိုးစုံတို့တွင် သစ္စာပျက်ယွင်းလာခြင်းသည် လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားနှင့် တိုက်ရိုက် ထိပါးလာစေခြင်းပင်ဖြစ်သည်၊

ကောင်းသောကိုယ်ကျင့်တရားဆိုသည်မှာ ယေဘုယျအားဖြင့် သစ္စာတရားကိုအလေးထားခြင်း၊ ရိုးသား၍ကြိုးစားခြင်း၊ စိတ်ကောင်းစေတနာကောင်းရှိခြင်း၊ စည်းကမ်းတကျနေထိုင်ဆောင်ရွက်တတ်ခြင်း၊ အလုပ်ကိုလေးစားခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်း၊ ကျေးဇူးသိတတ်ခြင်း၊ ကြင်နာသနားတတ်ခြင်း စသည်တို့ပင်ဖြစ်သည်။ လူတို့သည် ပညာပိုင်းတွင်တစ်ဦးနှင့်တစ်ဦး ကွာလွန်းလှသည်မဟုတ်သော်လည်း အောင်မြင်မှုရရှိသူနှင့် မရသူတို့ ကွာခြားသွားခြင်းမှာ ကိုယ်ကျင့်တရားက စကားပြောသွားခြင်းပင်ဖြစ်သည်။

အမှန်သစ္စာဆိုသည်မှာ ယောက်ျား၊ မိန်းမနှင့်ခွဲခြားသက်ဆိုင်သည်မဟုတ်၊ ယောက်ျားတိုင်းသစ္စာရှိသည်မဟုတ်သကဲ့သို့ မိန်းမတိုင်းလည်း သစ္စာမဲ့သူများမဟုတ်ကြပါ၊ ထို့ကြောင့် "မိန်းမသစ္စာ မှုသားသာတည်း" ဆိုသည်မှာ အခါခပ်သိမ်းမမှန်နိုင်ချေ။ မိန်းမတို့၏သစ္စာကြီးမားပုံကို "အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗုလ" ဆိုသည့် တော်လေးဝဝင် သမ္ဗုလ၏ဖြစ်ရပ်တွင် တွေ့နိုင်သည်။

သောတ္ထိသေနမင်းသားသည် ကုဋ္ဌနာစွဲကပ်သဖြင့် တိုင်းပြည်မှနှင်ထုတ်ခံရသည်၊ ကြင်ရာတော်သမ္ဗုလမင်းသမီးက မယားကောင်းပီသစွာ တောသို့လိုက်ပါ၍ ဝတ်ကြီးဝတ်ငယ်ပြု၏။ တစ်နေ့တွင် မင်းသားက သမ္ဗုလအား ဖောက်ပြန်သည်ဟု စွပ်စွဲရာ သမ္ဗုလကမဖောက်ပြန်ပါကြောင်းကို သမ္မာဒေဝနတ်ကောင်းနတ်မြတ်များအား တိုင်တည်သစ္စာဆိုလေသည်။ ယင်းသစ္စာတရား၏တန်ခိုးအာနိသင်ကြောင့် သောတ္ထိသေနမင်းသားရောဂါပျောက်ကင်းသွား၏။ အမရာမှာလည်း ပညာကြီးမားမှုတွင် ထင်ရှား၏။

လူ့ဘောင်အဖွဲ့အစည်းအတွင်း နေထိုင်ကြသူတို့သည် သစ္စာတရားကို အပြန်အလှန် မှန်မှန်ကန်ကန်ထိန်းကျောင်းနိုင်ကြဖို့လိုသည်။ တစ်ဖက်နှင့်တစ်ဖက် သစ္စာတရား အပြန်အလှန် ပျက်ယွင်းနေကြလျှင် 'သံကိုကြွက်စား၊ သားကိုစွန်ချီ'သည့် ကိန်းဆိုက်ပေရော့မည်။ သံကုန်သည်က မိမိထံအပ်နှံထားသည့်သံများကို အလွဲသုံးစားပြု၍ ကြွက်စားသွားပြီဟုဆင်ခြေပေးသည်၊ ထိုအခါ ယင်းစကားကို တေးမှတ်ထားပြီး မိမိနှင့်အတူပါလာသည့် သံကုန်သည်၏ သားကိုဖွက်ထား၍ သားကို စွန်ချီသွားပြီဟု တုံ့ပြန်လေ၏။ ဤသို့တစ်ဖက်နှင့် တစ်ဖက်သစ္စာပျက်ယွင်းခြင်းဖြင့် နှစ်ဖက်စလုံး အကျိုးစီးပွားပျက်ကြမည်သာဖြစ်သည်။

စင်စစ်တိုင်းနိုင်ငံကြီးသည် ခက်လက်ဝေဆာအရိပ်အာဝါသကောင်းမွန်လှသည့် ခိုနားချင်ဖွယ်ရာသစ်ပင်ကြီးနှင့်တူပါသည်၊ ပြည်သူပြည်သားတို့သည် ယင်းသစ်ပင်ကြီးတွင် ခိုမှီနေထိုင်ကြသည်။ ကျေးဇူးရှင်သာရကာများနှင့်တူ၏၊ ကျေးဇူးရှင်တို့ 'အရိပ်နေနေ အခက်ချိုးချိုး' မပြုသင့်သကဲ့သို့ နိုင်ငံသားအပေါင်းတို့ကလည်း နိုင်ငံ၏အကျိုးစီးပွားပျက်စီးရာပျက်စီးကြောင်းမပြုသင့်ကြပေ၊ သစ္စာစောင့်သိခြင်းသည် နိုင်ငံသားတိုင်း၏အဓိကတာဝန်တစ်ခုဖြစ်သည်၊

ထို့ကြောင့် 'သစ္စာသည်သာအမြတ်ဆုံး' ဟု ဗုဒ္ဓက ဟောကြားခဲ့၏။ သစ္စာတရားဆိုသည်မှာ အထူးကျင့်ကြံအားထုတ်နေရသည့်အရာမဟုတ်။ 'မှန်တာလုပ် ဟုတ်တာပြောခြင်း' သည်ပင်လျှင် သစ္စာစောင့်ထိန်းခြင်းဖြစ်သည်၊ သစ္စာတရားသည် တန်ခိုးအာနိသင်ကြီးမား၏၊ လူတစ်ဦး၏အလှကို ဆင်နိုင်သကဲ့သို့ နိုင်ငံကိုလည်း အလှဆင်နိုင်သည်၊ လောကတစ်ခွင်လုံးကိုလည်း အလှဆင်နိုင်သည်၊ ခမ်းနားထည်ဝါတင့်တယ်စေနိုင်သည်၊ ဤသို့ဖြင့် အုပ်ချုပ်သူမင်းတို့က ကတိတည်ကြည်၍ တိုင်းသူပြည်သားများက သစ္စာပြည့်ဝကြသောအခါ နိုင်ငံတော်သစ်ကို ခိုင်ကျည်စွာ တည်ဆောက်နိုင်ကြအံ့။ ၊

ချစ်ကြည်ရေး နယ်စပ်ခရီးသွားလာရေး ကားမောင်းအဖွဲ့ ကလေးမြို့တွင် ညအိပ်ရပ်နား

ကလေး အောက်တိုဘာ ၂၆

ဒေသတွင်း နိုင်ငံများအချင်းချင်း ယဉ်ကျေးမှုများ သိရှိလေ့လာမှုပြုနိုင်ရန်နှင့် ချစ်ကြည်ရင်းနှီးမှုများတိုးပွားလာစေရန်ရည်ရွယ်၍ ထိုင်းနိုင်ငံအခြေစိုက်ကုမ္ပဏီ TRANS ASIA ROUTE Co., Ltd. နှင့် မြန်မာနိုင်ငံ မင်္ဂလာရှုခင်း ခရီးသွားလာရေးကုမ္ပဏီတို့ ပူးပေါင်း၍ ပြုလုပ်သော ချစ်ကြည်ရေးနယ်စပ် ခရီးသွားလာရေး ကားမောင်းအဖွဲ့ သည် ကလေးမြို့သို့ အောက်တိုဘာ ၂၂ ရက် ည ၈ နာရီ ခန့်တွင် ရောက်ရှိလာကြပြီး နောက်တစ်နေ့ နံနက်ပိုင်းတွင် ကလေး-ဂန့်ဂေါ လမ်းအတိုင်း ပြန်လည်ထွက်ခွာသွားကြသည်။(အပေါ်ပုံ)

အဆိုပါ ချစ်ကြည်ရေးနယ်စပ် ခရီးသွားလာရေး ကားမောင်းအဖွဲ့တွင် မလေးရှားလူမျိုး ၃၂ ဦး၊ စင်ကာပူ ခုနစ်ဦး၊ ဘရူနိုင်း တစ်ဦး၊ ပြင်သစ်တစ်ဦး၊ ချက်နှစ်ဦး၊ ဩစတြေးလျ နှစ်ဦး၊ ဂျာမနီ နှစ်ဦး စုစုပေါင်း ၆၂ ဦး ပါဝင်ပြီး ကား ၂၁ စီး၊ ဆိုင်ကယ်တစ်စီး၊ ကုန်တင်ကား တစ်စီးပါဝင်ပြီး ကားတံခါးပေါက်များတွင် မြန်မာ၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ လာအို၊ တရုတ်၊ အိန္ဒိယ၊ ချက်အလံများ ကပ်ထားသည်ကိုလည်း တွေ့ရသည်။

အဆိုပါ ကားမောင်းအဖွဲ့သည် ပုံတောင်ပုံညာ လမ်းအတိုင်း သွားရောက်မည်ဖြစ်ပြီး ဂုဏ်၊ ညောင်ဦးမှတစ်ဆင့် မြဝတီမြို့များသို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်၊ (လမ်းလက်ဩယ်စင်)





လှိုင်သာယာရှိ

ကျူးကျော်တဲများဖယ်ရှားပေးရန် အကြောင်းကြားစာပေးပို့

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် လမ်းမကြီးနံဘေး စက်မှုဇုန်ရှိ မင်းကြီးမဟာမင်းခေါင် လမ်းမကြီးတစ်လျှောက်ရှိ စည်ပင်ပိုင်လမ်းနယ်မြေတွင် ဆောက်လုပ်နေထိုင်လျက်ရှိသည့် ကျူးကျော်တဲ၊ ဈေးဆိုင်နှင့် ဓာတ်ဆီဆိုင်များအား ရှင်းလင်းဖယ်ရှားပေးရန် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက (၅)ကြိမ်မြောက်အသိပေးအကြောင်းကြားစာများ ပေးပို့ခဲ့ကြောင်း သိရသည်။

"အောက်တိုဘာ ၂၇ ရက်နေ့ နောက်ဆုံးထားပြီး ဖယ်ရှားပေးရမယ်လို့ စာထဲမှာပါတယ်၊ ဒီနေရာက ကားလမ်းမကြီးကို ကျောပေးပြီး နေထိုင်တဲ့သူတွေ များတယ်၊ လှိုင်သာယာကျူးကျော်တဲတွေရှိတဲ့ အထဲမှာ ဒီလမ်းတစ်လျှောက်ကို စာပို့ပြီးဖယ်ရှားဖို့အသိပေးစာပို့တာအများဆုံးပဲ၊ အိမ်လခတစ်လ သုံးသောင်းပေးဖို့ မတတ်နိုင်ဘူး၊ ဒီနေရာကဖယ်ရရင် အခြားနေရာမှာ သွားနေရမှာပါ၊ မိသားစုစားဝတ်နေရေးက ရှိသေးတယ်လေ" ဟု ရေဥတ္တံကျေးရွာ ဇုန်(၃)အပိုင်းရှိ မင်းကြီးမဟာမင်းခေါင်လမ်းတွင် နေထိုင်လျက်ရှိသော လက်လုပ်လက်စားတစ်ဦးက ပြောကြားသည်။

ရန်ကုန်-ပုသိမ်လမ်းမရှိ စက်မှုဇုန်မှတ်တိုင်မှ BOC အပိုင်းထိ မင်းကြီးမဟာမင်းခေါင်လမ်းတစ်လျှောက်တွင် ကျူးကျော်တဲ ၅၀၀ ကျော် နေထိုင်လျက်ရှိပြီး ရွှေသံလွင်စက်မှုဇုန်ပတ်လမ်းတစ်လျှောက်တွင်လည်း ကျူးကျော်တဲ ၆၀၀ ကျော် နေထိုင်လျက်ရှိရာ ရာသီဥတုပွင့်လင်းလာပြီဖြစ်၍ ရပ်ကွက်၊ ကျေးရွာများတွင် နေ့စဉ်ကျူးကျော်တဲများ ဆောက်လုပ်လျက်ရှိပြီး အမှတ် (၃)ရပ်ကွက်နှင့် အမှတ် (၅)ရပ်ကွက်တို့၌ မိုးရာသီကာလကပင် တဖြည်းဖြည်း တိုးပွားလာသော ကျူးကျော်တဲများတိုးချဲ့နေထိုင်လာသည်မှာ ယနေ့အချိန်တွင် ဖြေရှင်းရန်ခက်ခဲနေသည့်ပြဿနာတစ်ရပ်အဖြစ် မြို့နယ်မှ တာဝန်ရှိသူများရင် ဆိုင်ရလျက်ရှိကြောင်း သိရသည်။ သန်းထိုက်(လှိုင်သာယာ)

ကန့်လန့်ကာနောက်ကွယ်မှ ကိုယ်ပိုင်စိတ်ကူးဖန်တီးသူ အရိပ်ဒီဇိုင်နာတို့ဘဝ

ဒီဇိုင်းဟုဆိုလိုက်လျှင်ပင် လူအများမျက်လုံးထဲတွင် ကွက်ကွက်ကွင်းကွင်းမြင်သာထင်သာအောင် စိတ်ကူးရေးဆွဲရသော အနုပညာဖန်တီးမှုပညာရပ်တစ်ခုဖြစ်သည်၊ အဆိုပါအနုပညာ ဖန်တီးမှုများအတွက် ငွေကြေးနှင့် အခြားကိုယ်ပိုင် ဥပဒေပြဋ္ဌာန်းမှုများကြောင့် ဖန်တီးသူတို့၏ နာမည်ကို ထုတ်ဖော်ခွင့်ပိတ်ပင်တားဆီးမှုများ ယနေ့ခေတ်ကာလအချိန်အထိ ပြည်တွင်းစီးပွားရေးနယ်ပယ်အချို့တွင် တွေ့မြင်ရသည်၊ ငွေကြေးချမ်းသာသူ လုပ်ငန်းရှင်အချို့မှ မတန်တဆ လစာနှင့် ခံစားခွင့်ကိုပေးကာ လခစားဝန်ထမ်းသဖွယ်တာဝန်ထမ်းဆောင်နေရပြီး မိမိ၏ကိုယ်ပိုင်စိတ်ကူးဉာဏ်များဖြင့် အနုပညာဖန်တီးမှုများကို လက်ဝါးကြီးအုပ်ချယ်လှယ်မှုများ ယနေ့လွတ်လပ်ပွင့်လင်းသော အစိုးရလက်ထက်အထိ တွေ့မြင်ရသည်၊ အဆိုပါလက်ဝါးကြီးအုပ် ချယ်လှယ်မှုများတွင် ကိုယ်ပိုင်ဖန်တီးမှုအနုပညာရပ်များပါဝင်ပြီး မိသားစုနှင့် ငွေကြေးချို့တဲ့မှုများကြောင့် အမည်နာမထုတ်သုံးခွင့်မရရှိသော ဒီဇိုင်နာပညာရှင်အများအပြားကို တွေ့မြင်ရသည်၊ ဒီဇိုင်းများကို ဖန်တီးရေးဆွဲမှုအတွက် Graphic Desginen ဖက်ရှင်ဒီဇိုင်းနှင့် အလှအပဖန်တီးသူများ၊ ဓာတ်ပုံဒီဇိုင်နာများ၊ အဆောက်အအုံဒီဇိုင်းဖန်တီးသူများ အစရှိသည်ဖြင့် အမျိုးမျိုးသော ဒီဇိုင်းဖန်တီးရှင်များသည် မိမိတို့ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ဖန်တီးလိုက်သော ဒီဇိုင်းများအတွက် မည်သို့မည်ပုံမျှ အမည်တပ်ခွင့်မရနိုင်ကြောင်း တွေ့မြင်ရသည်။

မိမိတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ထုတ်ဖော်ဖန်တီးရေးဆွဲထားသော်လည်း အဆိုပါဒီဇိုင်းပညာရှင်များသည် မိမိစိတ်ကူးဖန်တီးရေးဆွဲလိုက်သော ဒီဇိုင်းတစ်ခုအတွက် နာမည်ယူခွင့်မရနိုင်သည့် အခြေအနေအချို့ကို မြင်တွေ့ရသည်။ ဒီဇိုင်းဖန်တီးမှုတစ်ခုကို စိတ်ကူးရေးဆွဲရာတွင် အချိန်အားဖြင့် တစ်ပတ်ခန့်အနည်းဆုံးအချိန်ပေး စဉ်းစားရကြောင်း ဒီဇိုင်နာများထံမှ သိရသည်၊ ထို့ကြောင့် လူတစ်ဦး၏ ဦးနှောက် အတွင်းတွင်ရှိသော ကိုယ်ပိုင်ဖန်တီးမှုများကို သောင်းနှင့်အကန့်အသတ်များ ထားရှိကာ ငွေကြေးနှင့် ချုပ်နှောင်စေခိုင်းပါက စစ်မှန်သည့် အနုပညာဖန်တီးမှုလက်ရာကို ရရှိနိုင်မည်မဟုတ်ဟု ထင်မြင်မိပါသည်၊ မိမိတို့၏ ပိုင်ဆိုင်ချမ်းသာမှုများကို အရင်းပြုကာ အနုပညာရှင်များ၏တန်ဖိုးကို ငွေကြေးဖြင့်တန်ဖိုးဖြတ်လျှင် အဆိုပါအနုပညာဖန်တီးမှုမှာ မည်သို့မည်ပုံ တန်ဖိုးသတ်မှတ်မည်ကို ရွေးချယ်ရခက်ပေလိမ့်မည်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာကိစ္စရပ်များတွင် အဆိုပါဒီဇိုင်နာများ၏ ဖန်တီးမှုမပါဝင်ဘဲ နာမည်ကြီးခွင့်ရရန်မှာ မသေချာလှပါချေ၊ နာမည်ကြီးမော်ဒယ်မင်းသမီး၊ မင်းသားများ အပါအဝင် လက်တွေ့နယ်ပယ်တွင် လှပပြီး အရောင်အသွေးစုံလင်သော ဒီဇိုင်းများရရှိရန်မှာ ဒီဇိုင်နာတို့၏ အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်သည်၊

ထို့ကြောင့် ဒီဇိုင်းဖန်တီးရေးဆွဲရာတွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် ဖန်တီးမှုအနုပညာတို့ပေါင်းစပ်ကာ ဒီဇိုင်းပုံတစ်ချပ် ဖြစ်ပေါ်စေရန် ဦးနှောက်နှင့် နှလုံးသားစိတ်ခံစားမှု အသုံးပြုကာ ဖန်တီးနိုင်ပါမှ လှပပြီး နှစ်လိုဖွယ်ကောင်းသော၊ ဆွဲဆောင်မှုရှိသော ဒီဇိုင်းတစ်ခုအဖြစ်ပေါ်ထွက်လာပါမည်။ ပန်းချီကားရေးဆွဲသူ ပန်းချီဆရာကဲ့သို့ ဒီဇိုင်းရေးဆွဲသူတို့တွင် ကိုယ်ပိုင်စိတ်ကူးဉာဏ်၊ ကိုယ်ပိုင်အရောင်အသွေးအယူအဆနှင့် ကိုယ်ပိုင် အလင်းအမှောင်အယူအဆတို့မှာ ငွေကြေးဖြင့်ပေး၍ ဝယ်ယူမရနိုင်ပါ၊ ထို့ကြောင့် ဒီဇိုင်နာများအတွက် အရင်းအနှီးအဖြစ် ကိုယ်ပိုင်အတွေးအခေါ်လိုအပ်နေပြီး ငွေကြေးစည်းစိမ်ဖြင့် ဝယ်ယူ၍မရနိုင်သော ဖန်တီးမှုဒီဇိုင်းများကို လူအများရှေ့တွင် အထင်ကရတွေ့ရမည်ဖြစ်ပါသည်၊ ထို့ကြောင့် ဒီဇိုင်နာဟု ခံယူထားသော လူအချို့၏ အနုပညာဖန်တီးမှုလက်ရာများအား နှစ်လိုဖွယ်ကောင်းနေသည့်အလျောက် ပိုမိုပြည့်စုံစေရန် ဖော်ပြအပ်ပါသည်၊

(၀၀၇)





☆ဝတ်မှုရွှေရည်ကိုလည်းမပြေးမှုပါ၊ မုံယုစန္ဒာလည်းလာကမထပ်ရပါ ☆ထက်ထက်မိုးဦးက ရက်စက်မိခဲ့တယ်လို့ဝန်ခံထားတဲ့သူ ☆ရထားတဲ့သီဟသုစမ္မထိဖောတာမရော့ကိုအလွန်တန်ဖိုးထားပါတယ်ခန့်စည်သူ ☆ ဘိကိနီဝတ်စုံဖြင့် ခန္ဓာကိုယ်ကြည့်ကောင်းဆုံးသုံးဦးစာရင်းတွင်မိုးစက်ပိုင်ပါဝင် ⏭မြန်မာနိုင်ငံရဲ့ရုပ်ရှင်စာပေက အဆိုးဆုံးအခြေအနေကိုရောက်နေပါတယ်မောင်စိန်ဝင်း(ပုတီးကုန်း) ⏭ဆာဒူးကြီးတွေလို၊ ရက်ဂေးဘုရင်ကြီးတွေလို ဆံပင်မျိုးထားတဲ့စောဖိုးခွား။ ⏭သစ္စာအလှနဲ့မေတ္တာမျှခဲ့ကြတဲ့ဒါရိုက်တာကိုပေါက်နဲ့ထက်နီနီသန်း ⏭ Facebook လုံးဝမသုံးပါ ဟိန်းဝေယံ ⏭ ရဲသွေးနောင်ရဲ့ SexyPose ဆိုတာ

Import Permit လိုင်စင်ပျောက်ဆုံး

ဦးဇော်မင်းလွင်[၁၂/မဂတ(နိုင်)၀၂၀၇၁] ISPIDV8 12-13 10610(30/08/2012) သွင်းကုန်ပါမစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၀၁-၂၅၄၀၈၇

သွင်းကုန်ခွင့်ပြုမိန့် ပါမစ်မြင်ဆင်မူရင်း ပျောက်ဆုံးခြင်း

ကျွန်တော်ဦးမိုးကြည်လွင် [၁၄/ဝဓမ(နိုင်)၀၀၈၀၈၇]၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ရက်စွဲပါ စာအမှတ်-ကာသစ(ဦး)သတ(OSS) မြင်ဆင်/၀၃-၀၄(၀၆၂၁) သွင်းကုန်ခွင့်ပြုမိန့် ပါမစ်မြင်ဆင်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၁-၅၁၀၀၇၂၂၉

ငှားရန်ရှိသည်

၁၁ လမ်းနှင့် ၁၂ လမ်းကြား၊
လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းမကြီးပေါ်ရှိ
နှစ်ထပ်လုံးချင်းတိုက်(ပေါ်တီကိုပါ)
ငှားရန်ရှိသည်။
ဆက်သွယ်ရန်-ဖုန်း-၀၉-၇၃၁၇၀၅၅၅

သင့်သွေးဖြင့် အသက်ကယ်ပါ

တစ်ခေတ်လူသားများဖြစ်ကြသည့်အတွက် ထင်ပေါ်ကျော်ကြားလိုကြသည်၊ နာမည်ကြီးလိုကြသည်။ နိုင်ငံရပ်ခြား၊ အထူးသဖြင့် အနောက်နိုင်ငံများတွင်ပိုဆိုးသည်၊ အခွန်းရောက်နေသွပ်ခြင်းတစ်မျိုးဟုပြောရမလား။ သူများထက် မထူးထူးအောင် အကျိုးမရှိသော စွန့်စားခန်းများကို လုပ်ပြကြ၊ ကမ္ဘာ့ဂင်းနစ်မှတ်တမ်းဝင်အောင် ကတ်သီးကတ်သတ်တွေ ... ကြနှင့် နာမည်မကြီးကြီးအောင်လုပ်နေကြသည်။ သို့သော် ထိုသို့သောကြီးနည်းမျိုးသည် တဇောက်သာ၊ မြန်မာပြည်မှာ နာမည်ကြီးအောင်ဖန်တီးခြင်းမဟုတ်သော်လည်း ပင်ကိုစီဖဝါသနာအရ တိုယ်မြတ်နိုးသောစစ်မှန်သည့် အနုပညာကို ဖန်တီးရင်း တိုင်းသိ၊ ပြည်သိနာမည်ကြီးခဲ့သူတစ်ယောက်အကြောင်း တင်ပြချင်ပါသည်။

"လှည်းနေလှေအောင်း မြင်းဇောင်းမကျန်"

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

မြန်မာတွေကြားမှာ မြန်မာတွေနားနှင့် နားဝင်ပီယံရှိလှသော နိုင်ငံကျော်တေးသံရှင် "တွံတေးသိန်းတန်" စာပေ၊ ရုပ်ရှင်၊ ဂီတစွယ်စုံရ ဘက်စုံထူးချွန်သူတစ်ဦး၊ သူဖန်တီးခဲ့သော အနုပညာရပ်များကို အသေးစိတ်ရေးပြရသော် တစ်ထောင့်တစ်ညပုံပြင်ထက်ရှည်မည်။ စာရေးဆရာ၊ တေးရေး၊ တေးဆို၊ ရုပ်ရှင်နှင့်ပြဇာတ်၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ဆရာ၊ သူ၏ အနုပညာဂုဏ်ဖြပ်များကား ကျယ်ပြန့်လှ၏။ ကျယ်ပြန့်သည်နှင့်အမျှ အောင်မြင်မှုများကလည်း အထွတ်အထိပ်၊ ကမ္ဘာမှာ မြန်မာများရှိနေသရွေ့ သူ၏ပုံရိပ်များသည် မှေးမှိန်မသွား။

မွေးရပ်မြေကို မမေ့၊ ဂုဏ်တက်စေလိုသောဆန္ဒဖြင့် နာမည်ရှေ့မှာ "တွံတေး" တပ်ထားခြင်းအားဖြင့် "တွံတေး" သားဆိုသည်မှာ အများသိပြီးဖြစ်သည်။ "တွံတေးသိန်းတန်" ကို အဖဦးဘိုးဦးနှင့် အမိဒေါ်ညိုတို့မှ ၂၉-၉-၁၉၄၁ ခုနှစ် (သောကြာနေ့)တွင်ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရှမ်းစုရပ်၌ မွေးဖွားခဲ့သည်။ ဖခင်မှာရှမ်းမျိုးနွယ် (ရှမ်းစပ်) တိုင်းရင်းဆေးဆရာကြီး၊ မွေးချင်း ခြောက်ဦးရှိသည့်အနက် ပဥ္စမမြောက်၊ တွံတေးတန်းမြင့်ကျောင်းမှာ (၇)တန်းအထိ နေခဲ့ပြီး ဟယ်ရီတန်နှင့် (၇)တန်းအောင်ကာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ပြီး ကြည့်မြင်တိုင် ထီးတန်းအလွတ်ပညာသင်ကျောင်းမှ High School Final တန်းမြင့်ကျောင်းထွက် (၉)တန်းအောင်ခဲ့သည်၊ ထိုစဉ်က တန်းမြင့်ကျောင်းထွက် (၉)တန်းသည် အစိုးရစစ်ဖြစ်ပြီး (၉)တန်းအောင်ပါက ဗိုလ်သင်တန်းလျှောက်၍ ရသည်။ သူ၏ ငယ်ဘဝအဖြစ်ချင်ဆုံးဆန္ဒမှာ စစ်ဗိုလ်၊ ဗိုလ်သင်တန်းလျှောက်ခဲ့သေးသည်၊ အရပ်ကပေမမီ၍ လွဲခဲ့လေသူ။

အနုပညာသမားဖြစ်သော်လည်း ဘောလုံးဝါသနာပါသည်။ တွံတေးမှာနေစဉ် အချိန်ရသည်နှင့် ဘောလုံးပြေးကန်သည်၊ ဘယ်သန်၊ တိုင်းကျောင်းသားဘောလုံးလက်ရွေးစင်အထိဖြစ်ခဲ့သည်၊ ဒုတိယမြောက် အစ်မကြီးဒေါ်အုန်းနှင့် တတိယမြောက်အစ်ကိုကြီး ဦးထွန်းအေးတို့မှာ ဝါသနာပါ၍ တွံတေးမှ မယ်ဒလင်ဘယ်ကျော်ကျင်သိန်းထံမှ မယ်ဒလင်သင်ကြရာ တွံတေးသိန်းတန်မှာ လစ်သည်နှင့် မယ်ဒလင်ဝင်ဝင်ခေါက်သည့်အတွက် ကြိုးပြတ်မှာစိုး၍ အစ်မကြီး၊ အစ်ကိုကြီးတို့ကဆူသည်။ ဤသည်ကို မခံချင်၍ တွံတေးအိုးဖိုရပ်၊ မျက်မမြင်မယ်ဒလင် ဦးသန်းကြွယ်ထံတွင် မယ်ဒလင်ပညာစတင်သင်ယူခဲ့သည်။ ဦးသန်းကြွယ်မှာ Notes မရနူတ်တိုက်ချပေးသည်။ ထို့နောက် ရန်ကုန်ရောက်သည့်အခါ ဂီတာသိန်းစိုးထံမှာ Notes နှင့် အဆိုဆက်၍ စန္ဒရားငွေစိုးထံမှာ(International Notes)သင်ယူခဲ့ပြန်ရာ ပါရမီအခံရှိပြီး နားပါးသည့်အတွက် တတ်လွယ်သည်။ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဟုမ်းလမ်း(၂)လမ်းနေ အစ်ကိုအကြီးဆုံးဖြစ်သူ တိုင်းရင်းဆေးဆရာကြီး ဦးထွန်းရီမိသားစုနှင့် အတူနေထိုင်ခဲ့ရာ အစ်ကိုအကြီးဆုံးမိသားစုမှာ ထိုစဉ်ကမပြေလည်သည့်အတွက် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လိုသောဆန္ဒဖြင့် အစိုးရပုံနှိပ်တိုက်တွင်အလုပ်ဝင်လုပ်ခဲ့သည်။ ခြောက်လခန့်လုပ်ပြီးနောက် ၁၉၆၁ ခုနှစ်တွင် မြန်မာ့အသံသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရာ မိုးသားကြိုးစားမှုကြောင့် မြန်မာ့အသံဓာတ်ပြားပိဋကတ်တိုက်တွင် လက်ထောက်ပိဋကတ်တိုက်မှူးအဆင့်အထိ တိုးမြှင့်ခြင်းခံရသည်။ မြန်မာ့အသံတွင် အလုပ်လုပ်နေစဉ် ဂီတပညာများကို အချိန်ရှိသရွေ့ လေ့လာဆည်းပူးသည်။

၁၉၆၀-၆၁ ခုနှစ်က ကိုယ်တိုင်ရေးကိုယ်တိုင်သီဆိုခဲ့သော "မျက်ရည်စမ်းဖြင့် ခန်းလေပြီ" သီချင်းဖြင့် ဂီတနယ်သို့ စတင်ခြေချခဲ့ရာ ဒုတိယမြောက်ကိုယ်တိုင်ရေး ကိုယ်တိုင်ဆို "ထွေးညို" သီချင်းဖြင့် တစ်ရှိန်ထိုး အောင်မြင်ကျော်ကြားသွားခဲ့သည်၊ "ထွေးညို" နှင့် "သိန်းတန်" ခွဲမရ၊ မြန်မာ့အသံမှ အကြိမ်ကြိမ်ထုတ်လွှင့်ခဲ့သလို မြန်မာပြည်အနှံ့အသံချဲ့စက်တိုင်း "ထွေးညို" မှ "ထွေးညို"၊ ထိုအချိန်မှစတင်၍ သူ၏အသံသည် သစ်ပင်ထိပ်ဖျားမှဆင်းရသည်မရှိ ယနေ့တိုင် "ထွေးညို" သီချင်းထွက်ပြီးနောက် ဓာတ်ပြားသီချင်းများ၊ ဇာတ်လမ်းများ ဆက်တိုက်ထုတ်လွှင့်ခဲ့ရာ ဂီတနယ်တွင် လျှမ်းလျှမ်းတောက်နာမည်ကြီးနေသော "တွံတေးသိန်းတန်" ကို ရုပ်ရှင်နယ်ကပါ မျက်စိကျလာပြီး ၁၉၆၄ ခုနှစ်တွင် မြတ်ကဝိန်ရုပ်ရှင်မှ ဒါရိုက်တာလှအောင် ရိုက်ကူးသော "ထွေးညို" ဇာတ်ကားတွင် မင်းသမီးခင်သန်းနု၊ လူကြမ်း ဌေးဝင်းတို့နှင့်တွဲဖက်၍ ခေါင်းဆောင်မင်းသားအဖြစ် စတင်သရုပ်ဆောင်ရိုက်ကူးခဲ့ရာ ထိုဇာတ်ကားတစ်ကားတည်းဖြင့် ရုပ်ရှင်လောကတွင်လည်း တွံတေးသိန်းတန်သည် စင်တော်ကောက်ဖြစ်ခဲ့ရပြန်သည်။ ရုပ်ရှင်ရိုက်သည့်အတွက် မြန်မာ့အသံ ဝန်ထမ်းဘဝမှ နုတ်ထွက်ခဲ့ရသည်၊ ရုပ်ရှင်ဇာတ်ကားပေါင်း ၉၆ ကားနှင့် ဗီဒီယိုလေးကား ရိုက်ကူးခဲ့ရာ ကိုယ်တိုင်ဝတ္ထုရေး၊ ကိုယ်တိုင်ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ သရုပ်ဆောင်အဖြစ် မင်းသမီးအကယ်ဒမီစန္ဒာနှင့် တွဲဖက်ရိုက်ကူးခဲ့သော "ကိုယ်ရယ် မင်းရယ် ပီတောက်ရယ်"၊ "ချစ်မိတော့လည်း အရူးအမူး" ဇာတ်ကားများမှာ ပရိသတ်များအထူးနှစ်ခြိုက်အားပေးခြင်းခံခဲ့ရသောဇာတ်ကားများဖြစ်သည်၊ ဂီတနှင့်ပတ်သက်၍ အများသိပြီးဖြစ်သည့်အတိုင်း အောင်မြင်ကျော်ကြားသော တေးသီချင်းပေါင်းများစွာနှင့် အတူသီဆိုခဲ့သော မြန်မာ့အသံဓာတ်ပြားသီချင်း၊ ရောင်းတန်းဓာတ်ပြားသီချင်း၊ ဓာတ်ပြားဇာတ်လမ်းနှင့် ပြဇာတ်တေးများအပါအဝင် တေးသီချင်းပေါင်းခန့်မှန်း ၃၅၀ ခန့်ရှိသည်၊ ထိုအထဲတွင် ကိုယ်တိုင်ရေး ကိုယ်တိုင်သီဆိုခဲ့သော "ဖိုးလမင်းကို အောင်သွယ်ဒိုင်းမယ်"၊ "နှမလက်လျှော့နေပေတော့"၊ "ဝဏ္ဏပဘာ" နှင့် "အသီးတစ်ရာအညှာတစ်ခု" တို့သည် ယနေ့တိုင်မရိုးနိုင်သောတေးများဖြစ်သည်၊

ကိုယ်တိုင်လည်းတေးရေးကောင်းသလို လက်ရာမြောက်သော ဂီတစာဆို၊ တေးရေးဆရာတို့၏ တေးများဖြစ်သောကြောင့် ကြားရသူတိုင်းရင်ထဲစွဲငြိစေခဲ့သည်၊ တေးသီချင်းစာသားနှင့်သံစဉ်များ အဖွဲ့အနွဲ့ကောင်းသည်နှင့်အညီ ကြားရသူတို့ တေးသီချင်း၏စာသားကိုပါ ခံစားနိုင်အောင် ပီပီသသသီဆိုမှု၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဂီတ၊ ကိုယ်ပိုင်သံစဉ်များဖြင့် အရိုးကိုအရွက်မဖုံး၊ မြန်မာမှု၊ မြန်မာဟန်မပျက် ဖန်တီးတင်ဆက်မှု၊ အဆိုပိုင်နိုင်ကျွမ်းကျင်မှု၊ သီချင်းတစ်ပုဒ်နှင့် တစ်ပုဒ် သံစဉ်မတူ၊ ရသမတူ၊ အလင်္ကာမတူ၊ တစ်ပုဒ်တစ်မျိုးမရိုးရအောင် ပြောင်းလဲစပ်ဆိုသီဆိုနိုင်မှုတို့ကြောင့် နှစ်ပေါင်းများစွာကိုင်ခဲ့သော်လည်း သူ၏တေးသီချင်းများသည် နှစ်ပေါင်းများစွာခိုင်မြဲနေခဲ့သည်၊

တွံတေးသိန်းတန်သည် ၁၉၇၄ ခုနှစ်တွင် ဇာတ်ထောင်၍ မြန်မာပြည်အနှံ့လှည့်လည်ကပြခဲ့ရာ ရောက်လေရာ နေရာတိုင်းတွင်လည်း ပရိသတ်ရုံပြည့်ရုံလျှံ အားပေးခြင်းခံခဲ့ရသည်၊

စာပေအနေဖြင့် လုံးချင်းဝတ္ထု ၁၀ အုပ်ခန့်ရေးသားထုတ်ဝေခဲ့ရာ "ကိုယ်ရယ် မင်းရယ် ပီတောက်ရယ်"၊ "ရွှေတံခါးကြီးဖွင့်ပါဦး"၊ "ချုပမလွယ်ချွေမလွယ်"၊ "မခေါ်သာတော်ရာကပြုံးပါ့မယ်" ဝတ္ထုများမှာထင်ပေါ်ကျော်ကြားခဲ့သည်၊ "တွံတေးသိန်းတန်" ရုပ်ရှင်ရိုက်ကူးခဲ့သည့် ဇာတ်ကားပေါင်းများစွာရှိသည့်အနက် လက်လှမ်းမီသမျှအချို့ကို ဖော်ပြရသော်-

၁။ ၁၉၆၄ ခုနှစ်တွင် ဒါရိုက်တာလှအောင်ရိုက်ကူးခဲ့သည့် တွံတေးသိန်းတန်နှင့်ခင်သန်းနုတွဲဖက်ရိုက်ကူးခဲ့သည့် **"ထွေးညို"**

၂။ မြတ်ကဝိန်ရုပ်ရှင်၊ ဒါရိုက်တာလှအောင်ရိုက်ကူးပြီး ထပ်ဆင့်အကယ်ဒမီဝါဝါဝင်းရွှေနှင့်တွဲဖက်သရုပ်ဆောင်ခဲ့သော **"ချစ်သူပေးသောတေးတစ်ပုဒ်"**

၃။ မြတ်ကဝိန်ရုပ်ရှင်၊ ဒါရိုက်တာလှအောင်၊ မင်းသမီးအကယ်ဒမီရှုမဝစမ်းစမ်းအေးနှင့်တွဲဖက်၍ သရုပ်ဆောင်ခဲ့သော **"ပန်းနွယ်ကစိမ်း"**

၄။ ပဒေသာရုပ်ရှင်၊ ဒါရိုက်တာနေဒွန်း၊ မင်းသားဇော်လွင်၊ ဝါဝါဝင်းရွှေတို့နှင့်တွဲဖက်သရုပ်ဆောင်ခဲ့သော **"အရွေးတို့ရွာ"**

၅။ တင်ညွန့်ရုပ်ရှင်၊ ဒါရိုက်တာတင်ညွန့်၊ မင်းသမီးတင်တင်ညိုနှင့်တွဲဖက်သရုပ်ဆောင်ခဲ့သော **"အညာသားလေး"**

၆။ ရွှေပြည်ဟသာ်ရုပ်ရှင်၊ ဒါရိုက်တာလှဝေ၊ မင်းသမီးအကယ်ဒမီဒေစီကျော်ဝင်းနှင့်တွဲဖက်သရုပ်ဆောင်ခဲ့သော **"ပန်းကလေးများမနွမ်းစေချင်"**

၇။ မဥ္ဇူရုပ်ရှင်၊ ဒါရိုက်တာကိုကိုကျော်၊ မင်းသမီးအကယ်ဒမီမြင့်မြင့်ခိုင်နှင့်တွဲဖက်သရုပ်ဆောင်ခဲ့သော **"မုန်းစရာကြီး"**

၈။ ဖိုးပါကြီးရုပ်ရှင်၊ ဒါရိုက်တာအကယ်ဒမီဖိုးပါကြီး၊ မင်းသမီးတေးသံရှင်မဥ္ဇူသင်းနှင့်တွဲဖက်သရုပ်ဆောင်ခဲ့သော **"ချမ်းမြေ့သီတာ"**

၉။ ဖိုးပါကြီးရုပ်ရှင်၊ ဒါရိုက်တာအကယ်ဒမီဖိုးပါကြီး၊ မင်းသမီးအကယ်ဒမီစံရှားတင်နှင့် တွဲဖက်သရုပ်ဆောင်ခဲ့သော **"ချစ်ရတဲ့ကယ်နှောင်း"**

၁၀။ သုခုမရုပ်ရှင်၊ ဒါရိုက်တာမောင်မောင်မြင့်၊ မင်းသမီးအကယ်ဒမီခင်သန်းနုနှင့် တွဲဖက်သရုပ်ဆောင်ခဲ့သော **"အသက်ကိုနှင်း၍"**

၁၁။ ရွှေဟသာ်ရုပ်ရှင်၊ ဒါရိုက်တာခိုင်ထွန်းရိုက်ကူးပြီး မင်းသမီးထပ်ဆင့်အကယ်ဒမီ ကြည်ကြည်ဌေးနှင့် တွဲဖက်သရုပ်ဆောင်ခဲ့သော **"သတ္တိသွေးနှင့် တေးလုလင်"**

၁၂။ ပဒ္မာမြားရုပ်ရှင်၊ ဒါရိုက်တာအေးမြင့်၊ မင်းသမီးနှင်းဆီနှင့်တွဲဖက်သရုပ်ဆောင်ခဲ့သော **"နှန်းကြာရိပ်မြိုင်"**

၁၃။ ဒါရိုက်တာတင်ညွန့်၊ မင်းသမီးအကယ်ဒမီမြင့်မြင့်ခိုင်နှင့်တွဲဖက်သရုပ်ဆောင်ခဲ့သော **"လွမ်းစေတီနှင့် မာယာရှင်"**

(ဆက်လက်ဖော်ပြပါမည်)

မြန်မာပြည်အနှံ့ ဘုရားဖူးနှင့် အပန်းဖြေခရီးသွားလုပ်ငန်း
တန်ဆောင်တိုင် "တောင်ကြီးမီးပုံးပျံပွဲတော်" အထူးခရီးစဉ် Nov 15 ထွက်မည်
✦ တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ၊ ကလော ဘုရားစုံ 65000
✦ တိုက်(၅)ကြိုက် ဘုရားငါးဆူနှင့် ဖော်လပြိုင်၊ စက်ခဲကမ်းခြေ 35000
✦ ပုဂံ၊ ပုပ္ပါး မန္တလေး 55000 ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
ကျိုက်ထီးရိုး ချောင်းသာ နေ့စဉ်
Ph: 09-49578205, 09-...09-49323...
ဒီဇင်ဘာ(၁၅)အထူးခရီးစဉ်
ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ နေပြည်တော် 99000 ကျပ် လက်ငုတ်သင်းသင်
ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (စင်းလုံးငှားစီစဉ်ပေးပါသည်။)
Tel : 09-428127470,09-420265350,09-43064765,09-421066617

ကင်း(King)ခရီးသွားဝန်ဆောင်မှုလုပ်ငန်း

ဂုဏ်ရတနာ	ဇန်လွင်ပြည့်	GI group	ဖေဘာ	အောင်ရတနာ	မြဝတီအောင်	မြန်မာ့တောင်တန်းတြယ်
အာကာသ	ဇန်သမှာ	ရွှေတောင်ဦး	ရွှေဂုဏ်	ငွေနံ့မြို	တင်မိုးတိုင်းအောင်	Three Star
ဖြိုးမြဲ့လာထွန်း	သတ္တမိ	တကျော	သိန်းသန်းကျော်	ရွှေလိုတနာ	မြတ်သာ	
မွန်သာမင်း	ဒိုင်မွန်လေး	ရွှေလှိုင်ဖုံ	ရန်ကြား	ရိုအောင်လံ	အောင်ကမ္ဘာ	
ရွှေမန္တလာ	ကောင်းသိုး	ရှိမြဲအောင်	အောင်မြိုင်	နန်းတိုက်ဆံ	ထွန်းဆရာ	
လိုလိုး	ဇန်နုတ	ESE	ထက်ကြိုင်အောင်	အတောင်း	(ထုရာများ)	
ELite	ဂုဏ်အောင်	နေကြည်ထင်	လွယ်လိုတော်	ချမ်းတ	Asia King	
ရွှေတမ္ပာ	မိုးကောင်ဒါတာ	ရွှေပဒုံကြာ	အာရ	မိုးလိုးလေး	Golden Star	
ပေတန်	ဇန်လွယ်တော်	ရွှေကြာ	မိုးငွေလှိုင်	နိုင်တောင်းအောင်	ရွှေပုံ	

ဒါဝိအရောက် ဝန်ဆောင်မှု ...

တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းနှင့် တုပသုံးစွဲခြင်းမပြုကြရန်အသိပေးကြေငြာခြင်း
ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း အမှတ်(၁၂၄/၁၂၈) တွင် ရုံးခန်းဖွင့်လှစ်ထားသည့် MYANMAR INSPECTION AND TESTING SERVICES LIMITED သည် အောက်ဖော်ပြပါ ဝန်ဆောင်မှု တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် နိုင်ငံတစ်ဝန်း အသုံးပြုရန် (၃-၉-၂၀၁၃)ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်-၉၈၆၈/၂၀၁၃ ဖြင့် မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။
မှတ်ပုံ ... -၉၈၆၈/၂၀၁၃
ဖော်ပြပါတံဆိပ်အမည်အမှတ်အသားကို ဆိုင်းဘုတ်၊ တံဆိပ်၊ ထုတ်ပိုးထည့်သွင်းသည့်အိတ်အမျိုးမျိုး၊ ပြေစာ၊ ဖြတ်ပိုင်း၊ စာအိတ်၊ ဖူးစက္ကူနှင့်ပလပ်စတစ်၊ ယနေ့ခေတ်ပေါ် အသုံးပြုသုံးစွဲကြသည့် ကြော်ငြာ၊ ဒီဇိုင်းဆိုင်းဘုတ် အမျိုးမျိုးတို့တွင် ကုမ္ပဏီ၏တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိပါသည်။
သို့ဖြစ်ပါ၍ ကုမ္ပဏီ၏ဝန်ဆောင်မှု အမှတ်အသားကို သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦး တစ်ယောက်ဖြစ်စေ၊ အများကဖြစ်စေ၊ မည်သည့်အရွယ်အစား၊ အသွင်သဏ္ဌာန်ဖြင့်မဆို တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှားဖိုင်ခြင်း တုပပြုလုပ် သုံးစွဲခြင်းမပြုကြရန်နှင့် ပြုလုပ်သုံးစွဲပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။
ကုမ္ပဏီ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးမောင်အေး (B.A, H.G.P, R.L,WIPO)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၄၀၁)

ကန့်ကွက်နိုင်ပါကြောင်း
ဓနုဖြူ့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၁၂၁၊ မြေတွက်အမှတ်-၅၀၈၊ အမည်ပေါက် ဒေါ်ခင်မေညွန့်(၁၂/ဥကတ (နိုင်)၀၅၀၇၈၄)မှ မြေချပါမစ်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သတ်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သတ်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် မိတ္တူမှန် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မီး သတိပြု

09-4...01866...
09-73161672
09-73494343

...ကားမျိုးစုံစီးလုံးငှားသည်
ကျိုက်ထီးရိုး ချောင်းသာ] နေ့စဉ်/ငြိမ်း
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
0931815390,0931815395

ရောင်းမည်
အင်းစိန်လမ်းမ (သမိုင်းလမ်းဆုံအနီး)
ပေ(၂၀×၄၀) ပါမစ် သိန်း (၂၇၀၀)
အောင်သိဒ္ဓိလမ်းမ၊ ဝတ်မြို
ပေ(၈၀×၇၀) ဘိုးဘွား သိန်း (၇၀၀၀)
ဖုန်း-၅၀၁၈၀၇၆၊ ၃၁၅၄၈၇၄၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရှေ့ မြေကွက်အမှတ် ပဥ္စမတန်းတား-၉၁၊ မြေကွက်တည်နေရာအမှတ်-၄၄၊ မျှော်စုံဖြတ်လမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (မောင်မောင်ဆင့်) အမည်ပေါက် စက္ကာတာမြေအား အမည်ပေါက် ဖခင် ဦးမောင်မောင်ဆင့် မိခင် ဒေါ်သန်းရီ ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်-၆၀၀၄/၉၇၊ ၁-၁၂-၉၇ ဖြင့် ဦးသိန်းဌေး၊ ဒေါ်မမခင်၊ ဒေါ်အေးအေးမူ၊ ဒေါ်လှလှမေ၊ ဒေါ်သန်းသန်းဌေး၊ ဦးမောင်မောင်သန်း၊ မကေသီဆင့်တို့က ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့ (၇)ဦးအနက် ဒေါ်မမခင်နှင့် ဒေါ်သန်းသန်းဌေးတို့မှာ အပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဦးမောင်မောင်သန်းမှာ လူပျိုကြီးဘဝဖြင့်လည်းကောင်း ကွယ်လွန်သဖြင့် ၁။ ဦးသိန်းဌေး (K/RGN-022327)[၁၂/မဂတ(နိုင်)၀၇၇၅၁၂]၊ (၂) ဒေါ်အေးအေးမူ (K/RGN-008031) [၁၂/မဂတ(နိုင်)၀၂၁၆၈၉]၊ (၃) ဒေါ်လှလှမေ(K/RGN-008032) [၁၂/မဂတ(နိုင်)၀၂၁၆၃၀]၊ (၄) ဒေါ်ကေသီဆင့် (MTNT-018468)[၁၂/မဂတ(နိုင်)၀၂၁၆၉၂] တို့က မောင်နမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာတိုက်ကွမ်ဒိုအဖွဲ့၏ ဆီးဂိမ်းရွှေအိပ်မက်ခရီး



နှစ်ပေါင်း (၄၄)နှစ် အကြာတွင် ပြန်လည်ကျင်းပခွင့်ရရှိခဲ့သည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မြန်မာတိုက်ကွမ်ဒိုအဖွဲ့ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်၊ မြန်မာတိုက်ကွမ်ဒိုအဖွဲ့သည် ၂၀၁၂ ခုနှစ်ကတည်းက လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်အတွက် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် ဆီးဂိမ်းအကြို အာဆီယံ ဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲကို မေလအတွင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပခဲ့သည်။ အဆိုပါဆီးဂိမ်းအကြိုပြိုင်ပွဲကို အာဆီယံဒေသအတွင်းမှ ထိပ်သီးအသင်းများ လာရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာတိုက်ကွမ်ဒိုအဖွဲ့မှာ ရွှေသုံးခု၊ ငွေကိုးခု၊ ကြေး ၂၆ ခု ဆွတ်ခူးရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ဗိုလ်စွဲခဲ့သည်၊

ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် မြန်မာတိုက်ကွမ်ဒိုအဖွဲ့သည် နိုင်ငံတကာပြိုင်ပွဲများကို ဆက်တိုက်ယှဉ်ပြိုင်ခဲ့ပြီး အတွေ့အကြုံကောင်းများ ရှာဖွေခဲ့သည်၊ ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိကျင်းပခဲ့သော အင်ဒိုနီးရှားဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲကို မြန်မာတိုက်ကွမ်ဒိုအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးလေးခု ဆွတ်ခူးရရှိခဲ့သည်၊ မြန်မာတိုက်ကွမ်ဒိုအဖွဲ့သည် ဆီးဂိမ်းအတွက်နောက်ဆုံးပြင်ဆင်သည့်အနေဖြင့် ဩဂုတ် ၂၄ ရက်မှစ၍ တောင်ကိုရီးယားနိုင်ငံတွင် နှစ်လကြာ ပူးတွဲလေ့ကျင့်မှုများ သွားရောက် ပြုလုပ်လျက်ရှိသည်၊ အတိုက်ကစားသမား ၁၇ ဦးမှာ အင်ချွမ်မြို့နှင့် ကကွက်ကစားသမားခြောက်ဦးမှာ ဆိုးလ်မြို့တို့တွင် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်၊ တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် ပြိုင်ပွဲများကိုဝင်ရောက်ယှဉ်

ဩဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သော ကမ္ဘာ့တိုက်ကွမ်ဒို ကကွက်ပြိုင်ပွဲကို မြန်မာတိုက်ကွမ်ဒိုအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတစ်ခု၊ ငွေတစ်ခုနှင့် ကြေးတစ်ခု ဆွတ်ခူးနိုင်ခဲ့သည်၊

မြန်မာတိုက်ကွမ်ဒိုကစားသမားများကို မြန်မာနည်းပြနှစ်ဦး၊ တောင်ကိုရီးယားနည်းပြ နှစ်ဦးတို့က လေ့ကျင့်ပေးလျက်ရှိသည်၊ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ မြန်မာတိုက်ကွမ်ဒိုကစားသမားများ ယှဉ်ပြိုင်ထားသည့် နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံ၊ ကြိုးစားပြုလုပ်ထားသည့် လေ့ကျင့်မှုများကြောင့် ဆီးဂိမ်းရွှေအိပ်မက်မှာ ဖြောင့်ဖြူးနေပါကြောင်း၊

မန်ယူမှ ထွက်ခွာမည်ဆိုသည့် သတင်းများကို အီဗရာငြင်းဆို

မန်ယူအသင်း၏ ဗဟိုခံစစ်မှူး ပက်ထရစ်အီဗရာသည် လက်ရှိကလပ် မန်ယူအသင်းမှ ထွက်ခွာမည်ဆိုသည့် သတင်းများ ထွက်ပေါ်နေမှုနှင့် ပတ်သက်၍ ငြင်းဆိုသွားကြောင်း သိရသည်၊ မန်ယူနောက်ခံလူ အီဗရာသည် ၎င်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီကုန်တွင် လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို လွဲမှားစွာဘာသာပြန်ခဲ့မှုများသာ ဖြစ်ကြောင်းနှင့် အိုးထရက်ဖို့ဒ်မှ ထွက်ခွာရန်အစီအစဉ်မရှိကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်၊

ဘာလော့တယ်လီအနေဖြင့် ဝရော်ဖက်ရှင်နယ်ကစားသမားဖြစ်လာရန် ကာကာထံမှ သင်ယူရန် လိုအပ်နေသေးကြောင်း အဘာတီဖွင့်ဟ

ဘရာဇီးကွင်းလယ်ကစားသမား ကာကာသည် လူငယ်ကစားသမားများစံနမူနာပြု အတုယူသင့်သည့် ကစားသမားကောင်းတစ်ဦးဖြစ်ကြောင်း အေစီမီလန်နောက်တန်းကစားသမားအဘာတီက ယုံကြည်ထားသည့်အပြင် အေစီမီလန်ကစားဖော် တိုက်စစ်မှူးဘာလော့တယ်လီသည်လည်း ပရော်ဖက်ရှင်နယ် ကစားသမားတစ်ဦးဖြစ်လာရန်အတွက် ကာကာထံမှ လေ့လာသင်ယူသင့်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်၊

လက်ရှိတွင် အေစီမီလန်တိုက်စစ်မှူး ဘာလော့တယ်လီသည် ပေါင်ခြံဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်နေရသော်လည်း



အသင်းတွင် တတ်နိုင်သမျှအမြန်ဆုံးပါဝင်ကစားနိုင်ရန်အတွက် အသင်းအနေဖြင့် မျှော်လင့်ထားကြောင်းလည်း သိရသည်။ ကွင်းလယ်ကစားသမား ကာကာသည် ဒဏ်ရာပြဿနာကြောင့် ပြီးခဲ့သည့်လက အနားယူခဲ့ရသော်လည်း ပြီးခဲ့သည့်သီတင်းပတ်ကမူ အသင်း၏ လေ့ကျင့်ရေးကွင်းသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ဘာလော့တယ်လီသည်လည်း ဘောလုံးအရည်အသွေး ရှိရင်းစွဲအနေအထားထက် တိုးတက်ရန်လိုလားပါက ကွင်းလယ်ကစားသမားကာကာ၏ စည်းစနစ်ကျနသော ကစားပုံကို လေ့လာရမည်ဟု ယူဆထားကြောင်း နောက်တန်းကစားသမား အဘာတီက ပြောကြားခဲ့သည်။

ထို့အပြင် တိုက်စစ်မှူး ဘာလော့တယ်လီသည် လက်ရှိတွင် ထွန်းသစ်စကြယ်ပွင့်လေးအဖြစ် မြင်တွေ့နေရပြီး အရည်အချင်းရှိသည့် ကစားသမားတစ်ဦးလည်းဖြစ်ကြောင်းနှင့် ကမ္ဘာ့အကောင်းဆုံးကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်သည်နှင့်အညီ ၎င်း၏ ကလေးဆန်ပြီး မိုက်မဲစွာထင်ရာလုပ်တတ်သည့် အကျင့်ကို ပြင်ရန်လည်း လိုအပ်နေသေးကြောင်း အေစီမီလန်နောက်တန်းကစားသမား အဘာတီက ပြောကြားခဲ့သည်၊

ဇန်နဝါရီတွင် ကစားသမားသစ်သုံးဦးအထိ နာပိုလီခေါ်ယူမည်

နည်းပြရာဖေးလ် ဘင်နီတက်ဇ် ကိုင်တွယ်လျက်ရှိသည့် နာပိုလီအသင်းသည် လက်ရှိအချိန်တွင် အသင်းအောင်မြင်မှုရရှိနေသည့် အချိန်ဟု ဆိုနိုင်သော်လည်း အသင်းအောင်မြင်မှုအတွက် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်သုံးဦးအထိ ခေါ်ယူမည်ဖြစ်ကြောင်း နာပိုလီအသင်း ဥက္ကဋ္ဌလော်ရန်တီက ပြောကြားခဲ့သည်၊

နာပိုလီအသင်းသည် ဇန်နဝါရီလတွင် အကောင်းဆုံးအသင်းတစ်သင်းဖြစ်လာရန်အတွက် နောက်တန်းကစားသမားနှစ်ဦးနှင့် ကွင်းလယ်ကစားသမားတစ်ဦးတို့ကို ခေါ်ယူရန် စီစဉ်ထားကြောင်းနှင့် ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလက တိုက်စစ်မှူး ကာဗာနီအား ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသို့ ရောင်းချခဲ့သည့်ငွေကြေးကို ဇန်နဝါရီ အပြောင်းအရွှေ့၌ ကစားသမားသစ်ခေါ်ယူမှုအတွက် အသုံးပြုမည်ဖြစ်ကြောင်းလည်း နာပိုလီအသင်းဥက္ကဋ္ဌ ဖလော်ရန်တီက ထုတ်ဖော်ပြောကြားခဲ့သည်၊



မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၂၃)၊ အခန်း(၄၀၂)၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်နေ
ဦးခင်မောင်ထွေး (Wallem Shipmanagement)- ဒေါ်မြင့်မြင့်မော်တို့၏ သားကြီး
မောင်ဌွန်းကိုကိုထွေး (2nd Mate) (F.G)
AMAS KOREA Co.,LTD
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၁၂)၊ ဗိုလ်ချုပ်လမ်း၊ လသာမြို့နယ်နေ
(ဦးအောင်မြင့်ဦး)-ဒေါက်တာသီဂီကျော်[ကျောင်းအုပ်ကြီး၊အထက(၂)လသာ]တို့၏သမီးငယ်
မကေဇင်ကိုဦး (2nd Yr.BA (Eng) (IDCS)

တို့၏ ၂၆-၁၀-၂၀၁၃ ရက် (စနေနေ့)တွင် Park Royal Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦးနှင့်ဇနီး ဒေါ်ခင်စောဥမ္မာ၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ဇနီး ဒေါ်အေးရီ၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးကြပါသော မလမင်းသာနှင့် မခြူးမြတ်နိုး၊ မင်္ဂလာပန်းကြဲပေးပါသော မယွန်းပိုးပိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မအိနေခြည်အောင်၊ မင်္ဂလာလက်ထပ်လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မအေးရတနာမင်း၊ မင်္ဂလာသတို့သား၊ သတို့သမီးအရံများဖြစ်ကြသော မောင်ဖြိုးဝေစိုးနှင့် မောင်ထွဋ်မြတ်အောင်၊ မဆုလပြည့်နှင့် မခြူးမေအောင်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင် ဒေါ်ချိုပြုံး၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော The Aces Music Band ၊ မင်္ဂလာဝတ်စုံနှင့် Pre-Wedding ဓာတ်ပုံများရိုက်ကူးပေးသော Forever နှင့် အဖွဲ့၊ မိတ်ကပ်ဆံပင်အလှဆင်ပေးပါသော လင်းလင်း(တော်ဝင်သူ)နှင့် ပန်းအလှဆင်ပေးပါသော တိုးသစ်ခွမှ မသင်းသင်း၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယို ရိုက်ကူးပေးပါသော ပီတာနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမဏ္ဍာဖြင့် ကူညီသော UNESCO ထွန်းအောင်ကျော်နှင့်အဖွဲ့၊ Park Royal Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အထက(၂)လသာမှ ဆရာမများ၊ ဝန်ထမ်းများအားလုံးတို့အား အထူးပင် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ဌွန်းကိုကိုထွေး- မကေဇင်ကိုဦး

ဒီကာဘီရာဇ် ကားအိုးခုံခင်းလုံးဂျိုးဘလူးလော့ချေး
➢ကျိုက်ထီးရိုး၊ချောင်းသာ(စား/တည်းငြိမ်း-၂၅၀၀၀ိ/)
➢ငွေဆောင် (စား/တည်းငြိမ်း- ၂ညအိပ်၃ရက်- ၄၀၀၀၀ိ/)
➢တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ၊ ကလော(မြင်းမထိဂူ)
➢ပုဂံ၊ ပောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ(သိဟိုဠ်ရှင်)
- 01541365
- 0973257853
- 09420179479

ဧဒဟနာရှင်
ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ(နေ့စဉ်)
တန်ဆောင်တိုင် တောင်ကြီးမီးပုံးပျံပွဲ Nov15
ပုဂံ-ညောင်ဦး ပုပ္ပါး(သောကြာ)(တညည်းငြိမ်း)
392704. 09 50 66657

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

လားရှိုးမြို့နေ ဒုတိယဗိုလ်မှူးကြီးဝင်းကို-ဒေါ်ဖြူဖြူလွင်တို့၏ သားတပည့်
ရန်ကုန်မြို့နေ ဦးဝင်းဦး (Manager, YOMA LINK Co.,Ltd.)-ဒေါ်သန်းသန်းဦးတို့၏ သားကြီး
မဇာဇာဝင်း B.Sc (Physics) ၊ မောင်စိုးထက်အောင် [1st Yr (Eco)]တို့၏အစ်ကို
ဗိုလ်ကြီးဉာဏ်ဟိဏ်း(ခ) စည်သူအောင်
B.E (Mechanical) (D.S.T.A)
ရန်ကုန်မြို့နေ (ဦးစောလွင်)-ဒေါ်ထွေးထွေးရီတို့၏ တစ်ဦးတည်းသောသမီး
မဟေသီစော
M.E (Information Technology) နည်းပြဉာတက္ကသိုလ်(သန်လျင်)

တို့၏ ၂၀၁၃ခုနှစ်၊ အောက်တိုဘာ ၂၆ ရက် M3 Food Centre တွင် ကျင်းပသော မင်္ဂလာညစာစားပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဒေါက်တာဝင်းဇော် (ဒုတိယပါမောက္ခ)၊ ဌာနမှူး (သုတနည်းပညာဌာန) နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် ဇနီး ဒေါ်ဝင်းလှဲလှဲ၊ မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော YOMA LINK Co.,Ltd ၏ M.D ဦးသာကျော်နှင့် ဇနီး Director ဒေါ်မာယုသီ၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးသော ဗိုလ်ကြီးအောင်တေဇမြင့်နှင့် ဗိုလ်ကြီး ဆက်ဝေဖြိုး၊ သတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးသော မဂျူးသက်နိုင်နှင့် မစုစုဝေ၊ မင်္ဂလာပန်းကြဲပေးသော မနော်ဂေးလ်ဖါ မောင်မောင်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးသော မဖူးစန္ဒီကျော်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မကြည်ဖြူအောင်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော တေးသံရှင် ဦးရန်ပိုင်စိုး၊ မိတ်ကပ်၊ ဆံပင်၊ မင်္ဂလာဝတ်စုံ ဆင်ယင်ပေးသော မိတ်ကပ် ညီညီမောင် (စမ်းချောင်း)၊ မင်္ဂလာအခမ်းအနားကို ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ပေးသော လင်းပျံ(လှည်းတန်း)၊ မင်္ဂလာစားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပေးသော M3 မှ မန်နေဂျာများနှင့် ဝန်ထမ်းများ၊ မင်္ဂလာညစာစားပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက် ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာညစာစားပွဲကို ကြွရောက်ချီးမြှင့်ကြသော ဧည့်ပရိသတ်များနှင့် ကိုယ်တိုင် မလာရောက်နိုင်သော်လည်း လက်ဖွဲ့များပေးပို့ပေးကြသော မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်၊

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဉာဏ်ဟိဏ်း(ခ) စည်သူအောင်- မဟေသီစော

မူးယစ်ဆေးဝါးရောင်းချသူများအား ရဲတပ်ဖွဲ့ကအသွင်ယူဖမ်းဆီး

တောင်ငူ အောက်တိုဘာ ၂၆

တောင်ငူမြို့ အမှတ်(၁၇)ရပ်ကွက် ကုန်သည်လမ်းရှိ အပွဖူးစလာမ်းအအေးနှင့် လက်ဖက်ရည်ဆိုင်တွင် အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက မူးယစ်ဆေးဝါးရောင်းချသူအား တောင်ငူမြို့ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောသန်းလွင်ဦးစီးအဖွဲ့မှ စောင့်ဆိုင်းဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျော်မိုး(၄၂)နှစ် ကမ်းနားလမ်း (၈)ရပ်ကွက် တောင်ငူမြို့နေသူသည် မူးယစ်ဆေးဝါး ရောင်းချရန် ရောက်ရှိနေကြောင်း သတင်းအရ ဝင်းနှင့်ခင်မင်ရင်းနှီးသူ နှစ်ဦးတို့အား ငွေကျပ် ၅၀၀၀ တန်ခြောက်ရွက်ကို ကြိုတင်မိတ္တူရေး ဆွဲမှတ်သား၍ ဝယ်ယူရန်ပေးလိုက်ပြီး မူးယစ်ဆေးဝါး ဝယ်ယူစေကာ တောင်ငူမြို့နယ် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောသန်းလွင်ဦးစီးအဖွဲ့က ဆိုင်အတွင်း ဝင်ရောက်စောင့်ဆိုင်းခဲ့သည်။

အသွင်ယူထားသူတို့က ကျော်မိုးထံမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ် ဆေးပြား ၁၀ ပြားအား တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဝယ်ယူ၍ ဆိုင်အတွင်းမှ ပြန်ထွက်စဉ် ကျော်မိုးအား ဝင်ရောက်ရှာဖွေ ဖမ်းဆီးရာ ကျော်မိုးမှ ကျန်ရှိနေသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား အထုပ်တစ်ထုပ်အား ခါးကြားမှထုတ်၍နောက်ဘက်သို့လွှင့်ပစ်ခဲ့သည်၊ ယင်းနောက် အသိသက်သေများရှေ့တွင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားရောင်းချရာတွင် ရရှိသည့် ကြိုတင်မှတ်သားထားသော ငွေတို့နှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား တို့ကို ရှာဖွေတွေ့ရှိဖမ်းဆီးရမိခဲ့ သဖြင့် တောင်ငူမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်၊ (၅၇၈)

ရွှေထည်လက်ဝတ်ရတနာများ၊ နိုင်ငံခြားငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ခိုးယူသူအား ဖော်ထုတ်ဖမ်းဆီးရမိ

ရန်တုန် အောက်တိုဘာ ၂၆

စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက်နေ ဒေါ်အေးသကြိန်မောင်သည် အောက်တိုဘာ ၁၀ ရက်က တောင်ကြီးမြို့သို့ အလည်သွားရောက်ခဲ့ပြီး အောက်တိုဘာ ၁၂ ရက်တွင် နေအိမ်သို့ ပြန်လည်ရောက်ရှိချိန်တွင် အိမ်အကူ မသက်သက်အေးမှာ နေအိမ်မှ ထွက်ပြေးသွားကြောင်း သိရသည်။ ထို့နောက် နေအိမ်ရှိပစ္စည်းများအား စစ်ဆေးခဲ့ရာ အိပ်ခန်းအတွင်း ဗီရိုထဲတွင်ထားရှိသော ရွှေထည်လက်ဝတ်ရတနာပစ္စည်းမျိုးစုံ ၂၈ မျိုး၊ အမေရိကန်ဒေါ်လာ ၁၀၀၊ ထိုင်းဘတ် ငွေ ၁၁၀၀၊ ပေါင်ငွေ ၁၀၀၊ လက်ကိုင်အိတ်တစ်လုံးနှင့် အသုံးအဆောင်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၃၀၄၀၀၀၀ ပျောက်ဆုံးနေသည်ကို တွေ့ရသဖြင့် ခိုးယူသူအား စုံစမ်းအရေးယူပေးရန် တိုင်တန်းမှုကို စမ်းချောင်းမြို့မရဲစခန်းက (ပ)၃၃၀/၂၀၁၃၊ ပုဒ်မ ၃၈၀ဖြင့် အမှုဖွင့် စုံစမ်းဆောင်ရွက်ခဲ့သည်၊

အမှုနှင့်ပတ်သက်၍ စမ်းချောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မသက်သက်အေး အိမ်အကူ မသက်သက်အေး မအူပင်မြို့နယ်နေသူအား ဖမ်းဆီးစစ်ဆေးခဲ့ရာ ဒေါ်အေးသကြိန်မောင်၏ နေအိမ်မှ ပျောက်ဆုံးသွားသောငွေများနှင့် ပစ္စည်းများအား ယူခဲ့ကြ စစ်ဆေး ရမိသဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်၊

(နိုးဝင်း-MLA)



- ဒီရန်နျူကလီးယားအရေး အမေရိကန်နှင့် အစွရေးဆွေးနွေး
- အရှေ့တောင်အာရှ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု မြင့်တင်နေသည့် ဂျပန်နိုင်ငံ
- ဂုဂျာရတ်ပြည်နယ် ဝန်ကြီးချုပ်ဘဝမှ အိန္ဒိယဝန်ကြီးချုပ်အဖြစ် တက်လှမ်းလိုသူ
- အမိပွာယ်ဖွင့်ဆိုချက်များနေသည့် ဆီးရီးယားပြည်တွင်းစစ်
- အမေရိကန်က ဂျာမနီဝန်ကြီးချုပ် မာကယ်လ်၏ဖုန်းပြောဆိုမှုများကို လျှို့ဝှက်ထောက်လှမ်းကြောင်း ဂျာမနီကဆို
- ကဒါဖီ၏ ဆောင်ကြာမြို့
- အီရန်ရေနံ့အထွက်တိုးရန် ရိုဟာနီ၏ ကြိုးပမ်းမှုနှင့် အလားအလာ
- ပါကစ္စတန်နိုင်ငံ၌ ခရစ်ယာန်များကို ပစ်မှတ်ထားတိုက်ခိုက်နေသည့် ဆွန်နီအဖွဲ့များ
- လက်နက်ငယ်များ တိုးချဲ့ထုတ်လုပ်လျက်ရှိသည့် တရုတ်နိုင်ငံ စသည့် နိုင်ငံတကာ

သတင်းသုံးသပ်ချက်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် တနင်္လာနေ့တိုင်း ထွက်ရှိလာပြီ။

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ရန်ကုန်အနောက်)မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၂ ရက်က မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်နေ မျိုးသူရနိုင်ဝင်းဦး (၄၂) နှစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ပြားနှင့် ဘိန်းဖြူ သုည ဒသမ ၄၇၆ ဂရမ်တို့ သိမ်းဆည်းရမိခဲ့သဖြင့် မျိုးသူရနိုင်ဝင်းဦးအား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ဂ)ဖြင့်အမှုဖွင့် အရေးယူခဲ့သည်၊

မိတ္ထီလာ

အမှတ်(၁၈) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၂ ရက်က သတင်းအရ သက်သေများနှင့်အတူ မိတ္ထီလာမြို့ နယ်မြေ(၅) ကျည်တော်ကုန်းရပ်ကွက်နေ မအေးအေးဝင်း(၃၇) နှစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းခုတင်ပေါ်မှ 88 နှင့် 1 စာတန်းတစ်ဖက်စီပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃ ပြားနှင့် မူးယစ်ဆေးဝါးရောင်းရငွေကျပ် တစ်သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့်အမှုဖွင့်အရေးယူထားကြောင်း သိရသည်၊

(အောက်ပုံ) (ခြိမြန်ကြား)



လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ဗိုလ်ကြီးအောင်ဘုန်းမြင့်နှင့် မအေးမြတ်မွန်တို့၏ အမှတ် ၂၂၃-ဏ၊ ၄ဝါလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်တွင် ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၂၂ရက်(အင်္ဂါနေ့)တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဒေါ်မိမိမော်အားလည်းကောင်း၊ ၂၀၁၃ခုနှစ်၊ အောက်တို ဘာလ ၂၄ရက်(ကြာသပတေးနေ့)တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မဟာစည်သာသနာ့ရိပ်သာ ဓမ္မသာလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းကျွေးပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ ဆည့်သည်တော်လူကြီးမင်းများအားလည်းကောင်း၊ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၂၆ရက်(စနေနေ့)တွင် Traders Hotel(Grand Ball Room)တွင် ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မင်္ဂလာ အောင်စံပယ်ပန်းကုံးများ ဆင်မြန်းပေးပါသော IGE Group of Company Limited, Chairman ဦးနေအောင်နှင့်ဇနီး ဒေါ်ခင်မိုးညွန့်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော United Amara Bank Limited; Chief Executive 0fficer ဦးသန်းဝင်းဆွေနှင့်ဇနီး ဒေါ်အေးအေးမိုးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဝင်းတင်အားလည်းကောင်း၊ သတို့သားအရံ မောင်ကျော်မြင့်နိုင်နှင့် မောင်ရဲထွန်းတင့်၊ သတို့သမီးအရံ မဝင်းပပအောင်နှင့် မစန်းယုနိုင်တို့အားလည်းကောင်း၊ မင်္ဂလာပန်းများ ကြဲပေးပါသော မသင်းသင်းနွယ်နှင့် မနှင်းဇေခိုင်ငြိမ်းအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင် မနန်းမို့မို့မွန်နှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင် မအိမြတ်ထွန်းတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးချုပ်လုပ်ပြီး ဆံပင်မိတ်ကပ် အလှဆင်ယဉ်ပေးပါသော မေဦးမောင်(တော်ဝင်သူ)အားလည်းကောင်း၊ လက်ဝတ်ရတနာများဆင်မြန်းပေးပါသော The Rich Gems အားလည်းကောင်း၊ မင်္ဂလာပန်းအလှဖန်တီးရှင် နီနီပွင့်(ဗိုလ်ချုပ်ဈေး)အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီချင်းသီကြွေးပေးပါသော နိုင်ငံကျော် တေးသံရှင်နှင့်ရုပ်ရှင်မင်းသမီး အကယ်ဒမီများရှင် ဒေါ်ချိုပြုံး အားလည်းကောင်း၊ မင်္ဂလာတေးသံသာများနှင့် တီးခတ်ဖျော်ဖြေပေးပါသော The Aces Music Band နှင့် အဆိုတော် ငြိမ်းငြိမ်းအိနှင့် နိုင်ငံကျော်တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားကို ဓာတ်ပုံ၊ ဗီဒီယိုဖြင့် မှတ်တမ်းတင်ပေးပါသော ဝဏ္ဏခွာနီးနှင့် အဖွဲ့သားများအားလည်းကောင်း၊ Pre Wedding မင်္ဂလာဓာတ်ပုံများနှင့် ဗီဒီယိုရိုက်ကူးပေးပါသော Yes I Do အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Bagan Printing အားလည်းကောင်း၊ မင်္ဂလာစားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပေးပါသော Traders Hotel မှ မအေးကြည်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက်နိုင်ခြင်းမရှိသဖြင့် လက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲပြီးမြောက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်၊

နှစ်ဖက်မိဘများနှင့်

ဗိုလ်ကြီးအောင်ဘုန်းမြင့်-မအေးမြတ်မွန်









သမ္ဗုဒ္ဓေဘုရားကြီး တန်ဆောင်တိုင်ပွဲတော်ကျင်းပမည်

စစ်ကိုင်း အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီးပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၈ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ဈေးပွဲ၊ဇာတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။"ဘုန်းဘုန်းတို့တန်ဆောင်မုန်းလပြည့်နေ့မနက်မှာ ပင့်သံဃာတော်အပါး ၁၅၀ ကျော်ကို ဆွမ်းဆန်စိမ်းလောင်းလှူဖို့ စီစဉ်ထားပါတယ်။ ဆွမ်းဆန်စိမ်းလောင်းလှူသူတွေများလွန်းလို့ဘုရားကြီးကို နှစ်ထပ်လောက်ပတ်ရတယ်၊ ဒီနယ်မှာတော့ အကြီးဆုံးဆွမ်းလောင်းပွဲတော်ပဲ၊ ပင့်သံဃာတွေကို ဆွမ်းဆန်စိမ်းအပြင်အခြားလှူဖွယ်ပစ္စည်းမျိုးစုံကိုလည်း လောင်းလှူကြတာတွေ့ရပါတယ်"ဟု နာယကဆရာတော် အရှင်သုမနက မိန့်ကြားသည်။

မိုးညှင်း သမ္ဗုဒ္ဓေဘုရားကြီးတွင် ရုပ်ပွားတော်စေတီပေါင်း ၅၈၂၃၉ ဆူကိန်းဝပ်တည်ရှိပြီးထင်ရှားသော ဗိသုကာလက်ရာကြောင့် မြန်မာတွင်သာမက ကမ္ဘာတွင်ပါထင်ရှားကျော်ကြားသော ဘုရားကြီးဖြစ်သည်။

မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီးပွဲတော်သို့ ဒေသတစ်ဝိုက်မှပရိသတ်များစွာ လာရောက်ကြကြောင်း သိရသည်။ "လဆန်း ၁၄ ရက် ညဆို မုံရွာတစ်နယ်လုံးက ဆွမ်းလောင်းဖို့အတွက် ညအိပ်လာကြတယ်။ ပွဲကြည့်ကြ၊ ရုပ်ရှင်ကြည့်ကြနဲ့။ အဲဒီညကတော့ အစည်ကားဆုံးပေါ့၊ ဒီနှစ်မှာ ဟိန်းဇော် ဇာတ်ပွဲနဲ့ လှိုင်ဘွားအောင် ဇာတ်ပွဲတို့နဲ့ ဧည့်ခံဖျော်ဖြေသွားမှာပါ"ဟု ဂေါပကအဖွဲ့ဝင် ဦးကျော်မျိုးလွင်က ပြောသည်။

မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီး တန်ဆောင်တိုင်ပွဲတော်သည် အထက်မြန်မာပြည်တွင် စည်ကားသောပွဲတော်တစ်ခုဖြစ်ပြီး မြန်မာ့လက်မှုလက်ရာများဖြစ်သည့် မြေအိုးများ၊ မြေဖြင့်ပြုလုပ်ထားသော ကလေးကစားစရာများ၊နှီးခြင်းများ၊ နှီးဖျာများကို ရောင်းချကြသည်ကိုတွေ့ရသည်။

ကိုထွန်း(အိုင်တီ)

ပခုက္ကူနှင့် ပေါက်မြို့ကြား ကားလမ်းပိုင်းများပျက်စီး၊ ယောချောင်းအတွင်း ကားများနစ်မြုပ်

ပခုက္ကူ အောက်တိုဘာ ၂၆

ပခုက္ကူခရိုင်အတွင်းရှိ ပေါက်မြို့နယ် ချင်းပြည်နယ်တောင်ပိုင်း မတူပီ- မင်းတပ်လမ်းပိုင်းများ မိုးရာသီအတွင်း မိုးရွာသွန်းမှုအားကောင်းသောကြောင့် ကားလမ်းပိုင်းများ ပိုမိုပျက်စီးလာပြီး နာမည်ကျော် ယောချောင်းကြီးမှာလည်း အရှိန်ပြင်းစွာ ချောင်းရေစီးဆင်းမှုကြောင့် ကားကြီးကားငယ်များနစ်မြုပ်ပျက်စီးမှုအပြင် လူအသေအပျောက်ပါရှိလာ၍ ခရီးသွားလာမှုနှင့်ကုန်စည်စီးဆင်းမှုအခက်အခဲများဖြစ်ပေါ်နေကြောင်း သိရသည်။

"နွေရာသီဆို ပခုက္ကူကနေ နေ့လယ်ထွက်ရင် မင်းတပ်-မတူပီကို နောက်နေ့ မနက်စောစောရောက်တယ်။ မိုးကောင်းနေတော့ လမ်းတွေလည်းပျက်စီး၊ ယောချောင်းရေကလည်းကြီးနေတော့ တစ်ညအိပ်ခရီးကို သုံးလေးရက် သွားနေရတယ်။ ချောင်းရေအရှိန်ကောင်းနေရင်တော့ ယောချောင်းတင် သုံးလေးရက်အိပ်နေရတယ်"ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

အောက်တိုဘာ ၂၄ ရက်တွင် ၁၀ ဘီးကားကြီးတစ်စီးနှင့် ကားငယ်တစ်စီး ယောချောင်းအလယ်တွင် နစ်မြုပ်လျက်ရှိသည်။ ယောချောင်းတစ်ဖက်တစ်ချက်တွင်လည်း ကားအစီး ၄၀ ကျော်နှင့် ဆိုင်ကယ်အစီး ၁၀၀ ခန့် ယောချောင်းရေကို မဖြတ်သန်းရဲ၍ စောင့်ဆိုင်းညအိပ်နေကြရသည်။ အချို့လူများကမူ လှည်းစီး၍လည်းကောင်း၊ ဆိုင်ကယ်ကို အထမ်းနှင့်လည်းကောင်း စွန့်စားဖြတ်သန်းနေကြရသည်။ လှည်းစီးလျှင် လူတစ်ဦး ကျပ်၅၀၀ နှုန်းရှိသည်။ ဆိုင်ကယ်တစ်စီးလူနှစ်ဦး ထမ်းခ ကျပ် ၃၀၀၀ နှုန်းရှိသည်။ လှည်းအဖွဲ့၊ဆိုင်ကယ်အဖွဲ့ သူ့ရက်နှင့် သူ လုပ်ကိုင်ကြရသည်ဟု ဒေသခံတစ်ဦးထံမှ သိရသည်။

ပခုက္ကူမှ မင်းတပ်-မတူပီသို့ နွေရာသီအတွင်း ကားခ ကျပ်၇၀၀၀ ဝန်းကျင်ရှိသော်လည်း မိုးရာသီတွင် ကားခကျပ် ၁၅၀၀၀ ဝန်းကျင်အထိပေါက်သည်။ ပခုက္ကူမှ ပေါက် ၄၇ မိုင်၊ ပခုက္ကူမှ မင်းတပ်-မတူပီ ၁၀၂ မိုင်၊ မတူပီမှ ဘုံတလာအထိ ရှစ်မိုင် ကွာဝေးသည်။ ယခင်ကပေါက်အဝင် ရေပြာတံတား၊ ပေါက်အထွက် အုန်းတောတံတားရှိခဲ့သော်လည်း ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၀ ရက် အိုတူးဘီမုန်တိုင်းကြောင့် ချောင်းရေထဲမျောပါခဲ့ရသည်။မကြာမီကာလအတွင်း အုန်းတောတံတားနှင့် ရေပြာတံတားအား နိုင်ငံတော်မှ ပြန်လည်ဆောက်လုပ်ပေးတော့မည်ဟု ကြားသိရသည်။ ပခုက္ကူခရိုင်နှင့် ပုံတောင်ပုံညာယောဒေသ၊ချင်းပြည်နယ်တောင်ပိုင်းဒေသခံပြည်သူများသည် အဓိကလိုအပ်နေသော တံတားများအပြင် ပျက်စီးနေသော လမ်းပိုင်းများကိုလည်း ပြုပြင်တိုးချဲ့ဖောက်လုပ်ပေးရန် အထူးလိုလားနေကြကြောင်း သိရသည်။

(နေဦးမောင်-ပခုက္ကူ)

အစိုးရကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းတို့အတွက် လိုအပ်သော ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

(၁) Kyaukphyu GT- Ramree 66 KV Transmission Line
(၂) 66 KV Switch Bay Extension at Kyaukphyu GT
(၃) 66/11 KV,5 MVA Ramree Substation

တင်ဒါပုံစံရောင်းချမည့်ရက်	- ၂၈-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	- ၂၈-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ အောက်ပါဌာနများမှ အသုံးပြုရန်လိုအပ်သော (စာရေးကိရိယာပစ္စည်းများ၊ ကွန်ပျူတာများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာထိုင်ခုံများ၊ Air Conditioner၊ တာယာ၊ ဘက်ထရီ၊ စက်ဆီ၊ ချောဆီများ) နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ (Internet Connection System၊ ထွန်၊ ထယ်၊ ထွန်စက်ဘီး၊ မျိုးစေ့ချကိရိယာ၊ အခြောက်ခံစက်၊ ကောက်စိုက်စက်၊ (22)HP လက်တွန်းထွန်စက်၊ Thresher with Engine, Water Pump with Engine) များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အမှုတ်ပုံးကြီး (ဘီးပါ) (လက်တွန်းပါ)၊ အမှုတ်ပုံး (လတ်)၊ အမှုတ်ပုံး(သေး)၊ တာယာ၊ ဘက်ထရီများ၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနမှ (ရုံးသုံးပရိဘောဂပစ္စည်းများ)အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) တင်ဒါစတင်ရောင်းချမည့်ရက် -၁-၁၁-၂၀၁၃ ရက်
(ခ) တင်ဒါပိတ်မည့်ရက် -၂၉-၁၁-၂၀၁၃ ရက်
(ဂ) တင်ဒါပိတ်မည့်အချိန် -မွန်းတည့် ၁၂ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာများတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

(က)ဝန်ကြီးရုံး	ရုံးအမှတ်(၁၅)၊ နေပြည်တော် ၀၆၇-၄၁၀၀၉၄
(ခ)စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန	ရုံးအမှတ်(၄၃)၊ နေပြည်တော် ၀၆၇-၄၁၀၁၁၇
(ဂ)စိုက်ပျိုးရေးဦးစီးဌာန	ရုံးအမှတ်(၄၃)၊ နေပြည်တော် ၀၆၇-၄၁၀၅၁၅
(ဃ)ဆည်မြောင်းဦးစီးဌာန	ရုံးအမှတ်(၄၃)၊ နေပြည်တော် ၀၆၇-၄၁၀၃၁၇
(င)ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန	ရုံးအမှတ်(၁၅)၊ နေပြည်တော် ၀၆၇-၄၁၀၁၂၉
(စ)စက်မှုလယ်ယာဦးစီးဌာန	ရုံးအမှတ်(၅၀)၊ နေပြည်တော် ၀၆၇-၄၃၁၂၁၉
(ဆ)စိုက်ပျိုးရေးသုတေသနဦးစီးဌာန	ရေဆင်း၊ နေပြည်တော် ၀၆၇-၄၁၆၅၉၂
(ဇ)ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်	ရေဆင်း၊ နေပြည်တော် ၀၆၇-၄၁၆၆၈၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် အောက်ပါအကြီးစား ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
(က) အဝတ်လျှော်ရုံ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း
(ခ) စားဖိုဆောင် ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း
(ဂ) ဆေးရုံလူနာဆောင်အားလုံး အတွင်းပိုင်း ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်း
(ဃ) ပြင်ပလူနာဌာန ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း
(င) ဆေးရုံ တစ်ခုလုံး မိလ္လာကန် ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံတစ်စောင်လျှင် ငွေကျပ်တစ်သောင်းနှုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ အမှတ်(၅၂၀) အနောက်မြင်းပြိုင်ကွင်းလမ်း ဗဟန်းမြို့နယ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက်	- ၂၈-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	- ၂၈-၁၁-၂၀၁၃ ရက် ၁၄း၀၀ နာရီ
တင်ဒါတင်ရမည့်နေရာ	- ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနမှူးရုံး အမှတ်(၅၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်

၃။ တင်ဒါခေါ်မည့်လုပ်ငန်းများအတွက် ကွင်းဆင်းကြည့်ရှုလေ့လာရန်လိုအပ်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
ဖုန်း-၀၁-၅၄၄၂၇၉၊ ၀၉-၃၁၃၃၅၅၇၇

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၉၈)(မြေညီထပ်) တိုက်ခန်းအား လက်ရှိပိုင်ဆိုင်သူ ဒေါ်ခင်မျိုးစီ[၁၂/လမတ(နိုင်)၀၂၀၃၆၆]နှင့် ဒေါ်တင်တင်မြင့်(ခ)ပေကက်[၁၂/လမတ(နိုင်)၀၂၈၀၁၉]တို့ထံမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှစရန်ငွေပေးချေထားပြီးဖြစ်၍ တိုက်ခန်းအရောင်းအဝယ်အား အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇင်(စဉ်-၁၈၅၇၇)
အထက်တန်းရှေ့နေ
B.Sc, M.Sc(Zool), H.G.P, D.B.L M.A(Business Law)
တိုက်-၁၄၁/၅၊ မီးဒုံးလမ်း၊ သုဝဏ္ဏမြို့။
ဖုန်း-၀၉-၇၃၀၉၅၁၉၁



ငဖဲမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

ငဖဲ အောက်တိုဘာ ၂၆

မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် မြို့နယ်အတွင်း ဆိုင်ကယ်အခွန်လိုင်စင်ကြေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ပန်းထိမ်းကျေးရွာ အထက(ခွဲ)ကျောင်းဝင်းအတွင်း၌ ရပ်ဝေးမှကျောင်းတက်ရသော ကျောင်းသား ကျောင်းသူများ အခမဲ့နေထိုင်နိုင်ရန် ကျား/မ ဘော်ဒါဆောင် နှစ်ဆောင်ပေ (၃၀×၂၀×၁၀)ဆောက်လုပ်ပြီးစီး၍ အချောကိုင်ဆေး သုတ်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သန်းနိုင်ဦး-ငဖဲ)**

မြောက်ဥက္ကလာပ၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်

ရန်ကုန် အောက်တိုဘာ ၂၆

ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်မှကင်းဝေးစေရန် မြောက်ဥက္ကလာပ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အခြခံလုပ်ငန်းခြောက်ခုအား အရှိန်အဟုန်မြှင့်တင်ပြီး လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများဟန်ချက်ညီစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ (၅) ရပ်ကွက် ပိတောက်(၇)လမ်း၊ (၈)လမ်း၊ (၉) လမ်းနှင့် (၁၀)လမ်းအတွင်းရှိ လူနေအိမ် ၁၀၅ လုံး အတွင်း၊ အပြင် ခြင်ဆေးမှုတ်ခြင်း လုပ်ငန်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်ဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ထွန်းဝင်း)**

အဝိကလမ်းမကြီးများ ယာဉ်များ ညအိပ်မနားရေးဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်မြို့တွင်း (ယာဉ်ကြောများ ပိတ်ဆို့မှုကြောင့် အလုပ်သွား၊ အလုပ်ပြန် ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် အမျိုးမျိုးနည်းလမ်းကောင်းများရှာကြံကာ ဆောင်ရွက်လျက်ရှိရာ ယခုအခါ) ယာဉ်ကြောပိတ်ဆို့မှုများတွင် ပါဝင်နေသည့် ကွန်တိန်နာ၊ ကုန်တင်၊ သစ်လုံးတင်ယာဉ်များနှင့် အခြားယာဉ်များ လမ်းဘေးတွင်ရပ်ထားမှုမှာ အဓိကကျနေသဖြင့် အဆိုပါယာဉ်များအား ဗိုလ်တထောင်၊ ဘုရင့်နောင်(အင်းစိန်) လမ်းမကြီးတစ်လျှောက်၊ ရွှေပြည်သာသွားရာလမ်းများတစ်လျှောက် ယာဉ်များရပ်နားထားပါက ရန်ကုန်တိုင်းဒေသကြီးယာဉ်ထိန်းတပ်ဖွဲ့စုမှဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။

ထို့နည်းတူ အင်းစိန်မြို့နယ် ယာဉ်ထိန်း တပ်ဖွဲ့စု(၁၄)မှလည်း အင်းစိန်မြို့နယ်အတွင်း လမ်းမကြီးဘေးဝဲ၊ ယာများတွင် အကြောင်းအမျိုးမျိုးကြောင့် စည်းကမ်းမဲ့ရပ်နားထားသည့်ယာဉ်များကို စက်တင်ဘာ ၃၀ ရက်ထိ စီးရေ ၄၀၀ တိတိအား စတစ်ကာ အမှတ်အသားကပ်၍ ဖမ်းဆီးထားကြောင်းနှင့် စည်းကမ်းပျက်ပြားသော ယာဉ်များအား ချလံဖြတ် အရေးယူဆောင်ရွက်မှု ၆၀၇၁ မှုထိ ရှိပြီဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၁၄)မှ ဒုရဲမှူးသန်းထိုက်ဦး၏ ပြောပြချက်အရ သိရသည်။ **(မြင့်ဦး-အင်းစိန်)**

စိုက်ပျိုးရေရရှိရန် စက်ရေတွင်းတူးဖော်ရာမှ ရေလျှံတွင်းများထွက်ရှိ

မလှိုင် အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးနည်းသောဒေသများတွင် စိုက်ပျိုးရေနှင့် သောက်သုံးရေဖူလုံရေးအစီအစဉ်တစ်ရပ်အနေဖြင့် တိုင်းဒေသကြီးအစိုးရမှ စက်ရေတွင်းများတူးဖော်ပေးလျက်ရှိရာ မလှိုင်မြို့သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

အောက်တိုဘာ ၁၉ ရက်က မလှိုင်မြို့နယ် ဝါးခွကျေးရွာအုပ်စု ညောင်ပင်ရွာကျေးရွာမှ တောင်သူ ဦးကြာလှနှင့် ဦးငွေအောင်တို့နှစ်ဦးသည် စိုက်ပျိုးရေရရှိရန် စက်ရေတွင်းကို ၎င်းတို့ပိုင်ယာမြေ ကွင်းအမှတ် (၁၄၇)၊ ဦးပိုင်အမှတ်(၂၃၇)နှင့် (၂၇၆)တို့၌ တူးဖော်ခဲ့ရာ စက်ရေတွင်း နှစ်တွင်းလုံးသည် မြေအောက်ရေများ အလိုအလျောက်လျှံထွက်လာပြီး ရေလျှံတွင်းများဖြစ်နေကြောင်း သိရသည်။



အဆိုပါစက်ရေတွင်းမှာ လေးလက်မ အဝိစိတွင်းဖြစ်ပြီး နှစ်တွင်းလုံး အနက်ပေ ၂၂၀ ခန့်ရှိကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီးအစိုးရမှ စက်ရေတွင်းပေါင်း ၄၅၅ တွင်းကို တစ်တွင်းလျှင်ကျပ်သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၁၃၆၅ သိန်းထုတ်ချေးပြီး တူးဖော်ပေးခဲ့ကြောင်း သိရသည်။ **(အောင်ငွေး-မလှိုင်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

Open Tender ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေ/သန့်လုပ်ငန်းများအား အလျင်အမြန်ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းအတွေ့အကြုံရှိသော ကုမ္ပဏီများမှ Open Tender တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၂၉-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၁၁-၁၁-၂၀၁၃ (၁၆း၃၀)နာရီ

၄။ တင်ဒါဖွင့်မည့်နေ့ရက်/အချိန်/နေရာ - ၁၅-၁၁-၂၀၁၃ (၁၃း၀၀)နာရီ
ရုံးအမှတ်(၄၀)၊ နေပြည်တော်
ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
လွှတ်တော်နှင့် အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့
ဖုန်း-၀၆၇-၅၉၀၅၀၉၊ ၀၆၇-၅၉၀၄၄၃



ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၈/၁)၊ ဦးပိုင်အမှတ်(၅)၊ ၃၇×၅၉လမ်းထောင့်၊ ၅၉×၆၀လမ်းကြား၊ ဦးဝင်းအမည်ပေါက် ဂရန်မြေကွက်အား အဘိုးဖြစ်သူ ဦးဝင်း၊ အဘွားဖြစ်သူ ဒေါ်နန်းရွှေကြည်၊ ဖခင်ဖြစ်သူ ဦးစိုင်းအောင်ဘ၊ မိခင်ဖြစ်သူ ဒေါ်နန်းထွန်းတို့ အသီးသီးကွယ်လွန်သွားပါသဖြင့် အမည်ပေါက်သူ၏ မြေးဖြစ်သူ ဒေါ်ရွှေယဉ်[၁၃/တကန(နိုင်)၁၂၅၀၉၆]မှ ဂရန်မိတ္တူ၊ တရားရုံးကျမ်းကျိန်လွှာ၊ သေစာရင်းမိတ္တူမှန်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄)၊ ဦးပိုင်အမှတ်(၃၃)၊ ၆၁လမ်း×၆၂လမ်းကြား၊ ဗန္ဓုလနှင့် အေးမေတ္တာလမ်းကြား၊ ဦးကာလီဖား(ခ)တင်မောင်ဆွေ အမည်ပေါက် ဂရန်မြေကွက်အား ဦးကာလီဖား(ခ)တင်မောင်ဆွေ[၉/အမရ(နိုင်)၀၈၂၄၉၄]မှ အမှုတွဲအမှတ်- ၀၆၃၆/၉၈-၉၉ ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး
ကော်မတီ

အိမ်ရှင်မများအတွက် သတင်းလက်ဆောင်

(၁) (ပုရွက်ဆိတ်တွေကြောင့်စိတ်ညစ်နေပါသလား) ပုရွက်ဆိတ်တွေကသခွားသီးကိုမုန်းတယ်လေ။ ဒါကြောင့် သခွားသီးအခွံတွေကို ပုရွက်ဆိတ်အိမ်(အသိုက်အအုံ) နားမှာချထားပေးလိုက်ပါ။

(၂) (ရေခဲရေသန့်သန့် သောက်ချင်ပါသလား)ဦးစွာ ရေနွေးပွက်ပွက်ဆူအောင်ကျိုပါ။ ပြီးရင် အအေးခံပြီးတော့ သင့်တော်ရာပုလင်းထဲထည့်ပြီး ရေခဲသေတ္တာထဲထည့်လိုက်တော့ ရေခဲရေသန့်ရပြီပေါ့။

(၃)(မှန်တွေ ကြည်ကြည်လင်လင်ဖြစ်ချင်ပါသလား) Spriteအချိုရည်နဲ့ မှန်ကိုသုတ်ပေးလိုက်ပါ။

(၄)(အဝတ်အထည်တွေပေါ်မှာ ပီကေတွေကပ်နေလို့ ဖျက်ရခက်နေပါသလား) အဲဒီအဝတ်အထည်ကို ရေခဲသေတ္တာထဲ တစ်နာရီ လောက်ထည့်ပေးပြီးနောက်မှာတော့ ပီကေတွေခွာလို့ရပါပြီ။

(၅) (အဝတ်ဖြူတွေကို ဖြူဖြူစင်စင်လေး ဖြစ်ချင်ပါသလား) ဇလုံတစ်ခုထဲမှာ ရေနွေးပူပူထည့်ပြီးရင် သံပရာသီးတစ်စိတ်လောက်ညှစ်ထည့်ပေးလိုက်ပါ။ အဲဒီဇလုံထဲကို အဝတ်ဖြူ ၁၀ မိနစ်လောက်စိမ်ထားပြီးမှ ပုံမှန်အတိုင်း ဆပ်ပြာတိုက် လျှော်ဖွပ်ပေးပါ။

(၆) (ဆံသားတွေတောက်ပြောင်ချင်ပါသလား) ရှလကာရည် တစ်ဇွန်းလောက်ကို ဆံပင်အနှံ့လိမ်းပေးပြီးရင် ရေအေးနဲ့လျှော်ချလိုက်ပါ။ (ရေခဲရေမဟုတ်ပါ)

(၇) (သံပရာသီးထဲကအရည်တွေ ကုန်စင်အောင်ညှစ်ယူချင်ပါသလား) ဦးစွာ သံပရာသီးအလုံးလိုက်ကို ရေနွေးပူပူထဲမှာ တစ်နာရီလောက်စိမ်ပါ။ ပြီးမှ အရည်ညှစ်ယူပါ။

(၈) (ဂေါ်ဖီထုပ်ဟင်းချက်တဲ့အခါ အစိမ်းစော်နံနေတာကို ဘယ်လိုဖျောက်ရမလဲ) ဂေါ်ဖီထုပ်ချက်နေတဲ့ ဟင်းအိုးထဲကို ပေါင်မုန့် အပိုင်းအစလေး ထည့်ချက်လိုက်ရုံပါပဲ။

(၉) (ကြက်သွန်နီ လှီးနေတုန်း မျက်ရည်မကျအောင် ဘယ်လိုလုပ်ရပ့ါမလဲ) ပီကေဝါးရင်း ကြက်သွန်နီ လှီးပေးပါ။

(၁၀) (အာလူးပြုတ်တွေ မြန်မြန်နူးစေချင်ပါသလား) မပြုတ်ခင်မှာ အားလူးရဲ့ တစ်ဖက်တစ်ချက်စီကို အခွံနွှာပေးပါ။ (အကုန်အခွံနွှာရန်မလိုအပ်ပေ)

(၁၁) (အဝတ်ပေါ်က မင်စက်အစွန်းအထင်းတွေ ဖယ်ရှားရခက်နေပါသလား)မင်ကွက်အစွန်းအထင်းပေါ် သွားတိုက်ဆေးများများအုံပြီးနောက် အဲဒီသွားတိုက်ဆေးတွေ လုံးဝခြောက်သွေ့တဲ့အခါမှ အဝတ်လျှော်လိုက်ပါ)

(၁၂)(ကန်စွန်းဥတွေ အခွံမြန်မြန်ခွာချင်ပါသလား) ပြုတ်ပြီးစ ကန်စွန်းဥပူပူချစ်ချစ်ကို အိုးထဲကဆယ်ယူပြီး ရေအေးထဲ ချက်ချင်းနှစ်စိမ်ပေးလိုက်ပါ။ (ရေခဲရေမဟုတ်ပါ)

(၁၃) (ကြွက်တွေကို ဘယ်လိုနှိမ်နင်းရပ့ါမလဲ)ကြွက်တွေလာတတ်တဲ့နေရာကို ငရုတ်ကောင်းမှုန့် (အမည်းရောင်) ဖြူးပေးထားရုံပါပဲ၊ ငရုတ်ကောင်းမှုန့်အနံ့ကြောင့် ကြွက်တွေ ထွက်ပြေးကုန်ပါလေရော။

(၁၄) (နှလုံးရောဂါသည်တွေ ညအိပ်ရာမဝင်ခင် ဘာလုပ်သင့်သလဲ) နှလုံးရောဂါသည်များ သောက်ရေအေး တစ်ခွက် (သို့မဟုတ်) နှစ်ခွက်သောက်ပြီးမှ ညအိပ်ရာဝင်ပါ။ ဒါဆို နံနက်အိပ်ရာထ အမောမဖောက်စေတော့ပါဘူး။ (ရေခဲရေမဟုတ်ပါ)

အိမ်ရှင်မများ ပြုံးပျော်နိုင်ကြပါစေရှင်။

ပေါက်ပေါက်

စီးပွားရေးကြော်ငြာ

မလှိုင်မြို့၌ သတင်းထုတ်ပြန်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

မလှိုင် အောက်တိုဘာ ၂၆

မလှိုင်မြို့၌ သတင်းထုတ်ပြန်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေးပွဲကို အောက်တိုဘာ ၂၂ ရက် ညနေ ၃ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်သိန်းလှိုင်က "နိုင်ငံပိုင်သတင်းစာများတွင် သတင်းများရေးသားပေးပို့နေကြသော မြို့နယ်သတင်းထောက်များအနေဖြင့် တိကျမှန်ကန်သောသတင်းများ ရေးသားပေးပို့နိုင်ရန် သတင်းထုတ်ပြန်ရေးလုပ်ငန်း ညှိနှိုင်းစည်းဝေးပွဲကို ခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ သတင်းမီဒီယာ လွတ်လပ်ခွင့်များ ရရှိနေပြီဖြစ်၍ လွတ်လပ်စွာရေးသားနိုင်ပါကြောင်း၊ သို့သော်လည်း တိကျမှန်ကန်ရန်လိုအပ်ပါကြောင်း၊ မှန်ကန်တိကျသော အချက်အလက်များရရှိနိုင်အောင် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး သတင်းထောက်များ၏သိလိုသော အချက်အလက်များကိုလည်း မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှေနန်းက စာနယ်ဇင်းကျင့်ဝတ်များလည်းရှိပြီးဖြစ်၍ သတင်းရေးသားထုတ်ပြန်ရာတွင် ဘက်လိုက်ရေးသားမှုမျိုးမဖြစ်အောင် သတိထားစေလိုကြောင်း၊ ကောင်းတာများကို မျက်ကွယ်ပြုပြီး အဆိုးများကိုသာရွေးချယ်တင်ပြတာမျိုးမဖြစ်စေလိုကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ မြို့နယ်သတင်းထောက်များကလည်း တိကျခိုင်မာသော သတင်းများရရှိရေးအတွက် သတင်းအရင်းအမြစ်ကို စုံစမ်းရာတွင် တွေ့ကြုံရသောအခြေအနေများကိုတင်ပြပြီး ပြည်သူဗဟိုပြုသော ပြည်သူ့အကျိုးကိုရှေးရှုသော တိကျခိုင်မာသည့် သတင်းများကိုသာထုတ်ဖော် ရေးသားတင်ပြသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အောင်ဌေး(မလှိုင်)

တပ်ကုန်း အောက်တိုဘာ ၂၆

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပြိုင်အင်းအုပ်စု ကံသာကျေးရွာမူလတန်းကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး၏ စီစဉ်မှုဖြင့် ကံသာကျေးရွာမှ ဦးမောင်မောင်တင် -ဒေါ်ခင်နွဲ့မိသားစု မတည်ငွေနှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ခြောက်သိန်းကျော်ဖြင့် ကျောင်းခြံစည်းရိုး ၁၂၅ ပေအား သံဆန်ခါ၊ ကွန်ကရစ်တိုင်တို့ဖြင့် စနစ်တကျကာရံလျက်ရှိသည်ကို အောက်တိုဘာ ၂၅ ရက်က တွေ့ရစဉ်။

(၀၉၂)

ကျောင်းခြံစည်းရိုး ကာရံ

၁၀၇(အဖြူ)ဒိုင်နာလိုင်းမှယာဉ်အများစု ခရီးဆုံးထိမဆွဲဘဲ ကြည့်မြင်တိုင်ညဈေးမှတ်တိုင်၌ ပြန်ကွေ့နေ

ရန်ကုန် အောက်တိုဘာ ၂၆

အမှတ် ၁၀၇ (အဖြူရောင်)ဒိုင်နာလိုင်းမှ ယာဉ်အများစုသည် သတ်မှတ်ထားသော ခရီးစဉ်လမ်းကြောင်း အဆုံးအထိမဆွဲကြဘဲ ကြည့်မြင်တိုင်ညဈေးမှတ်တိုင်မှ ပြန်ကွေ့နေကြကြောင်း စုံစမ်းသိရှိရသည်။

အဆိုပါ ယာဉ်လိုင်းသည် ယခင်က ကြည့်မြင်တိုင် (ဟံသာဝတီ)မှ ပန်းဆိုးတန်းအထိ ပြေးဆွဲပေးခဲ့ပြီး ဒိုင်နာ/ဟိုင်းလတ်ယာဉ်များ မြို့တွင်းသို့မဝင်ရန် တားမြစ်ချိန်မှစ၍ အလုံ ဗဟိုအမျိုးသမီးဆေးရုံမှတ်တိုင်မှ အင်းစိန်ပန်းခြံ (ဗဟိုလမ်းအတိုင်း)သို့လည်းကောင်း၊ ယင်းမှ လမ်းကြောင်းချဲ့ကာ ယခု အလုံနှင့် ရွှေပြည်သာသို့ ပြေးဆွဲနေခြင်းဖြစ်သည်။

ယခုပြေးဆွဲသော လမ်းကြောင်းတွင် ဟံသာဝတီခုံးထိပ်နှင့် အင်းစိန်ပန်းခြံကြားခရီးစဉ်၌ ဗဟိုလမ်းမှ ပြေးဆွဲပေးခြင်းကြောင့် ဗဟိုလမ်းအနီးနေထိုင်သူများအဖို့ အဆင်ပြေချောမွေ့သော်လည်း လမ်းကြောင်းပြည့်ခရီးဆုံးအထိ မဆွဲဘဲ အထက်ကြည့်မြင်တိုင်လမ်းမပေါ်ရှိ ညဈေးမှတ်တိုင်မှ ပြန်ကွေ့နေကြခြင်းကြောင့် အလုံဘက်သို့သွားမည့်ခရီးသည်များမှာ တစ်ဆင့်တည်းရောက်ရမည့်ခရီးကို ညဈေးမှတ်တိုင်မှ ယာဉ်တစ်ဆင့်ထပ်ပြောင်းစီးရခြင်းကြောင့် မလိုလားအပ်ဘဲ နှောင့်နှေးကြန့်ကြာကာ ခက်ခဲမှုများကြုံတွေ့နေရခြင်းဖြစ်သည်ဟု သိရသည်။

မြို့ပတ်ရထားလမ်းနှင့် အပြိုင်ဖောက်လုပ်ထားသည့် ဗဟိုလမ်းပေါ်တွင် မောင်းနှင်သွားလာကြသည့် ယာဉ်များ များပြားလာပြီး ဘုရင့်နောင်လမ်းပေါ်ရှိ လှည့်ကင်းအဖွဲ့များကို ရှောင်လိုသော ကုန်အပြည့်တင်လာသည့် ဒိုင်နာ၊ ဟိုင်းလပ်ယာဉ်များသည်လည်း ဗဟိုလမ်းမှ ရှောင်ကွင်းမောင်းနှင်နေကြကြောင်း ဆက်လက်စုံစမ်းသိရှိရသည်။

(၆၈၀)







(၃၅)နှစ်မြောက်မင်္ဂလာရက်မြတ်ဆုမွန်လွှာ

ဖေဖေ-ကေတုဝင်းထွဋ်နှင့် မေမေ-ဒေါ်ခင်မာကြူတို့၏ ၂၀-၁၀-၂၀၁၃ ရက်တွင် ကျရောက်သော (၃၅)နှစ်မြောက်မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင် အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို သား၊ သမီး၊ မြေးတို့နှင့်အတူ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားကြီး- မင်းဟန်ဝင်းထွဋ်(ခ)DJ ဥက္ကာ-အေနီမင် (X BOOM Gym)
မြေးသားလေး- စွမ်းဝေယံထွဋ်
သားလေး- ဝဏ္ဏာထွဋ် (Chief Officer),Sai Baecon Maritime Co.,Ltd-ပွင့်ဖြိုးသူ
သမီးငယ်- နီလာဝင်းထွဋ်(ခေတ္တ- Thailand)

ပျောက်ဆုံးကြောင်း

ကျွန်မ မခင်မျိုးမြတ်[၁၂/ဥကမ(နိုင်) ၁၈၃၆၇၀]၏ Passport စာအုပ်သည် ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၀၁၆၆၅၂**

အမည်မှန်ကန်ကြောင်း

လှိုင်မြို့နယ် မအေးစန္ဒာထွေး၏ ဖခင်အမည်မှန်မှာ ဦးဘိုးကျော်(ခ) ဦးဖိုးကျော် [၁၂/ရကန(နိုင်)၀၀၈၈၈၀] ဖြစ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
(ပစ္စည်းဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ(၃)ရပ်ကွက်၊ အမှတ်(၁၅၁)၊ ဂန့်ဂေါ်လမ်းနေ [ဦးလှအေး(မော်ကွန်းဝင်/ နိုင်ငံ့ဂုဏ်ရည်)]၏ဇနီး၊ ရန်ကုန်မြို့၊ ဒလမြို့နယ်၊ သပြေကုန်းကျေးရွာနေ (ဦးထွန်းမောင်-ဒေါ်အေးမြ)တို့၏သမီး၊ ဒလမြို့နေ (ဦးအောင်မြင့်)-ဒေါ်နွဲ့နွဲ့လှိုင်၊ ဦးမြင့်အောင်-ဒေါ်တင်ရွှေ(ရှမ်းမ)၊ (ဦးမြအောင်)-ဒေါ်သိန်းသိန်းရီ၊ ဦးစိုးမြင့်-ဒေါ်မဖြူ၊ ဦးအောင်စိန်-ဒေါ်မာမာအေး တို့၏မွေးသမိခင် ဒေါ်ရင်နုသည် ၂၆-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၃ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၆

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ICOMOS မှ ကျွမ်းကျင်ပညာရှင် Dr. Susan နှင့် တာဝန်ရှိသူများသည် ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ရေးအတွက် ယနေ့တွင် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မကွေးတိုင်းဒေသကြီး မကွေးလေဆိပ်တွင် ကြိုတင်ရောက်ရှိနေသည့် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ICOMOS မှကျွမ်းကျင်ပညာရှင် Dr. Susan တို့နှင့်အတူ ဗိဿနိုးမြို့ဟောင်းနှင့် သရေခေတ္တရာ ပျူမြို့ဟောင်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ ကြွင်းကျန်တည်ရှိနေသည့် ရှေးဟောင်းအဆောက်အအုံများကို တပ်မတော်ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ရှေးဟောင်းသုတေသန နည်းပညာ သင်တန်းကျောင်း(ပြည်) သင်တန်းခန်းမ၌ ကျောင်းအုပ်ဆရာကြီး ဦးဝင်းကြိုင်က ဗိဿနိုးနှင့်သရေခေတ္တရာ ပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ထားရှိမှုကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ICOMOS မှ ကျွမ်းကျင်ပညာရှင်တို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဗိဿနိုးနှင့် သရေခေတ္တရာ ပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန်အတွက် လိုအပ်ချက်များကို ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် သရေခေတ္တရာ ရှေးဟောင်း သုတေသနပြတိုက်အတွင်း

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○

ရေကြောင်းခရီးသွားမြန်ဆန်ရေး ရန်ကုန်ဒေသမြစ်များတွင် အဆင့်မြင့်ရှပ်ပြေးအမြန်ရေယာဉ်များ မကြာမီ ပြေးဆွဲမည်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်နှင့် မြို့နယ် အသီးသီးရှိ ပန်းလှိုင်မြစ်၊လှိုင်မြစ်နှင့်ပဲခူးမြစ်တစ်လျှောက် နေ ပြည်သူများခရီးလမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အလင်းသစ်စပီဘုတ်ရှပ်ပြေးအမြန်ရေယာဉ်လိုင်းသစ်(ရန်ကုန်)က စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းလျက် ခေတ်မီအဆင့်မြင့်စပီဘုတ်ရှပ်ပြေးအမြန်ရေယာဉ်အသစ်ကြီးများကို ပြည်ပမှတင်သွင်း၍ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရင်းအဆင့်မြင့်စပီဘုတ်ရှပ်ပြေးအမြန်ရေယာဉ်များသည် ဂျပန်နိုင်ငံထုတ်သင်္ဘောအသစ်များဖြစ်ပြီး ၂၀၁၄ ခုနှစ် ဧပြီလကုန်တွင် ရောက်ရှိပြေးဆွဲပေးနိုင်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌဦးတာနိုင်(ဖွန်မောင်မောင်)ကပြောပြသည်။ အဆင့်မြင့်စပီဘုတ်ရှပ်ပြေးအမြန်ရေယာဉ်ပြေးဆွဲမည့် လမ်းကြောင်းများမှာ လှိုင်သာယာ-အင်္ဂပါငါးအဒေးခန်းစက်ရုံဆိပ်ကမ်းမှဘုရင့်နောင်ဈေးဆိပ်ကမ်းအထိ၊ ဘုရင့်နောင်ဈေးဆိပ်ကမ်းမှ ဆင်မလိုက်သင်္ဘောကျင်းဆိပ်ကမ်းအထိ၊ ဆင်မလိုက်သင်္ဘောကျင်းဆိပ်ကမ်းမှ ကြည့်မြင်တိုင်ငါးဈေးကြီး ဆိပ်ကမ်းအထိ၊ ကြည့်မြင်တိုင်ငါးဈေးကြီးဆိပ်ကမ်းမှ ဗားကရာဆိပ်ကမ်းအထိ၊ ဗားကရာဆိပ်ကမ်းမှ အလုံသင်္ဘောကျင်း

စာမျက်နှာ ၈ ကော်လံ ၁ သို့ □

ရော်ဘာကုန်ကြမ်း အရည်အသွေးကောင်းမွန်ရန် ရော်ဘာအရည်ပထမဆုံးဝယ်ယူမည်

မြန်မာနိုင်ငံမှ ထွက်ရှိသော ရော်ဘာကုန်ကြမ်းများ အရည်အသွေးမြင့်မားကောင်းမွန်စေရန်နှင့် ပြည်ပဈေးကွက်တွင် ဈေးကောင်းရရှိစေရန် ပထမဦးဆုံးအနေဖြင့် ရော်ဘာအရည်ဝယ်ယူပြီးနိုင်ငံတကာအဆင့်မီကုန်ကြမ်းရရှိအောင် စက်ရုံတည်ဆောက်သွားမည် ဖြစ်ကြောင်းသိရသည်။

အဆိုပါ စက်ရုံကိုမွန်ပြည်နယ် မုဒုံမြို့နယ် မိန်ဂနိမ်းကျေးရွာတွင် Century Rubber Co.,Ltd. (Myanmar) မှ တာဝန်ယူတည်ဆောက်နေပြီး ၎င်းနှင့် ပတ်သက်၍ ကုမ္ပဏီဒါရိုက်တာ ဦးအောင်ဝင်းနိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

သတင်းနှင့် ဓာတ်ပုံ ➤ ကိုသက်(မိုလ်တဝေထောင်)

ပြော။ ။ဟု ... ရော်ဘာအရည်ဝယ်ယူမှုက ပထမဆုံးဖြစ်ပါတယ်၊ ရော်ဘာစိုက်သူအများစုဟာ မိရိုးဖလာ နည်းပညာများနဲ့ ရော်ဘာကုန်ကြမ်းများကို စိုက်ပျိုးထုတ်လုပ်ထားခြင်းကြောင့် အရည်အသွေးကောင်းမွန်ပေမယ့် သန့်စင်မှုမရှိကြဘူး။ သန့်စင်မှုမရှိတဲ့အခါ ဈေးကွက်မှာဈေးနှိမ်ပြီး ဝယ်ယူခြင်းခံခဲ့ရတယ်၊ ရော်ဘာခဲပြီးသားအချပ်တွေ ပေါ့နော်၊ အဓိကတော့ ခေတ်မီ ဆန်းသစ်တဲ့နည်းပညာတွေ မရှိလို့ပါ။ ဒါကြောင့်အရည်ဝယ်ယူရခြင်းဖြစ်ပါတယ်။

ဖြေ။ ။အနည်းငယ်တော့ကွာခြားနိုင်ပါတယ်၊ ဈေးနှုန်းကတော့ နေ့စဉ်ကုန်ကြမ်းပေါက်ဈေးနှုန်းအတိုင်းဝယ်ယူပေးမှာပါ။ ဈေးနှုန်းအနည်းငယ်ကွာခြားတယ်ဆိုတာ အရည်ခဲပြီးသားအချပ်က အလေးချိန်ကွာခြားလို့ပါ။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

နေပြည်တော် အောက်တိုဘာ ၂၆

ဆီးဂိမ်းကာလအတွင်း နိုင်ငံခြားသားဧည့်သည်များနှင့် လာရောက်ကြည့်ရှုသူများတည်းခိုမည့်နေရာမှ ပြိုင်ပွဲသို့ အဆင်ပြေစွာ သွားလာနိုင်စေရန် အဆင့်မြင့်ဟိုတယ်ကြီးများတွင် ပုဂ္ဂလိက အငှားယာဉ်များ စီစဉ်ထားရှိပေးသွားမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"တည်းခိုမယ့် ဟိုတယ်တိုင်းမှာ မြန်မာပြည်က လူတွေရော၊ နိုင်ငံခြားဧည့်သည်တွေရော၊ အားကစားပွဲကို လာရောက်ကြည့်ရှုသူတွေရော သွားလာရေးအဆင်ပြေဖို့အတွက် ပုဂ္ဂလိကအငှားယာဉ်တွေကို ထားရှိပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပမည့် အားကစားရုံများတစ်ဝိုက်တွင် ဖြတ်သန်းပြေးဆွဲမည့် ယာဉ်လိုင်းများကိုလည်း တရားဝင်ကြေညာပေးသွားမည်ဖြစ်ပြီး ရန်ကုန်မှ နေပြည်တော်သို့ သွားလာနိုင်ရန်အတွက်လည်း ၁ နာရီလျှင် ကားတစ်စီးနှုန်း ထွက်ရှိနိုင်ရန် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ (တေသိန်းဆွေ)

ဒေသခံ ...ပြည်သူများအား အကျိုးပြုသည့် ကားရထား

စာမျက်နှာ ➤ ၂

မွန်ပြည်နယ်အတွင်း သိမ်းဆည်းရမိသော မော်တော်ယာဉ်များအား တင်ဒါစနစ်ဖြင့် ရောင်းချမည်

စာမျက်နှာ ➤ ၆

...နေ့ ...ရှစ်မျက်နှာ အ... ပါသည်။



ကြေးမုံ
The Mirror

PREMIER

တောင်ဆီမိုးသို့ သွန်းဖြိုးမည့် အားမာန်တွေ

မြင့်မိုး(နတလ)

"တောင်ဆီမှာ မိုးတွေသည်းပါလို့" ဝတ္ထုနဲ့ ကျော်ကြားခဲ့တဲ့ ဆရာနီမင်းဆွေ၊ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှာ ကျောင်းအုပ်ကြီးတာဝန် ထမ်းဆောင်သွားခဲ့ပါတယ်။ ကျောင်းဆင်းပွဲရောက်ရင် ကျောင်းသားတွေရဲ့ လေ့လာသင်ယူမှု၊ အားကစားလှုပ်ရှားမှု၊ နေထိုင်စားသောက်မှုပုံစံတွေကို ဗီဒီယိုပြကွက်တွေနဲ့ ပြချင်တယ်။ ကူညီပါဆိုသောကြောင့် ကျွန်တော်ရယ်၊ တပည့် အောင်ဇော်ဦးရယ် ဗီဒီယိုကင်မရာတစ်လုံးနဲ့ နှစ်ရက်လောက် အချိန်ပေးပြီး စာသင်ခန်းမတွေမှာ ဆရာ ဆရာမကြီးတွေက သင်ကြားပို့ချနေပုံတွေ၊ ဒီဂရီကောလိပ်ရဲ့ စာကြည့်တိုက်နဲ့ လက်တွေ့ခန်းတွေ (ဆေးခန်းလည်း မကျန်စေရပါဘူး)။ ပြီးတော့ ကျောင်းသားတွေရဲ့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း၊ ရွှေလီဆိုတဲ့ အိပ်ဆောင်အသီးသီးမှာ ပရိဘောဂအပြည့်အစုံနဲ့ နေထိုင်ရတဲ့ပုံစံ၊ စားရိပ်သာမှာ ချက်ပြုတ်ချိန်ကနေ ကျွေးမွေးပြီးချိန်အထိ သန့်သန့်ရှင်းရှင်း ကောင်းကောင်းမွန်မွန် စိတ်အေးချမ်းသာစွာ စားသောက်ရတဲ့အခြေအနေတွေကို မှတ်တမ်းရိုက်ယူပါတယ်။ ပါမောက္ခ/ဌာနမှူး ဆရာကြီး ဦးတင်ဝ ဦးစီးပြီး ဘောလုံးအားကစား လေ့ကျင့်နေပုံတွေလည်း အပါအဝင်ပေါ့။ ကျောင်းဆင်းပွဲရက်ကလည်း နီးနေပြီမို့ ရသလောက်အရုပ်တွေကို (၃၉)လမ်းထိပ်က ရွှေကောင်းမြတ်မှာ ပြေးပြေးပြီး တည်းဖြတ်ရပါသေးတယ်။ ကျောင်းအုပ်ကြီးက အနုပညာသမားလို့ မပြောရဘူး၊ မြင့်မိုးရေ ငါ ကျောင်းဆောင်ကြီးတွေကို မီးတွေထိန်နေအောင်ထွန်းပြီး ရိုက်ပြချင်တယ်၊ Night Scene ပေါ့ကွာတဲ့။ အဲဒီအချိန်တုန်းက ပင်မဆောင်ကြီးကလည်း သစ်သစ်လွင်လွင်နဲ့ လှပနေလေတော့ နေ့တစ်မျိုး၊ ညတစ်မျိုး မရိုးရလေအောင်ဆိုတဲ့ သဘောဖြစ်မှာပေါ့လေ။ ကျွန်တော်ရယ်၊ အောင်ဇော်ဦးရယ် တတ်သလောက် မှတ်သလောက်နဲ့ Night Scene ရိုက်လိုက်ကြတာ တောင်ဆီမှာမိုးတွေ သည်းမသည်းတော့ မသိဘူး။ အဲဒီညက ကျွန်တော်တို့နှစ်ယောက် မိုးလွတ်အောင် မနည်းပြေးခဲ့ကြရပါတယ်။ ပြန်တွေးရင် အမှတ်ရစရာတွေဖြစ်ခဲ့သလို ကွယ်လွန်သွားပြီဖြစ်တဲ့ တပည့် အောင်ဇော်ဦးကိုလည်း သတိရမိပါရဲ့။

» တောင်ဆီမိုးသို့မှ

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)နဲ့ (စစ်ကိုင်း)ရယ်လို့ ကျောင်းနှစ်ကျောင်းရှိရာမှ ရန်ကုန်ကျောင်းနဲ့က ခဏခဏ ရေစက်ဆုံဖြစ်ပါတယ်။ နယ်စပ်ဖွံ့ဖြိုးရေးနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ ဘာသာရပ်နဲ့ ပတ်သက်ပြီး နောက်ဆုံးနှစ်သမားတွေကို ရံဖန်ရံခါ သွားရောက် ပို့ချပေးရလို့ဖြစ်ပါတယ်။ အားလုံးဟာ တိုင်းရင်းသားကလေးငယ်တွေဖြစ်နေလေတော့ သူတို့အရပ်ဒေသမှာ ရှိနေတဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်တဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းတွေအကြောင်း၊ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေအကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအကြောင်း စိတ်ဝင်တစားရှိခဲ့ပါတယ်။

သင်ခန်းစာပို့ချတိုင်း ကျွန်တော်သူတို့ကို မှာကြားမိတာကတော့ အခုကတည်းက ရည်မှန်းချက် မြင့်မြင့်မားမားထားပြီး ကြိုးစားကြဖို့၊ တစ်ဦးနဲ့တစ်ဦး ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်နေထိုင် ပညာသင်ကြားကြဖို့၊ နောင်တစ်ချိန်မှာ မိမိတို့ဒေသရဲ့ ဦးဆောင်ဦးရွက်ပြုသူတွေဖြစ်အောင် ကြိုးစားကြဖို့ပါပဲ။ နိုင်ငံတော်က သူတို့အပေါ်ထားရှိတဲ့ မျှော်မှန်းချက်ကလည်း ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲတဲ့ လူငယ်တွေဖြစ်လာစေဖို့၊ ကျောင်းဆင်းတာနဲ့ မိမိတို့ရဲ့ ဒေသအသီးသီးကို ပြန်လည်ရောက်ရှိပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ တည်ဆောက်ရေးလုပ်ငန်းတွေ၊ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားမြင့်မားတိုးတက်ရေးလုပ်ငန်းတွေဆောင်ရွက်ကြဖို့၊ ရိုးရာဓလေ့တွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ လူငယ်လူရွယ်တွေဖြစ်လာစေဖို့မျှော်မှန်းချက်တွေ ထားရှိခဲ့ပါတယ်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ၂၀၀၀ပြည့်နှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ဝိဇ္ဇာ၊ သိပ္ပံနဲ့ အင်ဂျင်နီယာ (A.G.T.I)ဘာသာရပ်တွေ သင်ကြားပေးပါတယ်။ သင်တန်းပြီးဆုံးချိန်မှာ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နဲ့ A.G.T.I (ဒီပလိုမာ) ဘွဲ့ရသူတွေကို ဝန်ကြီးဌာနအသီးသီးမှာ အလုပ်တာဝန် ခန့်အပ်ပါတယ်။ ဒီဝန်ထမ်းတွေက ထူးချွန်ထက်မြက်ပြီး အဆင့်မီတဲ့သူတွေဟာ M.A၊ M.Sc၊ M.Resနဲ့ ပါရဂူဘွဲ့၊ အင်ဂျင်နီယာအတတ်ပညာဆိုင်ရာ B.Tech၊ B.E၊ M.E ဘွဲ့တွေ ရရှိသည်အထိ ဘွဲ့လွန်ပညာတွေ ဆက်လက်သင်ယူခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အခုဆိုရင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အထိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မှ ဝိဇ္ဇာဘွဲ့ ၂၄၉ ဦး၊ သိပ္ပံဘွဲ့ ၅၇၅ ဦး၊ A.G.T.I (ဒီပလိုမာ) ၄၅၆ ဦး စုစုပေါင်း ၁၂၈၀၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)မှ ဝိဇ္ဇာဘွဲ့ ၂၆၃ ဦး၊ သိပ္ပံဘွဲ့ ၅၁၆ ဦး၊ A.G.T.I (ဒီပလိုမာ) ၃၆၃ ဦး စုစုပေါင်း ၁၁၄၂ ဦး ကျောင်းဆင်းပြီးဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေအဖြစ် တာဝန်ထမ်းဆောင်နေကြပါပြီ။ ဝန်ထမ်းဘဝနဲ့ ဘွဲ့လွန်ပညာများ ဆက်လက်သင်ယူရင်း M.A ဘွဲ့ ၇၉ ဦး၊ M.sc ဘွဲ့ ၁၅၃ ဦး၊ M.Res ဘွဲ့ ၈၁ ဦး၊ Ph.D ဘွဲ့ ၄ ဦး ရရှိခဲ့ကြပြီးဖြစ်ကြောင်း သိရှိရပါတယ်။

တိုင်းရင်းသားပြည်သူတွေရဲ့ စည်းလုံးညီညွတ်မှုစွမ်းအား၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှုစွမ်းအား၊ နိုင်ငံတကာ အဆင့်မီ ပညာရည်မြင့်မားသည့် လူသားအရင်းအမြစ်စွမ်းအားတွေ အခိုင်အမာတည်ဆောက်ပြီး မိမိတို့နိုင်ငံရဲ့ အမျိုးသားရေးအကျိုးစီးပွားတွေကို ကာကွယ်စောင့်ရှောက်မြှင့်တင်သွားကြရမှာ ဖြစ်ပါတယ်။ ဒီလိုကာကွယ်စောင့်ရှောက်နိုင်ဖို့ တစ်နည်းပြောရရင် နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်တွေကို ထမ်းဆောင်နိုင်ဖို့ ပညာရည်မြင့်မားသော၊ အသိအမြင်ကြွယ်ဝသော၊ အမျိုးသားရေးစိတ်ဓာတ်ထက်သန်ခိုင်မာသော လူငယ်လူရွယ်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)နဲ့ (စစ်ကိုင်း)ကျောင်းတွေအနေနဲ့လည်း ပါဝင်ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။ ။

» လူမှုဘဝမှ

ကမ္ဘာအရပ်ရပ်တွင် အဓိကဦးစားပေးအနေဖြင့် PM10နှင့် PM2.5ကို အလေးပေးပြီး သုတေသနလုပ်ဆောင်ကာ လျှော့ချရန် ကြိုးစားနေကြသည်။ ကျွန်တော်တို့ရှူသွင်းလိုက်သော လေတွင်ပါဝင်သည့် အမှုန်များသည် နှာခေါင်းတွင် ကပ်ငြိကျန်နိုင်သော အမှုန်များရှိသလို အသက်ရှူလမ်းကြောင်းထိ ရောက်ရှိနိုင်ပြီး နှလုံးသွေးများထိ ရောက်ရှိနိုင်သော အမှုန်များရှိသည်။ PM10သည် အဆုတ် လေပြွန်မြွှာ၊ လေအိတ်များထိ ဖောက်ထွင်းဝင်ရောက်နိုင်သည်။ PM2.5 သည် အသက်ရှူလမ်းကြောင်းဆိုင်ရာ သွေးကြောများထိ ဖောက်ထွင်းဝင်ရောက်သည်။ ထို့အတူ နှလုံးရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပေါ်စေနိုင်သည်။ WHO၏ ခန့်မှန်းချက်အရ PM2.5 ကြောင့် သုံးရာခိုင်နှုန်းသည် နှလုံးနှင့် ဆက်နွှယ်သည့်ရောဂါများ၊ ငါးရာခိုင်နှုန်းသည် အသက်ရှူမှုဆိုင်ရာ ကင်ဆာရောဂါများနှင့် တစ်ရာခိုင်နှုန်းသည် ကလေးငယ်များတွင် အသက်ရှူမှုဆိုင်ရာကူးစက်ရောဂါများကို ဖြစ်ပွားစေသည်။ သုတေသနရလဒ်များအရ သတ်မှတ်ပမာဏထက်ကျော်လွန်သော လေကို ကာလတိုထိတွေ့မှုသည် နှလုံးရောဂါဖြစ်ပွားမှုကို ဦးတည်စေသည်။ ယနေ့အခါ PM10နှင့် PM2.5 တို့ထက် သေးငယ်သော အမှုန်ဖြစ်သည့် Ultrafine particle (0.1µm) ကို ဒီဇယ်အင်ဂျင်များမှ ထုတ်လွှတ်လျက်ရှိသည်။

ယင်းအမှုန်များသည် ကင်ဆာဖြစ်စေသော ဓာတ်ပစ္စည်းများကို ၎င်းတို့မျက်နှာပြင်တွင် အတူသယ်ဆောင်လာကြသည်။

ယင်းအမှုန်များကြောင့် အမေရိကန်တွင် နှစ်စဉ်လူပေါင်း ၂၂,၀၀၀-၅၂,၀၀၀ခန့် သေဆုံးသလို ဥရောပနိုင်ငံများတွင် ၃၇၀၀၀၀ခန့် လူ့အသက်မစေ့ခင် သေဆုံးခဲ့ရသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြင့် သေဆုံးမှုသည် ၄၄ ရာခိုင်နှုန်းထိ တိုးမြင့်လာခဲ့သည်ဟု မွန်ဂိုအစိုးရက ဆိုသည်။ အလျင်အမြန် တိုးတက်လာသော အာရှနိုင်ငံများတွင် လေထုအတွင်း PM အမှုန်ပါဝင်မှုသည် သတ်မှတ်ပမာဏထက် ကျော်လွန်နေကာ ကျန်းမာရေးအတွက် နေထိုင်ရန် မသင့်တော်ပေ။ ထိုင်းနိုင်ငံဗန်ကောက်မြို့တွင် နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါဖြင့် သေဆုံးသူ ၁ ဒသမ ၉ ရာခိုင်နှုန်းထိ တိုးမြင့်လာခဲ့သည်။ ဟောင်ကောင်လေထုတွင်လည်း သတ်မှတ်ပမာဏထက် ကိုးဆ ပါဝင်နေပြန်သည်။ ကိုရီးယားနိုင်ငံတွင်မူ လူပေါင်း ၁၁၁၂၇ ဦးသည် လူ့သက်တမ်း မစေ့ခင်သေဆုံးကြရသည်။ ယာဉ်မတော်တဆဖြစ်ကာ သေဆုံးမှုထက် ငါးဆပိုများနေသည်။

ယင်းဓာတ်ငွေ့အမှုန်များတွင် လူသားများပြုလုပ်သည့်အရာနှင့် သဘာဝအလျောက် ထုတ်လွှတ်လိုက်သည့်အရာများဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ သဘာဝအလျောက်ထုတ်လွှတ်သည့် အရာများသည် အများအားဖြင့် မီးတောင်ပေါက်ကွဲခြင်းနှင့် တောမီးလောင်ခြင်း ကြောင့်ဖြစ်သည်။ လူသားတို့ ပြုလုပ်လိုက်သည့် အရာများတွင် မော်တော်ယာဉ် မီးခိုးများ၊ စက်ရုံများမှ ထုတ်လွှတ်လိုက်သည့် မီးခိုးများ၊ ဇီဝလောင်စာများ လောင်ကျွမ်းခြင်းတို့မှ ဖြစ်ပေါ်လာခဲ့သည်။

မော်တော်ယာဉ်မှ ထွက်သည့် မီးခိုးငွေ့များကို DPF (Diesel Particulate Filter), p-DPF (Partial Diesel Particulate Filter) နှင့် DOC (Diesel Oxidation Catalyst) မီးခိုးစစ်ကိရိယာများ အသုံးပြုကာ လျှော့ချနိုင်သည်။ စက်ရုံ၊ အလုပ်ရုံများမှ ထွက်သည့် မီးခိုးများကိုလည်း ဦးစွာပထမအနေဖြင့် LRT (Long-Range Transport)ကို အလေးပေးစဉ်းစားကာ အနီးလူမှုပတ်ဝန်းကျင်ပေါ်တွင် အကျိုးသက်ရောက်နိုင်မှု ကိုတွက်ချက်ကာ ထုတ်လွှတ်သင့်သည်။



ကျွန်တော်တို့နိုင်ငံတွင် မြို့ပြကျေးလက်ပါမကျန် လေအရည်အသွေး မည်ရွေ့မည်မျှရှိနေသည်ကို ကိန်းဂဏန်းအရ ဖော်ပြထားခြင်း မရှိသေးချေ။ ကနေဒါနိုင်ငံတွင် လေတွင်းအမှုန်ပါဝင်မှုကို 30µg/m³ PM 2.5 ဟုလည်းကောင်း၊ ဟောင်ကောင်တွင် 180µg/m³ PM 10ဟုလည်းကောင်း၊ ဂျပန်နိုင်ငံတွင် 100µg/m³ PM 10, 50µg/m³ PM 2.5 ဟုလည်းကောင်း၊ အမေရိကန်နိုင်ငံတွင် 150µg/m³ PM 10, 35µg/m³ PM 2.5 ဟု အသီးသီးသတ်မှတ်ထားသည်။ ကိန်းဂဏန်းသည် အလွန်အရေးကြီးသည်။ ယနေ့မန္တလေးသည် မော်တော်ယာဉ်များမှ ထုတ်လွှတ်သည့် မီးခိုးငွေ့များ၊ လမ်းဘေးတွင် မီးဖိုကာကျိုချက်နေသော ကတ္တရာစေးမှထွက်သည့် အနံ့အသက်နှင့် မီးခိုးများ၊ ဖုန်မှုန့်များဖြင့် နေရာယူနေသည်။ ရန်ကုန်မြို့တွင်လည်း မော်တော်ယာဉ်များမှ ထုတ်လွှတ်သည့် မီးခိုးအမှုန် ပမာဏသည် သတ်မှတ်ပမာဏထက် ကျော်လွန်နေမည်မှာ မလွဲဧကန်ဖြစ်မည်။ လုံးဝကြီးမပျက်စီး၊ ရောဂါမရသေးခင် အချိန်မီ စနစ်ကျသော စည်းမျဉ်းစည်းကမ်းများ ပြုလုပ်ကာ ပြင်ဆင်ရပေလိမ့်မည်ဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ■

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ကို ၁၉၆၃ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့သဖြင့် ယခုအခါတွင် နှစ်(၅၀)ပြည့်ခဲ့ပြီဖြစ်ပါသည်၊ ထိုရွှေရတုခရီးကာလအတွင်း ဤဦးစီးဌာနရှိ ဆေးဝါးဗေဒသုတေသနဌာနခွဲမှသုတေသီများ ပြုလုပ်ဆောင်ရွက်ခဲ့သော ကမ္ဘာ့အဆင့်မီ "မြန်မာတိုင်းရင်းဆေးခန်းသုံး တိုင်းရင်းဆေးဖုံများ၏ အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ခြင်း သုတေသန" သည် ယနေ့ထိများစွာ အကျိုးသက်ရောက်လျက်ရှိပါသည်၊

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နှင့် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)တို့၏ အထောက်အပံ့ဖြင့် ဆေးဝါးဗေဒ သုတေသနဌာနခွဲတွင် တိုင်းရင်းဆေးခန်းသုံးတိုင်းရင်းဆေးဖုံများ၏ အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ ဆေးဝါးအာနိသင်နှင့် အဆိပ်အာနိသင်များလေ့လာခြင်း သုတေသနစီမံကိန်းကြီးကို ၁၉၈၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ထိုစီမံချက်အရ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ရှေးပါးသောတိုင်းရင်းဆေးပညာတို့ကို ဖော်ထုတ်လေ့လာရန်နှင့် ထင်ရှားကျော်ကြားသော သမားတော်ကြီးများ၏ ကုထုံးများအား ခေတ်မီနည်းပညာဖြင့် ပေါင်းစပ်ပြီး ပိုမိုတိုးတက်အောင် သုတေသနပြု မှတ်တမ်းတင်ထားရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ပါသည်။

ထိုအချိန်က မြန်မာနိုင်ငံတွင် အသုံးပြုလျက်ရှိသော တိုင်းရင်းဆေးဖုံတွင် ပါဝင်သည့် ဆေးဝါးပစ္စည်း ကုန်ကြမ်းများမှာ ဆေးဖက်ဝင်အပင်များ၊ အော်ဂဲနစ်ဓာတ်ဆားများ၊ အင်အော်ဂဲနစ်ဓာတ်ဆားများနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများဖြစ်ကြပါသည်၊ သို့ရာတွင်ပရဆေးဆိုင်များတွင်ရောင်းချလျက်ရှိသော ဆေးဖက်ဝင်အပင်များ၊ အော်ဂဲနစ်ဓာတ်ဆားများ၊ အင်အော်ဂဲနစ်ဓာတ်ဆားများနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ စစ်မှန်မှုကို အာမခံချက်မရှိသကဲ့သို့ အရည်အသွေးကိုလည်း ထိန်းသိမ်းမှုမရှိခဲ့ပါ။ တိုင်းရင်းဆေးများဖော်စပ်ရာတွင် အသုံးပြုမည့် ဆေးအမည်များကိုလည်း သိပ္ပံနည်းကျအညွှန်းပြုမည့် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း (standardization)များလည်းမရှိသေးပါ။ ဆေးအမည်များ၏ အလေးချိန်၊ တိုက်ကျွေးသော ဆေးချိန်များကိုလည်း အမျိုးမျိုးသုံးစွဲလျက်ရှိသဖြင့် နိုင်ငံတကာသုံးစံအလေးချိန်ဖြင့်သတ်မှတ်ရန် လိုအပ်လျက်ရှိနေခဲ့ပါသည်။

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)

ထို့ကြောင့် ဤစီမံချက်ကြီးကို ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် သုတေသနရည်မှန်းချက်(၆)ချက်ချမှတ်ထားပြီး ဆောင်ရွက်ခဲ့ပါသည်၊ ယင်းတို့မှာ-

၁။ တိုင်းရင်းဆေးဖုံများတွင်ပါဝင်သော တိုင်းရင်းဆေးပင်များ၊ အော်ဂဲနစ်ဓာတ်ဆားများနှင့်တိရစ္ဆာန်ထွက် ပစ္စည်းများ စသော ဆေးအမည်ပေါင်းတို့၏ ရုက္ခဗေဒ၊ ရူပဓာတုအရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ရန်နှင့် ဆေးဝါးသိပ္ပံရုက္ခဗေဒသုတေသနများအသေးစိတ်ပြုရန်၊

၂။ အဆိပ်အာနိသင်ရှိ မရှိဖော်ထုတ်လေ့လာရန်၊

၃။ ဖော်ထုတ်ပြီးဆေးဖုံတို့၏ သုံးစွဲနိုင်မှုခံနိုင်ရည်ရှိသည့်ကာလကို တိုင်းတာရှာဖွေရန်၊

၄။ ဆေးအချိန်အတွယ်၊ တိုင်းတာပုံ၊ ဖော်စပ်ပုံတို့ကို စံပြုမက်ထရစ်စနစ်အလေးချိန်တိုင်းတာပုံ အချိန်အတွယ်နှင့် ဖော်စပ်ပုံတို့ကို ပြောင်းလဲသတ်မှတ်ရန်၊

၅။ စံပြုထိန်းသိမ်းထားသော တိုင်းရင်းဆေးပြတိုက်ငယ်ကို တည်ထောင်ထားရှိရန်၊

၆။ ကျမ်းဂန်လာဆေးဝါးဂုဏ်သတ္တိများကို ရှာဖွေဖော်ထုတ်ရန် စသည်တို့ဖြစ်ပါသည်။

သို့သော်လည်း ရည်မှန်းချက်(၃)ဖြစ်သော ဆေးဖုံတို့၏သုံးစွဲနိုင်မှုခံနိုင်ရည်ရှိသည့် ကာလတို့မှာမအောင်မြင်ခဲ့ပါ။ အကြောင်းရင်းမှာ ဆေးဖုံများတွင် ဆေးပင်များ၊ ဓာတ်ဆားများနှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ များစွာရောနှောပါဝင်နေသောကြောင့်တိုင်းတာရန် အခက်အခဲတွေ့ခဲ့ရပါသည်။

ဤသုတေသနစီမံချက်ကြီး အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် အပင်ဓာတုပစ္စည်းစမ်းသပ်ခြင်းနှင့် ရူပဓာတုစံချိန်စံညွှန်းဖော်ထုတ်သည့်နည်းပညာ၊ ၎င်းစံချိန်စံညွှန်းသုတေသန၌ အသုံးဝင်သည့် ခရိုမက်တိုဂရက်ဖီနည်းပညာများ၊ အနီအောက်ရောင်ခြည် ရောင်စဉ်တိုင်းနည်းပညာ၊ ရုက္ခဗေဒနှင့် ဆေးဝါးသိပ္ပံရုက္ခဗေဒတို့၏ နည်းပညာများ၊ ဆေးပင်၏ အဆိပ်အာနိသင်နှင့် ဆေးဝါးအာနိသင်များကို တိရစ္ဆာန်များအပေါ်တွင်လည်းကောင်း၊ ဆေးဝါးအာနိသင်အတွက် လူများအပေါ်တွင်လည်းကောင်း စသည်ဖြင့် စမ်းသပ်နိုင်ရန် နည်းပညာများကိုပြည်ပနိုင်ငံများသို့ သုတေသီများ စေလွှတ်သင်ယူစေခဲ့ပါသည်။

ထို့အပြင် သုတေသနစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သော အဆင့်မြင့်ဓာတ်ခွဲခန်းသုံး စက်ကိရိယာပစ္စည်းများကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးခဲ့ပါသည်၊ ထိုသို့အဆင့်ဆင့်ဖြည့်ဆည်းပြီး တိုင်းရင်းဆေးကောင်စီအသိအမှတ်ပြု တိုင်းရင်းဆေးခန်း၊ ဆေးရုံသုံးတိုင်းရင်းဆေးဖုံများမှ သောက်ဆေးဖုံ ၄၈ ဖုံအနက် ၃၉ ဖုံတွင်ပါဝင်သည့် ဆေးဝါးပစ္စည်းကြမ်းဖြစ်သော ၁၃၄ မျိုးကို ရုက္ခဗေဒအမည်နှင့် မြန်မာအမည်တို့ကို ဖော်ထုတ်ခဲ့ပါသည်။ ဆေးဖုံကိုးဖုံ မှာ ဆေးပင်မပါဝင်၍ မစမ်းသပ်ခဲ့ပါ။ ရုက္ခဗေဒအမည်ဖော်ထုတ်ပြီးနောက် စမ်းသပ်ရာတွင်လည်း (macroscopic features) သာမန်မျက်စိဖြင့်မြင်နိုင်သော လက္ခဏာများ၊ သာမန်မျက်စိဖြင့်မမြင်နိုင်သော လက္ခဏာများကို အဏုစိတ်မှန်ပြောင်းမိုက်ခရိုစကုပ်နှင့် စမ်းသပ်ခြင်း၊ flouresence analysis၊ ခရိုမက်တိုဂရက်ဖီနည်းပညာများ၊ အနီအောက်ရောင်ခြည် ရောင်စဉ်တိုင်းနည်းပညာနှင့် ဓာတုဗေဒစမ်းသပ်ခြင်းများ၊ ဆေးဝါးအာနိသင်နှင့် အဆိပ်အာနိသင်တို့ကို တိရစ္ဆာန်များနှင့် လူများဖြင့် စမ်းသပ်ခြင်း၊ သုတေသနများကို ပြုလုပ်ခဲ့ကြပါသည်။

ထိုဆေးဖုံတို့တွင်ပါဝင်သော ဆေးပင်ပေါင်း ၁၃၄ ပင်နှင့် အော်ဂဲနစ်ဓာတ်ဆား ၂၃ မျိုး၊ တိရစ္ဆာန်ထွက်ပစ္စည်း ၁၄ မျိုးကိုလည်းကောင်း အသေးစိတ်သုတေသနပြုပြီး စံပြုထိန်းသိမ်းထားသော တိုင်းရင်းဆေးပြတိုက်ငယ် (Crude drug museum)နှင့် ဆေးပင် ၁၆၇ ပင်၏ ပင်ခြောက်နမူနာများထားရှိသော ပင်ခြောက်နမူနာပြတိုက် (Herbarium) တစ်ခုကို သုတေသီများနှင့် တိုင်းရင်းဆေးလေ့လာသူများအတွက် တည်ထောင်ပြသထားနိုင်သလို တိုင်းရင်းဆေးဖုံများအတွက် အရည်အသွေးစံချိန်စံညွှန်းထိန်းသိမ်းရေးအတွက် ဆောင်ရွက်ရန် ခေတ်မီအဆင့်မြင့် ဓာတ်ခွဲခန်းတစ်ခုလည်း ပေါ်ထွက်လာခဲ့ပါသည်၊

(ဆက်လက်ဖော်ပြပါမည်)

မော်ကျွန်း-ရန်ကုန် ယာဉ်နှစ်လမ်းသွား ဂျုံးဂျုံးကျတံတားသစ် တည်ဆောက်နေ

မော်လမြိုင်ကျွန်း-ရန်ကုန် အဝေးပြေး မော်တော်ယာဉ်ကားလမ်းတွင် အရေးပါသော ယာဉ်လမ်းကြောင်း နှစ်လမ်းသွား ဂျုံးဂျုံးကျ အာစီကွန်ကရစ်တံတားသစ်ကို စတင်ဆောက်လုပ်လျက်ရှိပြီး ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ လိုရာခရီးသွားလာနိုင်ရေးအတွက်လည်း ယာယီလမ်းလွှဲတံတား တည်ဆောက်ထားရာ မော်တော်ယာဉ်မျိုးစုံ နေ့စဉ်ဖြတ်သန်းမောင်းနှင်လျက်ရှိကြသည်။

ယခုဆောက်လုပ်လျက်ရှိသော အာစီကွန်ကရစ် ဂျုံးဂျုံးကျချောင်းကူးတံတားသစ်မှာ အလျားပေ ၁၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိပြီး လူသွားလမ်းတစ်ဖက်လျှင် သုံးပေခွဲစီရှိသော တံတားဖြစ်သည်။

"ဂျုံးဂျုံးကျချောင်းကူးတံတားသစ် ဆောက်လုပ်နေတာမြင်ရတော့ သိမ်ဝမ်းသာမိတာ အမှန်ပါပဲ။ တံတားကြီးဆောက်လုပ်ပြီးသွားရင် ဂျုံးဂျုံးကျ၊ နတ်မင်းကြီး၊ ကွမ်းချောင်း၊ တယ်ချောင်း၊ ရေကျော်ကြီးနဲ့ ရေလိမ်ကျေးရွာများမှ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး ယခုထက် ပိုမိုအဆင်ပြေလွယ်ကူသွားမှာပါ။ ယခင်က ဂျုံးဂျုံးကျတံတားဟာ တစ်လမ်းသွားသာဖြစ်ပြီး ယခု နှစ်လမ်းသွားတံတား တည်ဆောက်လိုက်လို့ ယာဉ်သွားလာမှု အဆင်ပြေချောမွေ့သွားမယ့်အပြင် ယာဉ်လမ်းကြောင်း ပိတ်ဆို့မှုလည်းမရှိနိုင်တော့ပါဘူး" ဟု ခရီးသွားပြည်သူများက ပြောသည်။

[မော်ကျွန်းမြင့်အောင်]

ကလေးမြို့ ရေကြီးမှုကြောင့် ပျက်စီးသွားသောတံတားများ ပြန်လည်ပြုပြင်

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇော်ဦး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးစိန်မောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် အောက်တိုဘာ ၂၃ ရက်တွင် ကလေးမြို့နယ်၌ စက်တင်ဘာလကုန်ပိုင်းက ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော တံတားများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါတံတားများသည် ကလေး-ဂန့်ဂေါလမ်းရှိ နန်းကလိန်တံတား၊ ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ဆိပ်ကမ်းသာတံတား၊ ပြည်သူ့ဆေးရုံရှေ့ရှိ ဥပုတ်ချောင်းတံတား၊ ဗိုလ်ချုပ်လမ်းမပေါ်ရှိ တံတားဦးတံတား၊ စက္ကန့်ကျေးရွာအနီးရှိ ဇီးချောင်းတံတား၊ ပြည်တော်သာကျေးရွာအနီးရှိ ပြည်တော်သာတံတား၊ ဆည်ကြီးကျေးရွာအနီးရှိ ဆည်ကြီးတံတားနှင့် အနောက်မြောက်လမ်းမပေါ်ရှိ နတ်တံခါးချောင်းတံတားများ ရေတိုက်စားမှုကြောင့် ပျက်စီးခြင်းများနှင့် ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

[ဂျူနိုင်း]

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်
ဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးများအ
ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းဖောက်လုပ်ရန် စီမံလျာထားမှုများကို ဆွေးနွေးညှိနှိုင်း
ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းဆရာတော်၊ တောင်ပုလုပရိယတ္တိစာသင်တိုက
နှင့် ၅၆ မိုင် ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး
ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ [ပြည်နယ်

စိုက်ပျိုးပညာပေးရေးလွှား ဖယ်ယမ်းနှင့် တောင်သူများ မျိုးစေ့အခြောက်ခံသန့်

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ခရိုင်
အဓိက စိုက်ပျိုးသော မင်းဘူး၊ ပွင့်ဖြူ၊ စလင်းမြို့နယ်များမှ စိုက်ပျိုးပညာပေးရေး
၃၁ ဦးနှင့် အကျိုးဆောင်တောင်သူ ၇၇ ဦး စုစုပေါင်း ၁၀၈ ဦးတို့သည် အောက်တို
မွန်းလွဲပိုင်းတွင် ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအနီးရှိ M.G.S (Myanmar Go
ကုမ္ပဏီမှ တည်ဆောက်ဆောင်ရွက်နေသည့် တစ်ရက်လျှင်စပါးတန် ၃၀၀ ပြီးစီးနိုင်
အခြောက်ခံသန့်စင်ရုံအား လေ့လာခဲ့ကြသည်။ (အောက်ပုံ) စက်ရုံခန်းမ၌ စက်
မျိုးစေ့အခြောက်ခံ သန့်စင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်း
ဦးစီးမှူး ဦးကျော်ဝင်းက(M.G.S)ကုမ္ပဏီနှင့် စပါးမျိုးသန့်များ အကျိုးတူပူးပေါင်းစိုက်
ရေးနှင့် မြေပြုပြင်သည်မှ ရိတ်သိမ်းသည်အထိ စက်ကိရိယာအသုံးပြုသွားရေး ပူးပေါင်
ကြရန် ဆွေးနွေးမှာကြားခဲ့သည်။



ကျောက်ပန်းတောင်း၌ ဆောင်းသီးနှံချေးငွေများစတင်ထုတ်ချေး

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအတွက် လိုအပ်သော သွင်းအားစုများ အချိန်မီဝယ်ယူဖြည့်တင်းနိုင်ရန်အတွက် ဆောင်းသီးနှံချေးငွေများကို အောက်တိုဘာ ၂၂ ရက်မှစတင်ထုတ်ချေးလျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ဆောင်းရာသီသီးနှံများအဖြစ် ဆောင်းပင်ထောင်မြေပဲစိုက်ဧက ၄၇၀၀ (စာရင်းရှိ)၊ စပါးစိုက်ဧက ၇၀၀၈ ဧက၊ နှမ်းစိုက်ဧက ၇၀၀ နှင့် ပဲတီစိမ်းစိုက်ဧက ၉၂၇၅ ဧကစိုက်ပျိုးထားရှိကြောင်း သိရပြီး ကျေးရွာ ၁၄ အုပ်စုရှိ တောင်သူ ၁၈၀၀ ဦးတို့အား စပါးတစ်ဧကငွေကျပ်တစ်သိန်းနှင့် အခြားသီးနှံ တစ်ဧကငွေကျပ်နှစ်သောင်းနှုန်းဖြင့် စုစုပေါင်းချေးငွေကျပ်သိန်းပေါင်း ၂၅၀၀ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးကတော့ မြေပဲနှင့်ပဲစင်းငုံ အကြိုက်ဖြစ်နေတော့ ရကြပါတယ်။ ကွန်တော်ဆို ဝါဆိုပဲတုန်းက တင်း ၁၅၀ ကျော်ရတယ်။ ယခုလည်း ဆောင်းပဲတွေများတယ်။ ဥလည်းဥကြပါတယ်။ ပဲကကောင်းပါရဲ့ ဈေးကမကောင်းတာ ဆိုးတယ်ဗျာ" ဟု ပွေးကျစ်ကျေးရွာအုပ်စုမှ ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။ ဆောင်းပင်ထောင်ဟုခေါ်သည့် သုံးလပဲကို စက်တင်ဘာလတွင် စိုက်ပျိုးကြပြီး ဒီဇင်ဘာလတွင် နုတ်သိမ်းပြီးစီးကြမည်ဖြစ်ကြောင်း သိရသည်။

|ကိုနေ-ကျောက်ပန်းတောင်း|

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ဖွဲ့ဘာကျေးရွာတွင် ရွာလယ်လူကူးတံတား ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ရာတွင် မတည်ငွေအဖြစ် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့(၁၂) ရပ်ကွက်နေ ဦးကျော်ဇော-ဒေါ်အေးချို မိသားစုမှ သိန်း ၃၀ ၊ ဖွဲ့ဘာကျေးရွာမှ ဦးမျိုးမြင့်-ဒေါ်မိမိ မိသားစုမှ ရှစ်သိန်း၊ ဦးမြင့်သိန်း-ဒေါ်မြင့်သူအောင် မိသားစုမှ ၃ သိန်း ၄ သောင်း၊ ရွာသူရွာသားများမှ နှစ်သိန်းခြောက်သောင်း စုစုပေါင်း ၄၄ သိန်း အကုန်ကျခံကာ ဖွဲ့ဘာကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အထောက်အကူပြုအဖွဲ့များ ဦးစီးဦးဆောင်ပြီး ပြုလုပ်ကြောင်း သိရသည်။ လွန်ခဲ့သော သုံးနှစ်ခန့်က ပျက်စီးသွားသောတံတားကို ယခု အာစီတိုင်များဖြင့် ဆောက်လုပ်ရာ တံတားအရှည်ပေ ၁၀၀၊ အကျယ် ခြောက်ပေ၊ အမြင့် ၁၅ ပေ၊ ကြမ်းခင်း ဒု ခြောက်လက်မ၊ လက်ကိုင်တ
အတွက် (အောက်ပုံ) အနီးရှိ
အထက်တန်းကျောင်းများမှ ကျော
ရေးအဆင်ပြေချောမွေ့စေရေးအ
ဦးစိုးမြင့်က ပြောကြားခဲ့သည်။

ယင်းတံတားဖွင့်ပွဲအခမ်းအန
ထားသော ဧည့်သည်များနှင့်အတူ
က ကျင်းပခဲ့ကြောင်း သိရသည်။

...ူးရေးလမ်းဖောက်လုပ်ရန် ညှိနှိုင်း

...ည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် မင်းတပ်ခရိုင် ...က်လုပ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာန ...န်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးများအားတွေ့ဆုံ၍ ...ဒသပွံ့ဖြိုးရေးလမ်းဖောက်လုပ်ရန် စီမံလျာထားမှုများကို ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ခဲ့ပြီး ...ုဘာသနာပြုဗဟိုကျောင်းဆရာတော်၊ တောင်ပုလုပရိယတ္တိစာသင်တိုက်ဆရာတော် ...ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထု ...ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ [ပြည်နယ်ပြန်/ဆက်]

...ူပေးရေးတွေ့ ...ယ်နှင့် တောင်သူများ မျိုးစေ့အခြောက်ခံသန့်စင်ခုံလေ့လာ

...တိုင်းဒေသကြီး မင်းဘူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ခရိုင်အတွင်း စပါး ...ပျိုးသော မင်းဘူး၊ ပွင့်ဖြူ၊ စလင်းမြို့နယ်များမှ စိုက်ပျိုးပညာပေးရေး ကွင်းဝန်ထမ်း ...ကျိုးဆောင်တောင်သူ ၇၇ ဦး စုစုပေါင်း ၁၀၈ ဦးတို့သည် အောက်တိုဘာ ၁၈ ရက် ...ွင် ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအနီးရှိ M.G.S (Myanmar Golden Seed) ...ည်ဆောက်ဆောင်ရွက်နေသည့် တစ်ရက်လျှင်စပါးတန် ၃၀၀ ပြီးစီးနိုင်သည့် မျိုးစေ့ ...သန့်စင်ရုံအား လေ့လာခဲ့ကြသည်။ (အောက်ပုံ) စက်ရုံခန်းမ၌ စက်ရုံတာဝန်ခံက ...က်ခံ သန့်စင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ ခရိုင် ...ကျ်ဝင်းက(M.G.S)ကုမ္ပဏီနှင့် စပါးမျိုးသန့်များ အကျိုးတူပူးပေါင်းစိုက်ပျိုးထုတ်လုပ် ...ပြင်သည်မှ ရိတ်သိမ်းသည်အထိ စက်ကိရိယာအသုံးပြုသွားရေး ပူးပေါင်းဆောင်ရွက် ...နွေးမှာကြားခဲ့သည်။ [သန်းဌေး]



သီပေါမြို့နယ်လုံးဆိုင်ရာ သံဃဒါနပွဲတော် နိုင်ငံခြားသားများလည်း ပါဝင်နွဲပျော်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၏ (၁၁၈)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ သံဃဒါနဆွမ်းလောင်းလှူပွဲအတွက် ရပ်ကွက်/ကျေးရွာ အလှူပဒေသာပင်များ၊ ဌာနဆိုင်ရာအသင်းအဖွဲ့အလှူပဒေသာပင်များကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၁ နာရီမှ စတင်၍ သီပေါမြို့ တံစင့်ဘိုးဘိုးကြီးနန်းမှ မဟာမြတ်မုနိဘုရားကြီးအထိ ရှမ်းရိုးရာယဉ်ကျေးမှုအကအလှများ၊ ခေတ်ပေါ်အဆိုအကအတီးအမှုတ်များဖြင့် တပျော်တပါး ပို့ဆောင်ခဲ့ကြသည်။

သီပေါမြို့နယ်၌ ရှေးအခါမှစ၍ အစည်ကားဆုံး ဘာသာရေးပွဲတော်တစ်ခုဖြစ်သော ယခုအလှူပဒေသာပင်များ လှည့်လည်ပို့ဆောင်ပွဲသို့ ဒေသခံများနှင့်အတူ နိုင်ငံခြားသားများလည်း တပျော် တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။ (အပေါ်ပုံ) ယခုလို ပွဲတော်ကာလ၌ သီပေါသို့ ပြည်ပဧည့်သည်များ အထူးပေါများသည်ဟု သီပေါမြို့ မြတ်ရတနာမိုတယ်ပိုင်ရှင်က ပြောကြား သည်။

အဆိုပါ အလှူပဒေသာပင်များကို အောက်တိုဘာ ၂၃ ရက် အရုဏ်တက်ချိန်တွင် မြို့နယ်အတွင်း ဝါဆိုဝါကပ်တော်မူခဲ့ကြသည့် ကျောင်းပေါင်း ၇၇ ကျောင်းမှ ရဟန်းနှင့် သာမဏေအပါးပေါင်း ၁၅၉၇ ပါးတို့အား စာရေးတံမဲဖောက်လှူဒါန်းပြီး မဲပေါက်ရာ ကျောင်းတိုက်အရောက် လိုက်လံပို့ဆောင်ကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ [သီပေါ-ကိုလတ်]

နန့်ဖာလုံနယ်စပ်ဈေး ကုန်သွယ်မှုများ ပြန်လည်စည်ကားလာ

အိန္ဒိယ-မြန်မာနယ်စပ်တွင်ရှိသည့် နန့်ဖာလုံဈေးသည် မကြာခဏပြဿနာဖြစ်ပွားရာ နှစ်နိုင်ငံကုန်သွယ်မှုများ အထူးကျဆင်းသွားပြီး ဈေးသူဈေးသားများလည်း စီးပွားရေးထိခိုက်နစ်နာမှုများရှိခဲ့သော်လည်း ယခုအချိန်တွင် နယ်စပ်ကုန်သွယ်မှုများ ပြန်လည်ဖွင့်လှစ်ခြင်းကြောင့် နန့်ဖာလုံနယ်စပ်ဈေးသည် ပြန်လည်စည်ကားလာပြီဖြစ်သည်။

နန့်ဖာလုံဈေးသည် အိန္ဒိယ-မြန်မာနယ်စပ်ဖြစ်သောကြောင့် နှစ်ဖက်နိုင်ငံ၏ ဝယ်လိုအားကိုအားထားနေရပြီး အဆိုပါ နန့်ဖာလုံနယ်စပ်ဈေးသို့ အိန္ဒိယပစ္စည်းများအပြင် တရုတ်နိုင်ငံထုတ်ပစ္စည်းများပါ ဝင်ရောက်လျက်ရှိသဖြင့် ရောင်းသူဝယ်သူများဖြင့် စည်ကားလျက်ရှိသည့်ဈေးကြီး ဖြစ်သည်။

ကလေးမြို့နယ် ရေကြီးရေလျှံမှုကြောင့် ကလေးမြို့နှင့် တမူးလမ်းရှိတံတားများနှင့် လမ်းများပျက်စီးမှုရှိခဲ့သော်လည်း ယခုအချိန်တွင် လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်လာပြီး မြန်မာနိုင်ငံနယ်စပ်မြို့ဖြစ်သည့် တမူးမြို့နှင့် အိန္ဒိယနိုင်ငံနယ်စပ်မြို့ဖြစ်သည့် မိုးရေးမြို့တို့အကြားရှိ နန့်ဖာလုံနယ်စပ်ဈေးတွင် ကလေးမြို့နယ်မှ ကုန်သည်ကြီးများအတွက်လည်း ကူးသန်းရောင်းဝယ်မှုများ အဆင်ပြေလာပြီဖြစ်၍ ကုန်သွယ်မှုများ ပြန်လည်စည်ကားလာပြီဖြစ်ကြောင်း သိရသည်။ [ဂျူနိုင်း]

...မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး လူကူးတံတားဆောက်လုပ်

...ပ်လူကူးတံတား ကိုယ့်အားကိုယ်ကိုး ...မြို့နယ် ကံဘဲ့(၁၂) ရပ်ကွက်နေ ...ရွာမှ ဦးမျိုးမြင့်-ဒေါ်မိမိ မိသားစုမှ ... ၄ သောင်း၊ ရွာသူရွာသားများမှ ...ဘာ ဖွဲ့ဘာကျေးရွာအုပ်ချုပ်ရေးမှူး ...း ဦးစီးဦးဆောင်ပြီး ပြုလုပ်ကြောင်း ...တားကို ယခု အာစီတိုင်များဖြင့် ...ပေ၊ အမြင့် ၁၅ ပေ၊ ကြမ်းခင်း ဒု ခြောက်လက်မ၊ လက်ကိုင်းတန်းအမြင့် လေးပေတို့ကို သံပိုက်လုံးများဖြင့် ပြုလုပ်ထားသည့်အတွက် (အောက်ပုံ) အနီးရှိ ဝိုင်ကြံကျေးရွာကြီး အလယ်တန်းကျောင်း၊ အုန်းနဲ့ကျေးရွာရှိ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ၊ ရုံးသွားရုံးလာ၊ ရဟန်းသံဃာများ သွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက် ရည်ရွယ်၍ ဆောက်လုပ်ထားကြောင်း ဖွဲ့ဘာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က ပြောကြားခဲ့သည်။

ယင်းတံတားဖွင့်ပွဲအခမ်းအနားကို အလှူရှင်များ၊ ကျေးရွာသူ ကျေးရွာသားများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့်အတူ ရေစက်ချမင်္ဂလာပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ [သုလင်း-ဟံသာမြေ]

နယ်လှည့်ဆေးကုသအဖွဲ့ ကညွတ်ကွင်းမြို့၌ အခမဲ့ဆေးကုသ

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ အမျိုးသားကျန်းမာရေးကွန်ရက်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့်အတူ ကျန်းမာရေးဝန်ထမ်းတို့သည် စေတနာရှင်များ ကြီးမှူးသော အမေ့မေတ္တာကုသိုလ်ဖြစ်ဆေးခန်းနှင့် ပူးပေါင်းဆောင်ရွက်၍ အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ကညွတ်ကွင်းမြို့ အထက်တန်းကျောင်း၌ စမ်းသပ်ခြင်းလုပ်ငန်းများကို အခမဲ့ဆေးကုသမှုပေးခဲ့သည်။ (အပေါ်ပုံ)

ယင်းနယ်လှည့်ဆေးကုသရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာတင်မျိုးဝင်းနှင့်အတူ အထူးကုဆရာဝန်ကြီးများသည် ကညွတ်ကွင်းမြို့ပေါ်နှင့် ရပ်ဝေးရပ်နီးမှ ဆေးကုသမှုခံယူသူ ၁၅၀၀ တို့ လာရောက်ဆေးကုသမှုခံယူရာ အမေ့မေတ္တာကုသိုလ်ဖြစ်ဆေးခန်း စေတနာရှင်များနှင့် တောင်ငူခရိုင်မြို့ မေတ္တာရှင်အသင်းဝင်များက လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ [၅၂၀]

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့၌ တနင်္ဂနွေဓမ္မကျောင်းဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံမြို့ သာသနာနုဂ္ဂဟအသင်းကကြီးမှူးကာ ကွမ်းလုံမြို့ရှိ တိုင်းရင်းသားကလေးငယ်များကို ဗုဒ္ဓဘာသာအခြေခံနှင့် အနှစ်သာရ စစ်မှန်သောဘာသာတရား၊ ယဉ်ကျေးမှုနှင့် အခြားပြင်ပဗဟုသုတများ သိရှိလိုက်နာတိုးပွားစေရန် ရည်ရွယ်၍ တနင်္ဂနွေဓမ္မကျောင်းဖွင့်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်းတိုက်၌ ကျင်းပခဲ့သည်၊ (အပေါ်ပုံ)

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိကက ဩဝါဒချီးမြှင့်တော်မူသည်။ ထို့နောက် မန္တလေးမြို့ လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မဒီပဗုဒ္ဓစာပေ သင်တန်းကျောင်းမှ ဆရာကြီး ဒေါက်တာခင်မောင်ကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် မြို့နယ်သာသနာရေးမှူး ဦးကျော်မျိုးအောင်က သင်တန်းဖွင့်လှစ်မှုအခြေအနေများကို လျှောက်ထားတင်ပြကြသည်။

ဖွင့်ပွဲသို့ ကွမ်းလုံမြို့ သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကျော်သန်းထွန်းနှင့် အသင်းဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၁၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ယခုနှစ် အောက်တိုဘာလမှ ၂၀၁၄ ခုနှစ် ဖြေဂုတ်လအထိ ၁၀ လကြာ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ရေဦးမြို့နယ် ပန်းကုံးကျေးရွာ ၂၄ နာရီမီးလင်း မီတာအလုံးရေ ၂၀၂ လုံးအနက် ၁၅၅ လုံး တပ်ဆင်ပေးပြီး

ကျေးရွာမီးလင်းရေးသာမက လူနေမှုဘဝ မြင့်မားလာစေရေးအတွက် လျှပ်စစ်ပစ္စည်းများ သုံးစွဲနိုင်ရေးနှင့် နိုင်ငံတော်၏ မူဝါဒတစ်ရပ်ဖြစ်သော စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး စက်မှုနိုင်ငံ ထူထောင်နိုင်ရေးနှင့် စိုက်ပျိုးရေးအထောက်အကူပြု စိုက်ပျိုးထွက်ကုန်အခြေပြု အသေးစားအိမ်တွင်းစက်မှုလုပ်ငန်းများအတွက် စွမ်းအင်ထောက်ပံ့ပေးနိုင်ရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် ပန်းကုံးကျေးရွာတွင် ၂၄ နာရီ မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီက အဆိုပါကျေးရွာ သာသနာ့ဗလကျောင်းတိုက်၌ ကျင်းပသည်၊

ကျေးရွာမီးလင်းရေးအခမ်းအနားဖွင့်ပွဲကို ဆရာတော် ဦးဥတ္တမဉာဏ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညိုဝင်းနှင့် ဦးစိုးတင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒို့အား 315 KV ထရန်စဖော်မာ မိန်းခလုတ်ဖွင့်ကာ လျှပ်စစ်ဓာတ်အား စတင်ပေးလွှတ်ခဲ့သည်။

အဆိုပါကျေးရွာ မီးလင်းရေးအတွက် မင်းကွန်းတောင်ရိုး သီရိဇေတုန်းတော်နှင့် ကျောက်စာခင်လေးချောင်မှ ဆရာလေး ဒေါ်သုစာရီအမှူးပြုသော တပည့်ဒါယကာ၊ ဒါယိကာမများ၏ မတည်လှူဒါန်းငွေ ကျပ်သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၀၀၀ ကျော်တို့ဖြင့် ကျေးရွာမီးလင်းရေး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့ကြောင်း၊ မီတာအလုံးရေ ၂၀၂ လုံးအနက် ၁၅၅ လုံးအထိ တပ်ဆင်ပေးပြီး ကျန်မီတာများကိုလည်း အချိန်မီအသုံးပြုနိုင်ရေး ဆက်လက်တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်၊

(ခိုနောင်-မုံရွာ)

ပွင့်ဖြူမျိုးသန့်စံပြခြံရှိ ပုလဲသွယ်မျိုးစေ့ထုတ်စိုက်ကွင်းပြသ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မင်းဘူးခရိုင် ပွင့်ဖြူမျိုးသန့်စံပြခြံရှိ ပုလဲသွယ်မျိုးစေ့ထုတ် ၂၀ ဧက စိုက်ကွင်း၌ အောက်တိုဘာ ၁၈ ရက် နံနက် ၉နာရီတွင် ခရိုင်အတွင်းရှိ စပါးအဓိကစိုက်ပျိုးသော မင်းဘူး၊ ပွင့်ဖြူ၊ စလင်းမြို့နယ်များမှ စိုက်ပျိုးပညာပေးရေးဝန်ထမ်း ၇၁ ဦးနှင့် မျိုးစေ့ထုတ်လုပ်ခြင်းကို စိတ်ဝင်စားသော အကျိုးဆောင်တောင်သူ ၃၇ ဦးတို့က လာရောက်လေ့လာကြည့်ရှုကြသည်၊ ပုလဲသွယ်စပ်မျိုးစပါး ထုတ်လုပ်နည်းအဆင့်ဆင့်နှင့်ပတ်သက်၍ စိုက်ကွင်းတာဝန်ခံ ဒေါ်မို့မို့မြင့်ကြူကလည်းကောင်း၊ တောင်သူတစ်ဦးချင်းဝင်ငွေတိုးတက်ရေးနှင့် တိုင်းပြည်ရိက္ခာ ဆန်စပါးတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စပ်မျိုးစပါးအသုံးပြုရေးကို မင်းဘူးခရိုင်ဦးစီးမှူး ဦးကျော်ဝင်းကလည်းကောင်း စိုက်ကွင်းအား လက်တွေ့ပြသရှင်းလင်းခဲ့သည်၊ လာရောက်လေ့လာသောဝန်ထမ်းများနှင့် တောင်သူများက သိလိုသည်များကို မေးမြန်းပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်၊

အလားတူ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် စကု (၁)ရပ်ကွက်ရှိ တောင်သူ ဦးစိန်မောင်၏ ပုလဲသွယ် (၄)စပါး G.A.P စံပြကွက် (၅) ဧကစိုက်ကွင်း၌ မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၁၆ ရက်တွင် ကွင်းပြပွဲကို ပြုလုပ်ခဲ့သည်၊ ကွင်းပြပွဲသို့ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ ပွင့်ဖြူ၊ စလင်းမြို့နယ်များမှ အကျိုးဆောင်တောင်သူ ၄၇ ဦး၊ စိုက်ပျိုးပညာပေးဝန်ထမ်း ၆၄ ဦး စုစုပေါင်း ၁၁၁ ဦး တက်ရောက်လေ့လာခဲ့ကြပြီး ပုလဲသွယ်(၄)စပါး မျိုးစေ့ဖြန့်ဖြူးပေးသော International Sun Moon Star ကုမ္ပဏီမှ တာဝန်ခံ ဦးမြင့်အောင်က ပုလဲသွယ်(၄)စပါးစိုက်ပျိုးရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို လည်းကောင်း၊ တောင်သူ ဦးစိန်မောင်က ယခုကဲ့သို့ အောင်မြင်ဖြစ်ထွန်းအောင် လက်တွေ့ပျိုးထောင်စိုက်ပျိုးခဲ့မှုများကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူး ဦးကျော်ဝင်းက တောင်သူတစ်ဦးချင်းဝင်ငွေတိုးတက်ရရှိစေရန်နှင့် ဆန်စပါးရိက္ခာစိုက်ပျိုး ထုတ်လုပ်မှုတိုးမြင့်လာစေရန် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးကြရေးတို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ (အပေါ်ပုံ)

(သန်းဌေး-IPRD)

မန္တလေးရှေ့ရတနာဆိုင်
9:00 am to 6:00pm { အမှတ်(၂၀၅)၊ မဟာဗန္ဓုလလမ်း နှင့် ရွှေဘုံသာလမ်းထောင့် ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၂၅၃၃၂၇၊ ၀၁-၃၈၂၀၄၇
9:00 am to 8:00pm { အမှတ်(၁၈)၊ Junction Square Shop House ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၃၀၄၃၃၄၊ ၀၁-၂၃၀၄၃၃၅

အမျိုးသားဥယျာဉ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအား ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစစ်တမ်းကောက်ယူ

မောင်သစ်တော

ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါမှန်သမျှသည် ပတ်ဝန်းကျင်ကို အမှီသဟဲပြုနေကြရပါသည်။ သက်ရှိသက်မဲ့တို့ အပြန်အလှန်အမှီသဟဲပြုနေခြင်းကို ဂေဟစနစ်ဟုခေါ်ပါသည်။ ယခုအခါ လူသားများ၏ မဆင်မခြင်လုပ်ရပ်များကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ တဖြည်းဖြည်းယိုယွင်းပျက်စီးလာလျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်မျှတမှုသာလျှင် ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ပေါက်ပွားကြပါမည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် ဒေသခံပြည်သူလူထုမှ သိရှိနားလည် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊ ပြည်သူတို့အတွင်း နိုးကြားတက်ကြွသည့်အသိ ရှင်သန်စေခြင်းများသည် အရေးကြီးသောအချက်များဖြစ်ပါသည်။

သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်အောက်ရှိ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများမှ ဝန်ထမ်းများသည် ဒေသခံပြည်သူများအား ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲများပြုလုပ်လျက်ရှိရာ ဩဂုတ်လအတွင်းက မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဝန်ထမ်းများသည် ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဘေးမဲ့တောထိန်းသိမ်းရခြင်းရည်ရွယ်ချက်၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဥပဒေများအကြောင်းနှင့် မိကျောင်းအန္တရာယ်သတိပေးခြင်းများ ပညာပေးဟောပြောခဲ့သည်။

မိန်းမလှကျွန်းအနီးရှိ အနောက်လပိုင်းကျွန်းကျေးရွာ စာသင်ကျောင်းတွင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် မိကျောင်းအန္တရာယ်သတိပေးဟောပြောစဉ်။

ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးပညာပေးမှုနှင့် သစ်တောသယံဇာတမှီခိုမှု စစ်တမ်းကောက်ယူမှုကို တွေ့ရစဉ်။

ထို့အပြင် ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဝန်ထမ်းများသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုရရှိရန်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ထိန်းသိမ်းရေးဆိုင်ရာများအား သိမြင်နိုးကြားမှု မြင့်တက်လာစေရန်ရည်ရွယ်၍ ဘေးမဲ့တောဝန်းကျင်ရှိ ချောင်းဆုံ၊ ခိုနန်း၊ ဝန်လို၊ ဆည်တော်၊ ရေယာဉ်၊ ပေပင်၊ ကျွဲတံခါး၊ မအူပင်ကျေးရွာများတွင် ပညာပေးဟောပြောပွဲများနှင့်အတူ ဒေသခံပြည်သူများ၏ သစ်တောသယံဇာတအပေါ် မှီခိုမှုစစ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူ ၂၅၉ ဦးအား မေးမြန်းခဲ့ကြောင်းသိရသည်။

တစ်ဆက်တည်းတွင် ကချင်ပြည်နယ် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှ ဝန်ထမ်းများသည် ပူတာအိုမြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ပူတာအိုမြို့နယ် လယ်မယ်ဝါရီကျေးရွာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် တောရိုင်းတိရစ္ဆာန်များ တရားမဝင်ကုန်သန်းရောင်းဝယ်မှု တားဆီးရေး ပညာပေးဟောပြောပွဲများ ကျင်းပခဲ့ရာ ဒေသခံပြည်သူ စုစုပေါင်း ၁၆၀ ဦး တက်ရောက်ခဲ့သည်။



မြန်မာတိုင်းရင်းဆေးခန်းသုံး တိုင်းရင်းဆေးဖုံများ၏ အရည်အသွေး စံချိန်စံညွှန်း

ကျန်းမာရေး



ရှမ်းပြည်နယ်

အမျိုးသားဥယျာဉ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအား ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစစ်တမ်းကောက်ယူ

ပြည်တွင်းရေးရာ

လူမှုဘဝနှင့် ပတ်ဝန်းကျင်ကို များစွာထိခိုက်လာသောဓာတ်ငွေ့များ

ကျွန်တော်တို့တစ်တွေသည် မသန့်စင်သောလေကို တစ်ရက်တည်းရှူရှိုက်နေပါက (Short term exposure) ပြဿနာမရှိပေမယ့် နေ့စဉ်ရက်ဆက်ရှူရှိုက်(Long term exposure) လာပါက ကျန်းမာရေးချို့တဲ့လာနိုင်ပေသည်။

မော်တော်ယာဉ်မှ ဖြစ်စေ၊ စက်ရုံအလုပ်ရုံများမှဖြစ်စေ ထုတ်လွှတ်လိုက်သည့် မည်သည့်ဓာတ်ငွေ့မျိုးမဆို အဓိကအားဖြင့် ဖြစ်ပေါ်လာရာ အရင်းအမြစ်(Source)နှင့် ပျောက်ကွယ်သွားမှု (Sink)တို့ကို ကောင်းစွာတိုင်းတာသဘောပေါက်ရန် အလွန်အရေးကြီးလှသည်။ ထို့အတူ ထုတ်လွှတ်လိုက်သည့် ဓာတ်ငွေ့များ၏ သက်တမ်း (Lifetime)ကိုနားလည်သိရှိရန်လည်း လိုအပ်ပါသည်။ ၎င်းအချက်သုံးချက်သည် လေထုညစ်ညမ်းမှု ဖြစ်၊ မဖြစ် တိုင်းတာရာတွင် ဦးစွာပထမ ထည့်သွင်းစဉ်းစားရမည့်အရာများ ဖြစ်ပေသည်။

ဓာတ်ငွေ့ဟုဆိုရာတွင် လူသား၊ တိရစ္ဆာန်နှင့် သစ်ပင်တို့ ရှင်သန်ကြီးထွားရာတွင် အကျိုးပြုသည့် ဓာတ်ငွေ့များရှိသလို ဘေးဥပဒ် ဖြစ်စေသော ဓာတ်ငွေ့များစွာရှိသည်။ ၎င်းဓာတ်ငွေ့များထုတ်လွှတ်သည့် အရင်းအမြစ်များကို ပတ်ဝန်းကျင်အပေါ် ထိခိုက်ပျက်စီးမှုသုံးသပ်ခြင်း EIA (Environmental Impact Assessment) နှင့် လူမှုဘဝအပေါ် ထိခိုက်ပျက်စီးမှုသုံးသပ်ခြင်း SIA (Social Impact Assessment) တို့ကို စနစ်တကျစီမံဆောင်ရွက်ရမည်။ လေထုညစ်ညမ်းမှုဖြစ်စေသည့် ဓာတ်ငွေ့များမှ အစပြု၍ လူမှုဘဝနှင့် ပတ်ဝန်းကျင်အပေါ် များစွာထိခိုက်လာသော အရာများကို မပြောသေးခင် ဖန်လုံအိမ်ထုတ်လွှတ်သည့်ဓာတ်ငွေ့များ(Green House Gases)ကို ဦးစွာတင်ပြချင်သည်။ ဖန်လုံအိမ်အာနိသင်ဖြစ်ပေါ်စေသည့် တိုက်ရိုက်အကျိုးသက်ရောက်စေသည့် တိုက်ရိုက်ထုတ်လွှတ်ဓာတ်ငွေ့များတွင် CO_2, CH_4, N_2O, HFCs, PFCs နှင့် SF_6 တို့ ပါဝင်သည်။ ထို့အတူ ဖန်လုံအိမ်အာနိသင်ဖြစ်ပေါ်စေသည့် သွယ်ဝိုက် အကျိုးသက်ရောက်စေသည့် သွယ်ဝိုက်ဓာတ်ငွေ့များဖြစ်သည့် NO_x, CO, Non Methane Volatile Organic Compounds (NMVOC) နှင့် SO_2 တို့ဖြစ်သည်။ ဖန်လုံအိမ်အာနိသင်ဖြစ်ပေါ်စေသည့် သွယ်ဝိုက်သောနည်းဖြင့် အကျိုးသက်ရောက်စေသည့် သွယ်ဝိုက်ဓာတ်ငွေ့ဆိုသည်မှာ တခြား ဓာတ်ပစ္စည်းများနှင့် ဓာတ်ပြုကာ တိုက်ရိုက်ထုတ်လွှတ်သည့် ဓာတ်ငွေ့အဖြစ် ပြောင်းလဲသွားခြင်းဖြစ်သည်။ ၎င်းဓာတ်ငွေ့များသည် ၎င်းတို့၏ သက်တမ်း (Lifetime)အရ လေထုအတွင်း တည်ရှိကာ အိုဇုန်းလွှာရှိ အိုဇုန်းပမာဏကို လျော့ပါးစေသည်။

ဓာတ်ငွေ့များ၏ အရွယ်အစားကိုလိုက်ကာ လူသားများအတွက် ဘေးအန္တရာယ်ဖြစ်စေပါသည်။ အရွယ်အစားကို ယေဘုယျအားဖြင့် လေးမျိုးခွဲခြားနိုင်သည်။ Suspended Particulate Matter (SPM), သဲမှုန့်အရွယ်အမှုန် 100µmခန့် Respirable Suspended Particle(RSP,အသက်ရှူထုတ်နိုင်သောလုပ်ငန်းတာဝန်လုပ်ဆောင်သော ကိုယ်တွင်းအင်္ဂါများထိရောက်ရှိနိုင်သော အမှုန် 10µm အရွယ်အစား၊ PM10 ဟူ၍လည်းခေါ်ဆို)၊ fine particles (သေးမှုန်သောအမှုန်၊ 2.5µm နှင့် အောက် PM2.5 ဟူ၍ခေါ်ဆို)နှင့် ultrafine particles (အနုစိတ်သော အမှုန် 0.1µm ထက် သေးငယ်သောအမှုန်)တို့ဖြစ်သည်။

ISO 9001:2008
ISO 14001:2004

သည်းခြေအိတ်နှင့် သည်းခြေကျောက်များကိုမှန်ပြောင်းသုံး၍ခွဲစိတ်ကုသခြင်း၊ အူကျွံပေါက်ကို ဖာထေးခြင်းဖြင့် အူကျွံနာကို ခွဲစိတ်ပြုပြင်ခြင်း၊
လိပ်ခေါင်းရောဂါ ခွဲစိတ်ကုသခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းကင်ဆာများကို ခွဲစိတ်ကုသခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းကို မှန်ပြောင်းဖြင့် စစ်ဆေးခြင်း၊
အခြားအထွေထွေခွဲစိတ်ကုသခြင်း များကိုနောက်ဆုံးပေါ်နည်းပညာများအသုံးပြု၍
ပူးပေါင်း၍ ၄ ၁၀ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ပါသည်